# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၈၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ တနင်္ဂနွေနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# အနုပညာလောကသားအားလုံး နိုင်ငံတော်သစ်ချီတက်ရာ၌ မိမိတို့စွမ်းပကားဖြင့် တစ်တပ်တစ်အားပါဝင်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များအား ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁*

> “မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့် ကွဲပြားခြားနားသည့် ဘာသာတရားများကို သေးသိမ်စေမည့်၊ နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် တင်ပြမှုမျိုးများ ဖြစ်မလာအောင် အသိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်များဖြင့် ကာကွယ်တားဆီးကြရမည် ဖြစ်ပါကြောင်း။”



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဝါရင့်သက်ကြီး ပညာရှင်ကြီးများနှင့် အနုပညာရှင်များကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

# ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေး ၉၄ ရာခိုင်နှုန်း ပြီးစီး



**ဘိုကလေး ဇူလိုင် ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ကတည်ဆောက်နေသည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းပေါ်ရှိ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းမှာ ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ ဘိုကလေးမြစ်ကူးတံတားကြီးသည် ဘိုကလေးမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့ကို ဆက်သွယ်ပေးထားပြီး တံတားအရှည် ၄၀၀၅ ပေ ၃ လက်မ (၁၂၂၀ ဒသမ ၈၅ မီတာ)၊ တံတားအကျယ်ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေစီပါရှိကာ ပင်မတံတား အောက်ခံအုတ်မြစ်မှာ ၁ဒသမ ၅ မီတာ Bored Pile အမျိုးအစား၊ တံတားကိုယ်ထည်

*စာမျက်နှာ ၇ ကော်လံ ၄*

## ယနေ့ မာတိကာ


တရုတ်မှဆန်ဝယ်လိုအားများ၊ ကလေး၌ဆန်စျေးအနည်းငယ်တက် — စာ - ၃

ထင်လွယ်မြင်လွယ် – ၁ (ဆောင်းပါး) — စာ - ၆

အိန္ဒိယ – မြန်မာကုန်သွယ်ရေးလမ်းပိုင်းဖြစ်သော တီးတိန် – ရိဒ်လမ်းပိုင်းကို ငွေကျပ် ၁၅၅ သန်းဖြင့်အဆင့်မြှင့်တင်ဆောင်ရွက်မည် — စာ - ၉





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကင်ဆာရောဂါကုသနိုင်မည့်အခွင့်အလမ်း

လူတို့၏နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ ကင်ဆာရောဂါဖြစ်ပွားမှုမှာလည်း တိုးပွားလာလျက်ရှိပါသည်။ ကင်ဆာရောဂါသည် ကြောက်စရာကောင်းသောရောဂါတစ်မျိုးဖြစ်သော်လည်း ဆောလျင်စွာကုသမှုခံယူနိုင်လျှင် သက်တမ်းစေ့နီးပါး နေထိုင်နိုင်ပါသည်။ သို့သော် ရောဂါအမြစ်တွယ် ရင့်ကျက်သွားလျှင်မူ ကုသရန်ခက်ခဲပါသည်။ ကင်ဆာရောဂါရှိ မရှိ စစ်ဆေးမှုခံယူခြင်းဖြင့် ကင်ဆာဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်နိုင်ကြောင်း ပညာရှင်တို့က အသိပေးထားပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ကင်ဆာရောဂါကို ဓာတ်ရောင် ခြည်ဖြင့်ကုသနိုင်သည့်ဆေးရုံကြီးများရှိရာတွင် ယခင်က ကင်ဆာဝေဒနာရှင်တစ်ဦးသည် ကင်ဆာဝေဒနာကို ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူပါက မိမိအလှည့်ရောက်ရန် အချိန်တစ်လခွဲမှ လေးလခန့်အထိ ကြာတတ်ပါသည်။ ယခုအခါ ဆေးရုံကြီးလေးခုတွင် ဓာတ်ရောင်ခြည်စက်များတိုးချဲ့တပ်ဆင်နေပြီဖြစ်၍ အချိန်စောင့်ဆိုင်းရမှုများ သက်သာလျော့နည်းလာပြီး ကင်ဆာဝေဒနာရှင်များအား ထိထိရောက်ရောက်ကုသပေးနိုင်တော့မည်ဖြစ်ပါသည်။ ကင်ဆာရောဂါကို ဓာတ်ရောင်ခြည်ဖြင့် ကုသပေးနိုင်သည့် ဆေးရုံကြီး များသည်ကား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့်တောင်ကြီး မြို့များရှိ ဆေးရုံကြီးများ၌ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဧပြီလမှစပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် **Linear Acclerator** စက်အသစ်တစ်လုံး ထပ်မံတပ်ဆင်အသုံးပြုနိုင်ခဲ့သဖြင့် တစ်လလျှင် လူနာ ၈၀ ခန့် ထပ်တိုးကုသမှုပေးနိုင်ပြီဖြစ်ပါသည်။ ယခင်ကထက် စောင့်ဆိုင်းရချိန်များလျော့နည်းသွားမည်ဖြစ်ပါသည်။ ယခုအခါ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင်လည်း ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာကုသနိုင်ပြီဖြစ်၍ မြန်မာနိုင်ငံတွင် ဓာတ်ရောင်ခြည် ဆေးကုသဌာနလေးခုအထိရှိလာပြီဖြစ်ပါသည်။ လူနာများအနေဖြင့် မိမိတို့နီးစပ်ရာ ဆေးရုံများတွင် သွားရောက်ကုသနိုင်မည်ဖြစ်ပါသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါကုဓာတ်ရောင်ခြည်စက် တပ်ဆင်ပေးနိုင်မှုကြောင့် နေ့စဉ် လူနာ ၃၀ မှ ၅၀ အထိ ကုသနိုင်ပြီဖြစ်ကြောင်း သိရပါသည်။ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင်လည်း နေ့စဉ်လူနာ ၁၀ ဦးခန့်ကုသပေးနိုင်ပြီဖြစ်ပါသည်။ အလားတူ တောင်ကြီးစဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင်လည်း **Linear Acclerator** စက်တပ်ဆင်မှု ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မကြာမီ ကင်ဆာဝေဒနာရှင်များအား ကုသပေးနိုင်တော့မည်ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကုသနိုင်သည့် ဓာတ်ရောင်ခြည်စက်များ တိုးချဲ့တပ်ဆင်အသုံးပြုလာနိုင်သည့်အတွက် ကင်ဆာရောဂါကို ထိရောက်စွာကုသပေးနိုင်တော့မည်ဖြစ်ပါသည်။ ကင်ဆာရောဂါသည် ကြောက်စရာကောင်းသည်ဆိုသော်လည်း ထိရောက်သော ကုသမှုများခံယူနိုင်မည်ဆိုပါက အန္တရာယ်စိုးရိမ်ဖွယ်ရာများ လျော့ပါးသက်သာလာမည်ဖြစ်ပါသည်။ ကင်ဆာရောဂါကုသနိုင်သည့် အခွင့်အလမ်းများ တိုးပွားလာပြီဖြစ်ပါကြောင်း။ ။

**ပြည်တွင်းသတင်း**

# မိုင်းကိုင်တွင် ဓမ္မစကြာအခါတော်နေ့၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ



**မိုင်းကိုင်း ဇူလိုင် ၁၂**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်း ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ရှမ်းရိုးရာဓလေ့ဆွမ်းတော်ကြီး လှူဒါန်းပွဲများ၊ ဥပုသ်သီလစောင့် သက်ကြီးရွယ်အိုများကို ပန်းပေါက်ပေါက်လက်ဖက်ထုပ်များဖြင့် ဆွမ်းတော်ကြီးအလှူပွဲသို့ ကြွရောက်ရန် လိုက်လံဖိတ်ကြားသည့် အဖွဲ့များ၊ တန်ခိုးကြီးဘုရား တစ်ဆူဖြစ်သော သမိုင်းဝင် ရွှေမြင်ထင်မွေတော် ဘုရားသို့ ဝါဆိုပန်း သွားရောက်ဆက်ကပ်လှူဒါန်းကြသော ရှမ်းလူငယ်မောင်မယ်များ၊ ဥပုသ်သီလစောင့် သက်ကြီးရွယ်အိုများ စသည့် ဗုဒ္ဓဘာသာဝင်များ၏ ကြည်ညိုဖွယ်ရာ ကောင်းမှုကုသိုလ်ပြုမှုများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ပဲခူးမြို့ ဈေးပိုင်း ၁၈ လမ်းပေါ် ရေကြီးရေဝပ်နေမှု ပြုပြင်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**



ပဲခူးမြို့ဈေးပိုင်း ညောင်ဝိုင်း ၁၈ လမ်းတွင် မိုးရွာတိုင်းလမ်းပေါ် ရေစီးဆင်းမှုမရှိဘဲ ရေကြီးရေဝပ်နေသဖြင့် လမ်းသွားလမ်းလာများ သွားလာရေးအခက်အခဲ ဖြစ်နေကြသည်ဟု အဆိုပါလမ်းတွင် ဈေးရောင်းနေသူများက ဆိုသည်။

အဆိုပါလမ်းသည် ရန်ကုန်-မန္တလေးလမ်းမကြီး ဖြတ်သန်းရာကားလမ်းမကြီး၏ ပဲခူးမြို့လယ်မြို့မဈေးကြီး၏အနီးတွင် တည်ရှိပြီး ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားသော နေရာလည်းဖြစ်ကြောင်း၊ မိုးရွာပြီးတိုင်း လမ်းပေါ်ရေအိုင်တန်းကြီးဖြစ်နေ၍ လူနေဆိုင်ခန်းများဘေးမှ လျှောက်နေရခြင်း၊ လမ်းပေါ်မှ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားတိုင်း ရေစဉ်မည်ကို ရှောင်ကွင်းသွားနေရခြင်း၊ အချို့ဆိုလျှင် အနီးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဖြတ်သန်းသွားနေရခြင်းများ မြင်တွေ့နေရကြောင်း၊ သို့ဖြစ်ရာ ပဲခူးတိုင်းဒေသကြီး၏မြို့တော် ပဲခူးမြို့လယ်ပိုင်းရှိ ရေကြီးရေဝပ်နေပြီး ရေစီးရေလာနည်းနေသော ညောင်ဝိုင်း ၁၈ လမ်းကို သက်ဆိုင်ရာမှ ပြုပြင်ပေးစေလိုသည်ဟု ယင်းလမ်းပေါ် နေ့စဉ် ဖြတ်သန်းသွားလာနေရသူများက ဆိုသည်။

**ခင်ဆိုင်**

# မလှိုင်မြို့နယ်၌ နှမ်းပင်များ ဖြစ်ထွန်းအောင်မြင်

**မလှိုင် ဇူလိုင် ၁၂**

မလှိုင်မြို့နယ်တွင် စပါး၊ ပဲ၊ နှမ်း၊ ဝါစသည့် စိုက်ပျိုးသီးနှံများကို စိုက်ပျိုးကြသကဲ့သို့ တစ်ပိုင်တစ်နိုင် မွေးမြူရေးအနေဖြင့် ကြက်၊ ဝက်၊ သိုး၊ ဆိတ်များမွေးမြူကြသည်။ တိုင်းဒေသကြီး အစိုးရအနေဖြင့် ရေတွင်းရေကန်များ ဆောက်လုပ်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် မိုးကိုမျှော်သော်လည်း ရေတွင်းရေကန်များကို အားကိုးပြီး စိုက်ပျိုးနေကြသည်ဟု သိရသည်။ ဇွန်လအတွင်း၌ပင် မိုးရွာသွန်းခဲ့သဖြင့် စိုက်ပျိုးတောင်သူများသည် ထွန်ရေးပြင် စိုက်ကြပျိုးကြရာ သီးနှံများအနက် နှမ်းပင်များအောင်မြင်ဖြစ်ထွန်းကြသည်ဟုသိရသည်။

ကြက်ဖြူကျေးရွာအုပ်စုမှ နှမ်းစိုက်တောင်သူတစ်ဦးက "စိုက်ပျိုးသီးနှံများအနက် နှမ်း၊ မြေပဲ၊ ကြက်သွန်တို့ကို အဓိက ဦးစားပေး စိုက်ပျိုးကြတာပါ။ မလှိုင်မြို့နယ်မှာ ယခင်လတွေက မိုးခေါင်တာမို့ တောင်သူများဟာ အမြတ်ထက် အရင်းရဖို့ကို မနည်းစိုက်ပျိုးကြရတာပါ။ ဇွန်လအတွင်း ရွာသွန်းခဲ့တဲ့မိုးကြောင့် နှမ်းဟာ အောင်မြင်ပါတယ်။ ယခုလ မိုးကို တောင်သူအများမျှော်နေရပါတယ်၊ နှမ်းစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးတဲ့ အချိန်မှစ၍ ရိတ်သိမ်းသည့်အချိန်ထိ မိုးကို မျှော်နေရပါတယ်" ဟု ပြောပြသည်။

**ကျော်ကျော်(မလှိုင်)**





## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ခရိုင်စီမံကိန်းဦးစီးရုံး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသောဆောက်လုပ်ရေး၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ထုတ်ယူမည့်ရက်** - ၁၈-၇-၂၀၁၄ ရက်

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရက်** - ၁၅-၈-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၃-၈-၂၀၁၄ ရက်

၅။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဟားခါးမြို့

၆။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၇၀-၂၁၆၀၁သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**





## ပြည်တွင်းသတင်း

# အဆင့်မြင့်ကွန်ဒိုမီနီယံအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

KHG Development ၏ Infinity အဆင့်မြင့်ကွန်ဒိုမီနီယံ အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ် ၇၇ ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

မင်္ဂလာအခမ်းအနားတွင် KHG Development မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းဗညားက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် KHG Development ၏ တာဝန်ရှိသူများက Piling Machine အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားလိုအပ်သည့် ကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် KHG Development ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် Piling Machine ဖြင့် Piling ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါအဆင့်မြင့်ကွန်ဒိုမီနီယံမှာ အထပ်ပေါင်း ၂၈ ထပ် ပါဝင်မည်ဖြစ်ပြီး အခန်း ၁၄၈ ခန်းဖြင့် ဖွဲ့စည်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးသစ်လင်းအုန်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင် ၈ ရက်တွင် ပေကျင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (11th CAEXPO) ကို ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဖိတ်ကြားလာသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်မှစတင်၍ ၎င်းပြပွဲသို့ နှစ်စဉ်ပါဝင်ပြသခဲ့ရာ ၂၀၁၂ ခုနှစ် (၉)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် (Country Of Honor) ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် အောင်မြင်စွာ ပြသနိုင်ခဲ့ပြီး ဆုတံဆိပ်များ ရရှိခဲ့သည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ တည်ထောင်ရေးကို အထောက်အကူပြုရန်နှင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ၎င်းပြပွဲနှင့်အတူ တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (China-ASEAN Business & Investment Summit -CABIS) ကိုလည်း ပူးတွဲကျင်းပသည်။ အဆိုပါကုန်စည်ပြပွဲတွင် နှစ်လိုဖွယ်ရာမြို့တော် (City of Charm) ခန်းမဆောင်ကို ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှစတင်၍ ပြသခဲ့သည်။ ယခုနှစ်အတွက် နှစ်လိုဖွယ်ရာမြို့၏ ဆောင်ပုဒ်မှာ "တရုတ်-အာဆီယံ ဆိပ်ကမ်းမြို့များအကြား ရေကြောင်းဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီး တည်ဆောက်ရေး" (Building 21th century Marine Silk Road to enhance maritime connectivity and the cooperation among China-ASEAN ports cities) ဖြစ်သဖြင့် မြန်မာနိုင်ငံမှ ရည်ရွယ်ချက်နှင့် ကိုက်ညီသော ရန်ကုန်မြို့ (သီလဝါဆိပ်ကမ်း)အား ရွေးချယ်၍ ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ညီနောင်အသင်းများ၊ သမဝါယမအသင်းများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့မှ နှစ်စဉ် သွားရောက်ပြသခဲ့သည်။

ယခုနှစ်ပြပွဲသို့ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမယ်သစ် ပို့ကုန်အလားအလာရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခြားစိတ်ဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ပြပွဲသို့ ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၂၃၉ ၊ Email:moctradefair@gmail.com နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြပွဲဌာန ဖုန်း-၀၁-၂၁၄၃၄၄ တို့သို့ ဇူလိုင် ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❑ *ကျောဖုံးမှ*

ထို့အတူ အိမ်ခြံမြေငှားရမ်းမှုများလည်း တိုးမြင့်လာနိုင်မည်ဖြစ်ရာ အငှားဈေးနှုန်းများ မြင့်တက်လာဖွယ်ရှိနေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ပမှ စီးပွားရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်မှုများကြောင့် နှစ်ကာလရှည် လာရောက်နေထိုင်လုပ်ကိုင်မည့် နိုင်ငံခြားသားဦးရေမှာလည်း တိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိ လာရောက်နေထိုင် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအများစုမှာ ရန်ကုန်မြို့တွင် နေထိုင်သူများဖြစ်ပြီး ကာလရှည်နေထိုင်ခွင့်ပြုပါက ရန်ကုန်မြို့တွင် အများဆုံး နေထိုင်လုပ်ကိုင်ဖွယ်ရှိကြောင်း သုံးသပ်လျက်ရှိသည်။

**(မြန်မာ့အလင်း)**

❋ *ကျောဖုံးမှ*

၂၈ မိနစ်တွင် ဆယ်လာက ခေါင်းတိုက်ပြီး ပြန်လည်ချေပခဲ့သည်။ ၄၉ မိနစ်တွင် ဖွန်ဆီကာက ရတနာပုံအသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သော်လည်း ၇၁ မိနစ်တွင် မာဒန်ဂူက မကွေးအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။

ရတနာပုံအသင်းမှာ ၃၁ မှတ်ဖြင့် ထိပ်ဆုံးတွင်ဦးဆောင်နေပြီး နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည့် လက်ရှိ ချန်ပီယံ ရန်ကုန်အသင်းမှာ ၂၇ မှတ်ဖြင့် ဒုတိယနေရာသို့ ရောက်ရှိလာသည်။

**(ပေါင်းလောင်းကွင်း)**

ဧရာဝတီ - နှစ်ဂိုး
(နန္ဒလင်းကျော်ချစ်နှင့်ဆာဆာ)
နေပြည်တော် - တစ်ဂိုး
(ဂျောင်)

**(အောင်ဆန်းကွင်း)**

ရန်ကုန် - နှစ်ဂိုး
(ခင်မောင်လွင်နှင့်ဆီဇာ)
GFA -ဂိုးမရှိ

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

ချင်းယူနိုက်တက် - ဆောက်သမ်း

**(အောင်ဆန်းကွင်း)**

ကမ္ဘောဇ - မနောမြေ

# ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)ဖွင့်

**မန္တလေး ဇူလိုင် ၁၂**

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (မန္တလေးဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် ၂၇ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အဆိုပါဘဏ်ရှေ့ မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဦးသိန်းဇော်၊ ဘဏ်ခွဲမန်နေဂျာနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဘဏ်ဒုတိယဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မန္တလေးဘဏ်ခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဖိတ်ကြားထားသူများသည် ဘဏ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြကြောင်းနှင့်ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဘဏ်နှင့်ချိတ်ဆက်၍ လုပ်ကိုင်နေသော ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် ငွေလွှဲငွေပို့ခြင်းကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပေါင်း ၆၆ မြို့တွင် ဖွင့်လှစ်ထားရှိပြီး ငွေလွှဲငွေပို့ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**



မကွေးအသင်းတိုက်စစ်ကို ရတနာပုံနောက်ခံလူများ ကာကွယ်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်



# တရုတ်မှဆန်ဝယ်လိုအားများ၊ ကလေး၌ဆန်ဈေးအနည်းငယ်တက်

**ကလေး ဇူလိုင် ၁၂**

"ကလေးမြို့ရဲ့ ဆန်ဈေးနှုန်းက ယခင်ကဆိုရင်(၂၄)ပြည်ပါ တစ်အိတ်ကို ဧရာမင်း(သန့်)ဆို ၂၅၀၀၀ ဝန်းကျင်ဖြစ်ခဲ့ရာမှ ယခုဆိုရင် ငွေကျပ် ၂၇၀၀၀ အထိဈေးရှိနေပါတယ်။ ဆန်ဈေးနှုန်းတွေက အိမ်နီးချင်း တရုတ်နိုင်ငံက ဝယ်လိုအားများနေတာကြောင့် အနည်းငယ်တက်သွားတယ်လို့ ပြောလို့ရပါတယ်"ဟု ထိုမာကျေးရွာမှ ဆန်ပွဲစား ဦးမျိုးတင့်က ပြောသည်။

"ထိုမာကျေးရွာဆန်စက်တွေက နေပြီးတော့ တစ်နေ့ကို ၁၂ ဘီးကားသုံးစီးခန့် မုံရွာ၊ မန္တလေးမြို့ကြီးတွေကို ပို့ပေးနေရပါတယ်။ ၁၂ ဘီးကားဆိုရင် ဆန်အိတ် ၃၅၀ တင်နိုင်ပါတယ်။ ဆန်စက်ကြီးဆိုရင် တစ်နေ့ကုန်လည်မည်ဆိုပါက ဆန်တင်းပေါင်း ၂၂၀၀ ကျော်ကျပါတယ်။ မန္တလေး၊ မုံရွာတို့ဆိုရင်တော့ ဧရာမင်းကို အပို့များပြီး ချင်းတောင်ပေါ်ဆိုရင်တော့ ရွှေတိုးတို့၊ မနောသုခတို့ကိုပို့ပေးရပြီး ချင်းတွင်းမြစ်အထက်ပိုင်း မော်လိုက်၊ ဖောင်းပြင်၊ နန့်တောတို့မှော်ဒေသတွေဆိုရင်တော့ ဆန်ကြမ်းတွေတင်ပို့ပေးရပြီး ချင်း-၃ဆိုတဲ့ ဆန်တွေတင်ပို့ပေးရပါတယ်" ဟု ၎င်းကပင် ဆက်လက်ပြောပြသည်။

"မန္တလေး၊ မုံရွာတို့ဘက်ကို ယခုတလောတော်တော်လေး ပို့ပေးနေရတယ်။ တရုတ်ကဝယ်တယ်လို့ ပြောတာပဲ။ တစ်ရက်တစ်ရက်ကို ၁၀ ဘီးကားတွေ၊ ၁၂ ဘီးကားတွေ ငါးစီးခြောက်စီးလောက်ထွက်မယ်လို့ ထင်ပါတယ်။ ဆန်ဈေးလေးကလည်း နည်းနည်းမြင့်လာတော့ တောင်သူတွေကလည်း ရောင်းချင်လာတယ်။ နောက်ပြီးတော့ မိုးရာသီလည်းရောက်လာပြီလေ၊ စပါးတွေပြန်စိုက်ကြတော့မယ်။ စပါးစိုက်ဖို့အတွက် သွင်းအားစုတွေ ဝယ်နိုင်ဖို့ ထုတ်ရောင်းလာကြတာလည်းဖြစ်နိုင်တယ်။ တရုတ်နိုင်ငံက ဗီယက်နမ်ဆန်တွေကို မဝယ်တော့ဘဲနှင့် မြန်မာနိုင်ငံကဆန်တွေကို ဝယ်တာကြောင့် ဆန်ဈေးတွေအနည်းငယ်တက်လာတာလည်းဖြစ်နိုင်တယ်"ဟု ကလေးမြို့ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကလေးမြို့တွင် ယခင်က စပါးတစ်တင်း ဧရာမင်းငွေကျပ် ၆၅၀၀ ကျပ်ရှိရာမှ ယခု ၇၀၀၀ ဈေးရှိပြီး ပေါ်ဆန်းတစ်တင်း ကျပ် ၅၂၀၀ ဈေးရှိရာမှ ယခု ကျပ် ၅၅၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**သျှင်နေမင်း**

# သံတောင်ကြီးပြန်/ဆက်သို့ စာအုပ်များလှူဒါန်း

**သံတောင်ကြီး ဇူလိုင် ၁၂**

ဇူလိုင် ၃ ရက် မွန်းတည့် ၁၂ နာရီက သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စာအုပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌကိုယ်စား ဒေါ်အဲလိဇဘက်ဘကိုက အမှာစကားပြောကြားပြီး စာအုပ်များ လှူဒါန်းပေးအပ်ခဲ့ရာ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ယဉ်ယဉ်အေးက လက်ခံယူပြီး သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး စောတီမသေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်းသော စာအုပ်များမှာ အမျိုးသမီးရေးရာနှင့် ပတ်သက်သော စာအုပ်များ၊ ဝတ္ထု ၁၇ အုပ်၊ မဂ္ဂဇင်း ခြောက်အုပ်၊ ကျောင်းဆရာကိုင် English Grammar နှစ်အုပ် စုစုပေါင်း အုပ် ၃၀ ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး စောတီမသေ၏ ပြောကြားချက်အရ သိရသည်။ **ကိုတီ(iprd)**

နိုင်ငံတကာသတင်း

# ကမ္ဘာ့ဖလားဗိုလ်လုပွဲ လုံခြုံရေး ၂၅၀၀၀ ဖြန့်ကြက် နိုင်ငံ့ထိပ်သီးခေါင်းဆောင်အချို့ တက်ရောက်ကြည့်ရှုမည်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၂**

ကမ္ဘာ့ဖလားဗိုလ်လုပွဲအတွက် ရီယိုဒီဂျနေးရိုးမြို့တွင် လုံခြုံရေးအင်အားများပြားစွာ ဖြန့်ကြက်ရန်စီစဉ်ထားကြောင်း ဘရာဇီးအာဏာပိုင်များက ပြောကြားသည်။

ဂျာမနီနှင့် အာဂျင်တီးနား ကမ္ဘာ့ဖလားဗိုလ်လုပွဲအတွက် အဆိုပါမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၅၀၀၀ ကျော်ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့လည်း အဆိုပါဗိုလ်လုပွဲသို့တက်ရောက်ကြည့်ရှုအားပေးရန် စီစဉ်လျက်ရှိသည်။

ရီယိုဒီဂျနေးရိုးမြို့ မာရာကာနာအားကစားကွင်းကြီး၌ ပရိသတ်အင်အား ၇၅၀၀၀ တက်ရောက်ကြည့်ရှုကြလိမ့်မည်ဟုမျှော်လင့်ထားသည်။ လုံခြုံရေးအဖွဲ့များတွင် ရဲ၊ စစ်သားနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း၊ သင်္ဘော ၂၅ စင်း အဆိုပါမြို့၏ ကမ်းရိုးတန်း၌ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

"ဒါဟာ ဘရာဇီးနိုင်ငံရဲ့ အကြီးဆုံးသောလုံခြုံရေး အစီအမံဖြစ်ပါတယ်။ ဒီလောက်များပြားလှတဲ့လုံခြုံရေး အင်အား တစ်ခါမျှမရှိပါဘူး" ဟု ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူ ဂျို့စ်မာရီယာနိုဘယ်ထရိန်းက ပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အရေအတွက်သည် ဘောလုံးပရိသတ်၏သုံးပုံတစ်ပုံနှင့်ညီမျှကြောင်း ရီယိုဒီဂျနေးရိုးမြို့ရောက် ဘီဘီစီသတင်းထောက်က ပြောသည်။ **(ဘီဘီစီ)**



# ဆွန်နီအကျဉ်းသား ၂၅၅ ဦးထက်မနည်း အီရတ်၌ကွပ်မျက်

**ဘဂ္ဂဒက် ဇူလိုင် ၁၂**

အီရတ် လုံခြုံရေးတပ်များနှင့် အစိုးရပြည်သူ့စစ်များသည် ဇွန် ၉ ရက်မှ စတင်ကာ အနည်းဆုံး အကျဉ်းသား ၂၅၅ ဦးအား ကွပ်မျက်ခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောသည်။

အီရတ်နိုင်ငံ၌ သေဆုံးသူများသည် ဂျီဟတ်အစ္စလာမ္မစ်အဖွဲ့၏ တိုက်ခိုက်မှုများအပေါ် လက်တုံ့ပြန်တိုက်ခိုက်စဉ် သေဆုံးခဲ့ရကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံးသူ အကျဉ်းသားအားလုံးသည် ဆွန်နီမွတ်စလင်များဖြစ်ကြောင်း၊ ထိုစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် ပြည်သူ့စစ်များမှာ ရှီးယိုက်များဖြစ်သည်ဟု ၎င်းအဖွဲ့ကဆိုသည်။

ထိုအတောအတွင်း အီရတ်ကာ့ဒ်သူပုန်အဖွဲ့ကလည်း နိုင်ငံမြောက်ပိုင်း ရေနံလုပ်ကွက်နှစ်ခုကို သိမ်းပိုက်ထားသည်ဟု ဆိုသည်။ အီရတ်အစိုးရတပ်များက အိုင်အက်စ်အိုင်အက်စ် တိုက်ခိုက်ရေးသမားများကို ပြန်လွှတ်ပေးနေသကဲ့သို့ ကွပ်မျက်မှုမှာလည်း အများဆုံး ဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)၏ကြေညာချက်တွင် ဖော်ပြသည်။



ကွပ်မျက်ခံရသူများမှာ တဲလ်အဖာ၊ မိုဆူးလ်၊ ဘာကူဘာ၊ ဂျူမာကေး၊ ရာဝါ နှင့် ဟီလာတိုရိုကျေးရွာခြောက်ခုတို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း HRW က ပြောသည်။

လွန်ခဲ့သည့်လက အိုင်အက်စ်အိုင်အက်စ် အကြမ်းဖက်အုပ်စုသည် အီရတ်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသ အများအပြားကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

လောလောဆယ် အီရတ်နိုင်ငံ၌ ရှီးယိုက်ဦးဆောင်သောအစိုးရသည် ဆွန်နီတိုက်ခိုက်ရေးသမားများ၊အိုင်အက်စ်အိုင်အက်စ် သူပုန်အုပ်စုများကို ထိန်းချုပ်ရန် ရုန်းကန်ကြိုးစားနေရသည်။ **(ဘီဘီစီ)**

# ပါလက်စတိုင်းတို့အပေါ် အစ္စရေး ရာဇဝတ်မှုကျူးလွန်မှု ကုလနှုတ်ဆိတ်နေသည့်အတွက် အီရန်သမ္မတအပြစ်ပြောဆို

**တီဟီရန် ဇူလိုင် ၁၂**

ပါလက်စတိုင်းပြည်သူများအား အစ္စရေးစစ်တပ်က ရာဇဝတ်မှုကျူးလွန်နေခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နှုတ်ဆိတ်နေခဲ့သည့်အတွက် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ရှုတ်ချအပြစ်ပြောဆိုလိုက်သည်။

မွတ်စလင်ကမ္ဘာနှင့် ဒေသတွင်းနိုင်ငံများအနေဖြင့် ပါလက်စတိုင်းပြည်သူများကို ထောက်ခံသင့်ကြောင်း၊ ယင်းတို့အား ပစ်ပယ်မထားသင့်ကြောင်း၊ မိမိတို့အားလုံး အစ္စရေးအစိုးရကို တစ်ခုခုလုပ်သင့်ပြီဖြစ်ကြောင်း၊ အစ္စရေးအစိုးရ၏ ရာဇဝတ်မှုကျူးလွန်နေခြင်းကိုလိုအပ်သလို လက်တုံ့ပြန်သင့်ကြောင်း ရိုဟာနီက တူရကီဝန်ကြီးချုပ် အာဒိုဂန်နှင့် သောကြာနေ့တွင် ဖုန်းဆက်ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နှုတ်ဆိတ်နေကြောင်း၊ မိမိတို့အားလုံး ပါလက်စတိုင်းအရေးအတွက် လုံခြုံရေးကောင်စီသို့တစ်ခုခုတောင်းဆိုသင့်ကြောင်း အီရန်သမ္မတက ထပ်လောင်းပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသမလုံခြုံမှုသည် ပျံ့နှံ့လာသည့်အတွက် စိုးရိမ်မိကြောင်း၊ အထူးသဖြင့် ဂါဇာကမ်းမြောင်ဒေသ၊ ဆီးရီးယား၊ အီရတ်တို့တွင်လုံခြုံရေးအခြေအနေဆိုးရွားလာကြောင်း၊ အီရန်က ဒေသတွင်း မွတ်စလင်များသေဆုံးနေမှုကို ရပ်တန့်ပြီး လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထူထောင်ပေးရန် အသင့်ရှိနေကြောင်း ၎င်းက ပြောကြားလိုက်သည်။



အစ္စရေးက ယခုသီတင်းပတ်အစောပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့၍ အနည်းဆုံး ၁၂၂ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ **(ပရက်စ်တီဗွီ)**

## အာဖဂန်စစ်ဆင်ရေး နှစ်ဖက်အထိနာ

**ကဘူးလ် ဇူလိုင် ၁၂**

အာဖဂန်တပ်မတော် စစ်ဆင်ရေးပြုလုပ်ခဲ့သော ၄၈ နာရီအတွင်း နေရာအနှံ့အပြားပေါက်ကွဲမှုများကြောင့် တပ်မတော်သား ၁၁ ဦးနှင့် စစ်သွေးကြွ ၆၄ ဦးခန့်သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့နံနက်ပိုင်းက ပြောကြားခဲ့သည်။

ကဘူးလ်၊ နရစ္စတန်၊ ကူနာ၊ ဂေါ၊ ဟယ်လ်မန့်နှင့် ကွန်ဒုဇ်ပြည်နယ်များ၌ တပ်မတော်စစ်ဆင်ရေးကာလအတွင်း သေဆုံးသူ နိုင်ငံခြားသား စစ်သွေးကြွ ၁၀ ဦး အပါအဝင် ၆၄ ဦးကျော်ခဲ့ပြီး ဒဏ်ရာရရှိသူခုနစ်ဦး၊ ဖမ်းဆီးရခဲ့သူခုနစ်ဦးရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

၎င်းစီးနင်းတိုက်ခိုက်မှု၌ ဖောက်ခွဲရေးပစ္စည်း ၁၀၀ ကီလိုဂရမ်နှင့် လက်နက်များကို သိမ်းဆည်းရမိခဲ့သည်။ အလားတူကာလ နိုင်ငံအတွင်း နေရာအနှံ့အပြား၌ လမ်းဘေးထောင်ဗုံးများကြောင့် တပ်မတော်သား ၁၁ ဦး သေဆုံးခဲ့ကြောင်း၊ တပ်မတော် ဗုံးရှင်းလင်းရေးအဖွဲ့က လမ်းဘေးထောင်ဗုံးနှင့်မြေမြှုပ်မိုင်း ၁၇၈ လုံး ဖယ်ရှားနိုင်ခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

စနေနေ့မတိုင်မီက ဂျော့ဂျန်းပြည်နယ်မြောက်ပိုင်း မြို့တော်ရှီဘာဂန်ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်ကို တာလီဘန်များက တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ စစ်သွေးကြွသုံးဦး ဒဏ်ရာရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ စစ်သွေးကြွနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲက ဆင်ဟွာသို့ ပြောခဲ့သည်။ **(ဆင်ဟွာ)**

## ကမ္ဘောဒီးယား ယာဉ်မတော်တဆမှု ရှစ်ဦးသေဆုံး

**ဖနောင်ပင် ဇူလိုင် ၁၂**

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ပါဆက်ပြည်နယ်၌ လော်ရီကားနှင့် ခရီးသည်တင်ကားတို့ တိုက်မိခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံသားရှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲအရာရှိက အတည်ပြုပြောကြားခဲ့သည်။

ကောခရိုခရိုင် အမှတ်(၅)အမျိုးသားလမ်းမကြီးပေါ်၌ လော်ရီကား၏ အရှေ့ကားဘီးတာယာပေါက်ကွဲမှုကြောင့် ရုတ်တရက်ကွေ့လိုက်ရာ မျက်နှာချင်းဆိုင်မှလာသော ခရီးသည်တင်ကားနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ကောခရိုခရိုင်အကြီးအကဲ ရဲအရာရှိက ပြောသည်။

အမျိုးသမီးနှစ်ဦးအပါအဝင် လူကြီးခုနစ်ဦး နေရာ၌ ပွဲချင်းပြီးသေဆုံးသွားပြီး ၁၀ နှစ် အရွယ်မိန်းကလေးမှာ ဆေးရုံရောက်ပြီး နာရီပိုင်းအတွင်း သေဆုံးသွားခဲ့ကြောင်း၊ သေဆုံးသူများသည် ဆွေမျိုးတော်စပ်သူများဖြစ်ကြကြောင်း ၎င်းကဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားသည်။ လော်ရီကားဒရိုင်ဘာသည် ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် ထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူများသည် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် မိုင်းတွင်း မတော်တဆမှုများတွင်သေဆုံးသူများ အရေအတွက်ထက်ပိုများပြီး နံပါတ်(၁)အဆင့်တွင် ရှိနေသည်။ **(ဆင်ဟွာ)**

## တရုတ်၌ ကျားရိုးရောင်းဝယ်မှုပိတ်ပင်

**ဂျီနီဗာ ဇူလိုင် ၁၂**

မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် ကျားသားရေကိုတရားဝင်ရောင်းဝယ်ခွင့်ပြုမိကြောင်း တရုတ်နိုင်ငံက ပထမဆုံးအကြိမ် ဝန်ခံပြောကြားလိုက်ကြောင်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် တိရစ္ဆာန်များတားဆီးရေးနိုင်ငံတကာကွန်ဗင်းရှင်းအစည်းအဝေး၌ တက်ရောက်သူများနှင့် တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်အာဏာပိုင်များသည် အဆိုပါ နိုင်ငံတကာကွန်ဗင်းရှင်းမတိုင်မီက အဆိုပါကိစ္စကိုလုံးဝထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း ၎င်းတို့က ဆိုသည်။ သို့သော်လည်း ဂျီနီဗာ၌ကျင်းပသော တိရစ္ဆာန်များတားဆီးကာကွယ်ရေး အမြဲတမ်းကော်မတီအစည်းအဝေး၌ တရုတ်တို့က ကျားရိုးရောင်းဝယ်မှုကိုပိတ်ပင်ထားဆဲဖြစ်ကြောင်း ပြောကြားလိုက်သည်။ "ကျွန်တော်တို့ကျားသားရေရောင်းဝယ်တာကို ပိတ်ပင်တာမရှိပါဘူး။ ဒါပေမယ့် ကျားရိုးရောင်းဝယ်တာကိုတော့ ပိတ်ပင်ထားပါတယ်"ဟု တရုတ်ကိုယ်စားလှယ်၏ပြောကြားချက်အပေါ် အစည်းအဝေးတက်ရောက်သူတစ်ဦးက ပြန်လည်ပြောကြားသည်။ အဆိုပါ မှတ်ချက်အပေါ် ဘီဘီစီကမေးမြန်းရာတွင် တရုတ်တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းမရှိဟုဆိုသည်။ **(ဘီဘီစီ)**

နိုင်ငံတကာအားကစားသတင်း

# တိုက်စစ်မှူး ဆွာရက်ဇ်ရဲ့ ကံကြမ္မာအလှည့်အပြောင်း

ကမ္ဘာ့ဖလားမှာ အီတလီနောက်တန်းကစားသမားကို ကိုက်ခဲ့မိလို့ လေးလကြာအပိတ်ခံလိုက်ရတဲ့ တိုက်စစ်မှူးဆွာရက်ဇ်ရဲ့ ကံကြမ္မာအလှည့်အပြောင်းကတော့ တွေ့ရပါပြီ။ ကမ္ဘာ့ဖလားမှာ အရှက်ရစွာပြန်ခဲ့ရတဲ့ ဆွာရက်ဇ်ရဲ့ ကံဇာတာကတော့ ပြန်ကောင်းလာပြီလို့ ဆိုရမှာပါ။

ဘာဖြစ်လို့လဲဆိုတော့ တိုက်စစ်မှူးဆွာရက်ဇ်ကို လီဗာပူးအသင်းက ဘာစီလိုနာအသင်းကို ရောင်းချဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ တိုက်စစ်မှူးဆွာရက်ဇ်ကို ပေါင် ၇၅ သန်းပေးပြီး ဘာစီလိုနာက ဝယ်ယူမှာဖြစ်ပါတယ်။

အသက် ၂၇ နှစ်သာ ရှိသေးတဲ့ ဆွာရက်ဇ်ဟာ ကမ္ဘာ့ဖလားမှာ အီတလီနောက်တန်းကစားသမား ချီလီနီကို ကိုက်မိခဲ့တဲ့အတွက် လေးလကြာ ဘောလုံးကစားခြင်း မပြုရလို့ ဖီဖာ(ခေါ်) ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်က ပိတ်ပင်ထားပေမယ့် စပိန်နာမည်ကြီးကလပ် ဘာစီလိုနာကတော့ ငါးနှစ်စာချုပ်နဲ့ခေါ်ယူမယ်လို့ ဆိုပါတယ်။ ဆွာရက်ဇ်ကို ဘယ်လိုပဲပိတ်ပင်စေကာမူ ဘာစီလိုနာတာဝန်ရှိသူတွေကတော့ အတော်လေး သဘောကျနေတဲ့ သဘောရှိပါတယ်။

ဆွာရက်ဇ်ရဲ့ ကြိုးစားမှုကြောင့် လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ဖလားကို ရလုဆဲဆဲ အနေအထားသို့ ရောက်ခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီမှာ ၃၁ ဂိုးအထိ သွင်းယူပေးခဲ့တာပါ။ သူဟာလာမယ့် သီတင်းပတ်ထဲမှာ စပိန်ကို ဆေးစစ်ခံဖို့သွားရောက်မှာ ဖြစ်ပါတယ်။

"လူးဝစ်ဆွာရက်ဇ်ဟာ ထူးခြားတဲ့အရည်အသွေးရှိတဲ့ တိုက်စစ်မှူးပါ။ သူကစားတဲ့အနေအထားဟာ သိပ်ကောင်းပါတယ်"လို့ လီဗာပူးနည်းပြ ရော်ဂျာက ချီးကျူးပြောဆိုလိုက်ပါတယ်။

ဆွာရက်ဇ်ဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းခဲ့ပြီး PFAအကောင်းဆုံးနဲ့ အားကစားကလောင်ရှင်များဆုကို ဆွတ်ခူးခဲ့သူပါ။ ဆွာရက်ဇ်ကို ၂၀၁၁ ခုနှစ်က အိုင်းယက်မှပေါင် ၂၂ ဒသမ ၇ သန်းနဲ့ လီဗာပူးက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိစာချုပ်အရ လီဗာပူးနဲ့ လေးနှစ်စာချုပ် ကျန်ရှိနေပါသေးတယ်။

တိုက်စစ်မှူးဆွာရက်ဇ်ကို ဘာစီလိုနာက ခေါ်ယူလိုက်ပြီဖြစ်တဲ့အတွက် ကျောနံပါတ် ၉ ဂျာစီအကျႌကို ဝတ်ဆင်ကစားရဖွယ်ရှိပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီနဲ့ ဘရာဇီးတိုက်စစ်မှူး နေမာတို့နဲ့အတူ ကစားရတော့မှာ ဖြစ်ပါတယ်။



ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့နှစ်က ဖလားလက်လွတ်ခဲ့ရတဲ့အတွက် လာမယ့်ရာသီမှာအကောင်းဆုံးဖြစ်ဖို့ ပြင်ဆင်နေတဲ့အနေအထားဖြစ်ပါတယ်။ ဆွာရက်ဇ်ကို ခေါ်ယူတဲ့ ပြောင်းရွှေ့ကြေးဟာ ဘောလုံးသမိုင်းမှာတော့ တတိယအများဆုံးဖြစ်ပါတယ်။ ဂါရတ်ဘေးကို ၂၀၁၃ ခုနှစ်က စပါးအသင်းမှ ရီးရဲမက်ဒရစ်က ပေါင် ၈၆ သန်းနဲ့ ခေါ်ယူခဲ့ပြီး စီရိုနယ်ဒိုကို ရီးရဲမက်ဒရစ်က ၂၀၀၉ ခုနှစ်မှာ မန်ယူမှ ပေါင်သန်း ၈၀နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆွာရက်ဇ်ဟာ တတိယကြေးအကြီးဆုံး ဘောလုံးသမား ဖြစ်လာပါတယ်။ သူ့ဘဝအလှည့်အပြောင်းကတော့ လာမယ့် စပိန်လာလီဂါမှာ ပရိသတ်တွေ တွေ့ရတော့မှာဖြစ်ကြောင်းပါ။

**အာကာကျော်**

# မေဝဲသားနှင့် မိုင်ဒါးနား စိတ်မကျေပွဲ ထိုးသတ်မည်



ဝယ်လ်တာဝိတ်တန်း ချန်ပီယံဖလွိုက်မေဝဲသားနှင့် အာဂျင်တီးနား နာမည်ကြီးလက်ဝှေ့သမား ကို့စ်မိုင်ဒါးနားတို့သည် စိတ်မကျေပွဲ ပြန်လည်ထိုးသတ်သွားရန် စီစဉ်လျက်ရှိသည်။ အသက် ၃၇ နှစ်ရှိ အမေရိကန် လက်ဝှေ့သမား မေဝဲသားသည် မိုင်ဒါးနားကို ထိုးသတ်ပြီး ဒဗလျူဘီစီနှင့် ဒဗလျူဘီအေ ချန်ပီယံခါးပတ်များကို ကာကွယ်ထိုးသတ်လိမ့်မည်ဖြစ်သည်။

ယင်းတို့နှစ်ဦးသည် မေ ၃ ရက်က ထိုးသတ်ခဲ့ရာ မေဝဲသားက အမှတ်ဖြင့်အနိုင်ရခဲ့သည်။ ယင်းတို့နှစ်ဦးသည် လာမည့်စက်တင်ဘာ ၁၃ ရက်တွင် လက်စ်ဗီးဂတ်စ်မြို့၌ စိတ်မကျေပွဲထိုးသတ်ရန် စီစဉ်ထားသည်။

"ဒီပြိုင်ပွဲဟာ ကျွန်တော့်ရဲ့ အိပ်မက်နဲ့ အောင်မြင်မှုကို ပြန်လည်အသက်သွင်းပေးနိုင်မယ့်ပွဲဖြစ်ပါတယ်"ဟု မေဝဲသားက ပြောသည်။ "ကြိုးဝိုင်းထဲမှာ အခွင့်အလမ်းဆိုတာ နှစ်ကြိမ်မရနိုင်ပါဘူး။ ဒါပေမယ့်လည်း ကျွန်တော့်အတွက်ကတော့ ဒီအခွင့်အလမ်းကို ရနိုင်ပါတယ်"ဟု လည်း သူကဆိုသည်။

မေဝဲသားသည် မေလက အာဂျင်တီးနား လက်ဝှေ့သမားကို ၁၁၄-၁၁၄၊ ၁၁၆-၁၁၂၊ ၁၁၇-၁၁၁ဖြင့်သာ အနိုင်ရခဲ့သည်။ လာမည့်စက်တင်ဘာ ၁၃ ရက်တွင် မေဝဲသားနှင့် မိုင်ဒါးနားတို့၏ စိတ်မကျေပွဲကြီးကို ပရိသတ်များ ကြည့်ရှုရတော့မည်ဖြစ်သည်။

# ကမ္ဘာ့ဖလားရင်ခုန်သံ ဆုများ

သီဟ

လေးနှစ်မှ တစ်ကြိမ်ကျင်းပပြုလုပ်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ပြီးဆုံးတော့မယ့် ဖိုင်နယ်ပွဲစဉ်ကိုရောက်ရှိလာပြီး ဘယ်အသင်း ဖလားကိုင်မြှောက်ပြီး ဘယ်သူတွေ ဆုအသီးအသီး ရရှိမယ်ဆိုတာ ရင်ခုန်စွာနဲ့ စောင့်မျှော်ကြည့်ရှုရဦးမှာပါ။

ဆုငါးဆုကြီးရဲ့ တချို့သောဆုများ အမည်ပေါက်နာမည်စာရင်းများ ပေါ်ထွက်လာပြီး (Golden Glove) အကောင်းဆုံးဂိုးသမား ရွှေလက်အိတ်ဆုကို ပိုင်ဆိုင်မယ့်အမည်စာရင်း သုံးဦးပေါ်ထွက်လာခဲ့ပါတယ်။ နာဗက်စ်(ခရိုအေးရှား)၊ နူအာ(ဂျာမနီ)၊ ဆာဂျီအို ရိုမီယို (အာဂျင်တီးနား) တို့ထဲက ဘယ်သူပိုင်ဆိုင်မလဲဆိုတာ ဇူလိုင်၁၄ မာရာကာနာ ကွင်းကြီးမှာ အဖြေပေါ်ထွက်လာမှာပါ။ (Golden Ball)ရွှေဘောလုံးဆုပိုင်ရှင် ၁၀ဦးလျာထားခဲ့ရာ ဒီမာရီယာ(အာဂျင်တီးနား)၊ ဟမ်မဲလ်(ဂျာမနီ)၊ တိုနီခရူးစ်(ဂျာမနီ)၊ ဖီးလစ်လမ်း(ဂျာမနီ)၊ မာရှေယာနို(အာဂျင်တီးနား)၊ မက်ဆီ(အာဂျင်တီးနား)၊ သောမက်စ်မူလာ(ဂျာမနီ)၊ နေမာ(ဘရာဇီး)၊ ရော်ဘင်(နယ်သာလန်)၊ ဂျိန်းစ်ရိုဒရီဂွက်ဇ်(ကိုလံဘီယာ) တို့ထဲမှ ဘယ်သူဘယ်ဝါ ရရှိမလဲဆိုတာ စောင့်မျှော်ရဦးမှာပါ။ နောက်တစ်ဆုဖြစ်တဲ့ (Hyundai Young Player Award) အကောင်းဆုံးလူငယ်ကစားသမားဆု သုံးဦး ပေါ်ထွက်လာရာ မမ်ဖီးစ် ဒီပေး(နယ်သာလန်)၊ ပေါ့ဂ်ဘာ(ပြင်သစ်)၊ ဗာရာနီ(ပြင်သစ်) တို့ဖြစ်ပါတယ်။

(Golden Boot) ရွှေဖိနပ်ဆုပိုင်ရှင် ဘယ်သူဖြစ်မလဲဆိုတာ ပေါ်ထွက်မလာသေးဘဲ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားများမှ ရွှေဖိနပ်ဆု ရရှိသူများကို ဖော်ပြလိုက်ရပါတယ်။

| ခုနှစ် | ဖလားရအသင်း | ဆုရရှိသူ |
|---|---|---|
| ၁၉၃၀ | ဥရုဂွေး | စတာဘီလီ (အာဂျင်တီးနား) |
| ၁၉၃၄ | အီတလီ | နီဂျီဒလီ (ချက်ခ်) |
| ၁၉၃၈ | အီတလီ | လီယိုနီဒက်စ် (ဘရာဇီး) |
| ၁၉၅၀ | ဥရုဂွေး | အက်ဒီမား (ဘရာဇီး) |
| ၁၉၅၄ | အရှေ့ဂျာမနီ | ဆန်ဒေါ်ကော့စ်ဆစ် (ဟန်ဂေရီ) |
| ၁၉၅၈ | ဘရာဇီး | ဂျက်စ်ဖောင်တိန် (ပြင်သစ်) |
| ၁၉၆၂ | ဘရာဇီး | ဂျာကိုဗစ် (ယူဂိုဆလားဗီးယား) |
| ၁၉၆၆ | အင်္ဂလန် | အူစီဘီယို (ပေါ်တူဂီ) |
| ၁၉၇၀ | ဘရာဇီး | ဂတ်ဒ်မူလာ (ဂျာမနီ) |
| ၁၉၇၄ | အရှေ့ဂျာမနီ | လာတို (ပိုလန်) |
| ၁၉၇၈ | အာဂျင်တီးနား | ကမ်ပက်စ် (အာဂျင်တီးနား) |
| ၁၉၈၂ | အီတလီ | ပါအိုလိုရော့စီ (အီတလီ) |
| ၁၉၈၆ | အာဂျင်တီးနား | ဂယ်ရီလိုင်နီကာ (အင်္ဂလန်) |
| ၁၉၉၀ | အရှေ့ဂျာမနီ | ဆာဗက်တိုး (အီတလီ) |
| ၁၉၉၄ | ဘရာဇီး | ဆာလန်ကို (ရုရှား) |
| ၁၉၉၈ | ပြင်သစ် | ဆူကာ (ခရိုအေးရှား) |
| ၂၀၀၂ | ဘရာဇီး | ရော်နယ်ဒို (ဘရာဇီး) |
| ၂၀၀၆ | အီတလီ | ကလိုဆေး (ဂျာမနီ) |
| ၂၀၁၀ | စပိန် | သောမတ်စ်မူလာ (ဂျာမနီ) |
| ၂၀၁၄ | - | - - |



(Golden Ball)



(Golden Glove)



(Golden Boot)



(Fair Play Award)



(Hyundai Young Player Award)

# နာဆရီကို ငါးနှစ်ထပ်မံစာချုပ်မည်

မန်စီးတီးကွင်းလယ်ကစားသမား နာဆရီအား ၎င်းကလပ်က ငါးနှစ်သက်တမ်းထပ်မံစာချုပ်လိုက်သည်။ အသက် ၂၇နှစ်ရှိ နာဆရီသည် လက်ရှိစာချုပ်မှာ တစ်နှစ်သာကျန်ရှိတော့သည်။

၂၀၁၁ ခုနှစ်က ၎င်းသည် အာဆင်နယ်မှ ပြောင်းရွှေ့လာသူဖြစ်သည်။ နာဆရီအား မန်စီးတီးက ငါးနှစ်ထပ်မံ စာချုပ်ခဲ့သော်လည်း ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းက ရွေးချယ်ခဲ့ခြင်းမရှိပေ။ "ကျွန်တော့်ကို ယခုလို ထပ်မံစာချုပ်တဲ့အတွက် ကျေနပ်ပါတယ်။ မန်စီးတီးရဲ့ အနာဂတ်ကို ခိုင်မာအောင်လုပ်ပေးသွားမှာပါ"ဟု နာဆရီကပြောသည်။

"ကျွန်တော့်ရဲ့အသက်ဟာ အခု ၂၇နှစ်ပါ။ ကွင်းလယ်ကစားသမားတစ်ဦးရဲ့အသက်ဟာ ၂၇နှစ်နဲ့ ၃၀ ကြားမှာဖြစ်တယ်လို့ နည်းပြတွေကယူဆထားကြပါတယ်။ ဒီအတွက်လည်း မန်စီးတီးအတွက် ကျွန်တော့်ရဲ့အသက်ဟာ အကောင်းဆုံးလို့ ပြောလို့ရပါတယ်"ဟု နာဆရီက ထပ်လောင်း ပြောဆိုလိုက်သည်။

ပြီးခဲ့သည့်ရာသီက နာဆရီသည် မန်စီးတီးနှင့်အတူ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**



ပြည်တွင်းသတင်း

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ပဲခူးမြို့ရှိ အင်ဂျင်နီယာမျိုးကြီးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်၊ အင်ဂျင်နီယာချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်နိုင်ရန် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်(၅) ရပ်ထဲမှ တာဝန်သိမှု၊ တာဝန်ယူမှုနှင့်ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ သဘောတရားအမြင် လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ အဓိက ဆန္ဒ(၂)ရပ်ဖြစ်သော နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးနှင့် ပြည်သူလူထုနှင့်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ပြုပြင်ပြောင်းလဲရေးမူဝါဒများ၊ မဟာဗျူဟာနှင့် အစီအမံလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းများအနေနှင့် ပြည်သူလူထုကို ထိရောက်သည့်ဝန်ဆောင်မှုပေးနိုင်ရန်၊ အုပ်ချုပ်မှုယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ရန်အတွက် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်း သဘောတရားတွေကို ဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် တာဝန်နှင့်ဝတ္တရားများကို ကောင်းစွာနားလည်ပြီး အတွေးအမြင် မှန်မှန်ကန်ကန်ဖြင့် မိမိတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ် အစီအမံများစနစ်တကျ ချမှတ်တတ်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ သုံးစွဲရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကျရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်ရေး ကြိုးစားလုပ်ကိုင်ကြရန် ရှင်းလင်းမှာကြားခဲ့သည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၏ လိုက်နာဆောင်ရွက်ရမည့်တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများ၊ ဌာနအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရှမ်းပြည်နယ် ပန်ဆန်းမြို့ ဇေတဝန်ထီးခမ်းမဟာဝန်ဘုန်းတော်ကြီးကျောင်း၌ ‘ဝ’ ဒေသခံသံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# “ဝ” ဒေသသံဃာတော်များအား (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစီအစဉ်ဖြင့် ‘ဝ’ ဒေသခံသံဃာတော်များအား နှစ်စဉ်ဝါဆိုသင်္ကန်း ဆက်ကပ်လျက်ရှိရာ (၁၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအား ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ပန်ဆန်းမြို့ ဇေတဝန်ထီးခမ်းမဟာဝန် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ‘ဝ’အထူးဒေသ(၂) မှ ‘ဝ’တိုင်းရင်းသား ခေါင်းဆောင် ဦးရှောက်မီလျန်နှင့် အဖွဲ့ဝင်များ၊ ပညာရေးလုပ်ငန်း ဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးလုပ်ငန်း ဆပ်ကော်မတီ၊ ပန်ဆန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

‘ဝ’ဒေသရှိ သံဃာတော်များအား (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စားကျင်းပခြင်းဖြစ်သည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစီအစဉ်ဖြင့် ‘ဝ’ ဒေသရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ၁၉၉၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ (၁၇)ကြိမ်မြောက် ရှိပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် နယ်စပ်ဒေသဘုန်းတော်ကြီးကျောင်းများဆောက်လုပ်ခြင်း၊ စေတီပုထိုးများ ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ‘ဝ’ ဒေသအတွင်းရှိ ကျောင်းတိုက်အသီးသီးတွင် သီတင်းသုံး နေထိုင်လျက်ရှိသော သံဃာတော်များအား ဝါတွင်းကာလအတွင်း ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေသော အခါကာလတွင် တောင်ပေါ်နှင့်မြေပြန့်၊ ပြည်မနှင့် ပြည်နယ် မခွဲခြားဘဲ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်အလိုက် စီမံကိန်းများဖြင့် လမ်းတံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ သာသနာရေးလုပ်ငန်းများအား အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တောင်တန်းဒေသ၊ နယ်စပ်ဒေသများတွင် ပရိယတ္တိ၊ ပဋိပတ္တိသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ လှူဒါန်းသော သင်္ကန်းများအား ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော သင်္ကန်းများကို တာဝန်ရှိသူကလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရမှ လှူဒါန်းသော သင်္ကန်းများအား ‘ဝ’ ဒေသတိုင်းရင်းသား ခေါင်းဆောင် ဦးရှောက်မီလျန်ကလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက်ပိုင်းတွင် ‘ဝ’ ဒေသသံဃာတော်များ ဆေးဝါးကုသနိုင်ရန်အတွက် ‘ဝ’ဒေသတိုင်းရင်းသား ခေါင်းဆောင်များနှင့် ဒေသခံပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သော သံဃာဆေးကုသဆောင် (အာရ်စီ) နှစ်ထပ်ဆောင်ဖွင့်လှစ်ပွဲ အခမ်းအနားကို အဆိုပါဆေးရုံဝင်းအတွင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❂ ရှေ့ဖုံးမှ**

RC Concrete နှင့် တံတားအပေါ်ထည် Steel Truss and RC Concrete အမျိုးအစားတို့ဖြစ်သည်။

ယခုအခါ ဘိုကလေးမြစ်ကူး တံတားကြီးတစ်စင်းလုံး၏ ပြီးစီးမှုမှာ ၉၄ ရာခိုင်နှုန်း ရှိနေပြီဖြစ်ကြောင်း သိရပြီး မကြာမီ အချိန်ကာလ ရာနှုန်းပြည့်ပြီးစီးချိန်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**စိုးဝင်း(SP)**

သစ်ပင်စိုက်လျှင်
တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ

# မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုသူများကြောင်း ယူကေသတင်းစာက ရေးသားဖော်ပြ

**ဘာသာပြန်-ကျော်သဲအိမ်**

ဇူလိုင် ၃ ရက်နေ့ထုတ် ယူကေသတင်းစာ တစ်စောင်ဖြစ်သော တိုင်း(မ်)သတင်းစာက ယခင်က တယ်လီကွန်းကွန်ရက်များ မရောက်ရှိခဲ့သော ကမ္ဘာတစ်ဝန်းမှ ဖွံ့ဖြိုးဆဲနိုင်ငံများပင်လျှင် ယခုအခါ မိုဘိုင်းဖုန်းများကို အသုံးပြုနိုင်ကြပြီဖြစ်ရာ မိုဘိုင်းဖုန်းအသုံးပြုသူများ၏ အရေအတွက်သည် လာမည့်နှစ်တွင် ကမ္ဘာ့လူဦးရေကိုပင် ကျော်လွန်သွားမည်ဟု ခန့်မှန်းရကြောင်း၊ ဆွီဒင်မိုဘိုင်းဖုန်းကုမ္ပဏီတစ်ခုဖြစ်သော Ericsson က ဇွန် ၃ ရက်က ၎င်း၏မိုဘိုင်းဖုန်းဆိုင်ရာ နောက်ဆုံးအစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ၌ ယခုနှစ်ကုန်တွင် မိုဘိုင်းဖုန်းအသုံးပြုသူ အရေအတွက်သည် သန်းပေါင်း ၇၀၀၀ အထိရှိလာခဲ့ပြီး မကြာမီ သန်းပေါင်း ၇၂၀၀ ခန့်ရှိ ကမ္ဘာ့လူဦးရေကို ကျော်လွန်သွားဖွယ်ရှိကြောင်း၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများတွင် မိုဘိုင်းဖုန်းအသုံးပြုသူ များပြားလာသဖြင့် နှစ်စဉ် မိုဘိုင်းဖုန်း အသုံးပြုသူ အရေအတွက်သည် ခုနစ်ရာခိုင်နှုန်း မြင့်တက်လာကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။



# လမ်းဘေးပျံ့ကျဈေးသည်များ စနစ်တကျရှိစေရေးဆောင်ရွက်သွားမည်

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဧရိယာအတွင်း စက်တင်ဘာလမှစတင်၍ ပလက်ဖောင်းလမ်းမြေများပေါ်တွင် ဈေးသည်များရောင်းချပါက စစ်ဆေးဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်ဧရိယာအတွင်း အများပြည်သူများသွားလာမှု အဆင်ပြေစေရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပလက်ဖောင်းများ ပြုပြင်ခြင်း၊ ယာဉ်သွားလမ်းများနှင့် ယာဉ်ရပ်နားရန်နေရာများကို တိုးချဲ့ပြုပြင်ခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းမွန်စေရန် ပြုပြင်ခြင်း၊ နေ့စဉ်ထွက် အမှိုက်များအား အချိန်မီရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ လမ်းဘေးပျံ့ကျ ဈေးသည်များအနေဖြင့်အများပြည်သူသုံးလမ်းနှင့် ယာဉ်ရပ်နားရန်နေရာများတွင် ဈေးရောင်းချလျက်ရှိသဖြင့် ပြည်သူများသွားလာရာတွင် အနှောင့်အယှက်ဖြစ်ပြီး ယာဉ်လမ်းကြောင်းပိတ်ဆို့ကာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်၍ ရေမြောင်းများပိတ်ဆို့ခြင်း ပတ်ဝန်းညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်သွားမည်**

ထို့ကြောင့် ပြည်သူများစိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် လူသွားလမ်း ပလက်ဖောင်းနှင့်ယာဉ်သွားလမ်းများတွင် ပျံ့ကျဈေးရောင်းချလျက်ရှိသော ဈေးသည်များကို သတ်မှတ်ထားသော ဈေးများတွင် ပြောင်းရွှေ့ရောင်းချရန် ပညာပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



မင်္ဂလာတောင်ညွန့်မြို့နယ် လမ်းဘေးပလက်ဖောင်းပေါ်၌ ရောင်းချနေသော လမ်းဘေးဈေးသည်များကို တွေ့ရစဉ်။

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းနေမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

## ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ရုပ်ရှင်၊ သဘင်၊ ဂီတ ဝါရင့်သက်ကြီးပညာရှင်ကြီးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

အစီအစဉ်အရ ရုပ်ရှင်လောကသားများကိုယ်စား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ဂီတလောကသားများကိုယ်စား မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ သဘင်လောကသားများကိုယ်စား မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ပန်တျာဦးမြကြည်နှင့် ဇာတ်သဘင် ပညာရှင် ဦးချမ်းသာတို့က ရုပ်ရှင်၊ ဂီတ၊ သဘင်လောကတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တင်ပြချက်တစ်ချက်ချင်းအလိုက် ပြန်လည်ဆွေးနွေးပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိဘပြည်သူများအား မိမိတတ်စွမ်းသည့် အနုပညာဖြင့် အလုပ်အကျွေးပြုနေကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် ယခုကဲ့သို့ ပထမဆုံးအကြိမ် ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း။

အနုပညာဆိုသည်မှာ အနည်းအများကွာဟသည်ကလွဲ၍ လူသားတိုင်း၏ စိတ်နှလုံးကို လွှမ်းမိုးထားနိုင်သော ပင်ကိုဗီဇအခံပါရမီမရှိဘဲ လေ့ကျင့်သင်ကြား၍ မရနိုင်သည့် ပညာရပ်တစ်ရပ်ဖြစ်ပါကြောင်း၊ အနုပညာရှင်များ၏ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှု၊ ပြုမူနေထိုင်မှုများသည် မိမိအပါအဝင် ပြည်သူများအပေါ်တွင် သက်ရောက်မှုရှိခဲ့ပါကြောင်း။

မိမိတို့ ငယ်ငယ်ကလည်း ရုပ်ရှင်အနုပညာရှင်မင်းသားများကို ကြည့်ပြီး အားကျခဲ့ခြင်းများရှိခဲ့ပါကြောင်း၊ ယခုလည်း ရင်ထဲမှာစွဲပြီး လေ့လာနေတုန်းပင်ဖြစ်ပါကြောင်း၊ အမှတ်တရဖြစ်ခဲ့သည့် မင်းသားများထဲတွင် ဦးကျော်ဆွေနှင့် ဦးရွှေဘ စသည့် မင်းသားကြီးများနှင့် ၄င်းတို့၏ သရုပ်ဆောင်မှုများဖြစ်ပါကြောင်း၊ ဂီတတွင်လည်း ဦးအံ့ကြီးနှင့် ဒေါ်မာမာအေး စသည့် ဂီတပညာရှင်များ၊ သဘင်တွင်လည်း ဦးရွှေမန်းတင်မောင်နှင့် ဦးစိန်အောင်မင်းစသည့် သဘင်ပညာရှင်ကြီးများကို ယနေ့အထိ အမှတ်ရနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများသည် မိမိချစ်ခင်လေးစားသည့် အနုပညာရှင်များ၏ သရုပ်ဆောင်မှု၊ သီဆိုဖျော်ဖြေမှုများအပေါ်တွင် မသိမသာရော သိသိသာသာပါ အတုယူကြ၊ သင်ယူကြခြင်းဖြစ်သည့်အတွက် အနုပညာရှင်ဆိုသည်မှာ တိုင်းပြည်နှင့်လူထုကို နှလုံးသားဖြင့် ခေါင်းဆောင်နေကြသူများဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ခေါင်းဆောင်နှင့်တူသော အနုပညာရှင်များသည် မိမိတို့လူ့အဖွဲ့အစည်းကို မည်သည့်နေရာသို့ ဦးဆောင်ခေါ်ဆောင်သွားမလဲ၊ မည်ကဲ့သို့သော လူ့အဖွဲ့အစည်းတည်ဆောက်ကြရန် စည်းရုံးလမ်းပြမလဲ၊ မိမိတို့နိုင်ငံသားများကို မည်ကဲ့သို့သော နိုင်ငံသားများဖြစ်စေချင်သလဲဆိုသည့် ခေါင်းဆောင်မှုဆိုင်ရာ စဉ်းစားတွေးခေါ်မှုများနှင့် တာဝန်ယူမှုများရှိကြရန် လိုအပ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူပြီးနောက်ပိုင်းတွင် ကြိုးပမ်းဖော်ဆောင်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် လွတ်လပ်စွာ ဖော်ထုတ်ရေးသားခွင့်၊ ဟောပြောခွင့်နှင့် တင်ဆက်ခွင့်များရရှိလာပြီး ရုပ်ရှင်ဆင်ဆာ စည်းမျဉ်းများကို များစွာလျှော့ပေါ့ပေးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်အစည်းအရုံးကို ရုပ်ရှင်လောကသားများကိုယ်တိုင် ရွေးကောက်တင်မြှောက်ပြီး လွတ်လပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အများပိုင်ကုမ္ပဏီ ထူထောင်နိုင်ရန်ခွင့်ပြုပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အကယ်ဒမီထူးချွန်ဆုများကို ရုပ်ရှင်အစည်းအရုံးအနေဖြင့် လွတ်လပ်စွာ ချီးမြှင့်နိုင်စေခဲ့ပါကြောင်း။

တစ်ဖက်တွင်လည်း ရုပ်ရှင်လုပ်ငန်းအတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအနေဖြင့် ပြင်ဦးလွင်မြို့၌ ဧက(၂၀) ရှိသည့်နေရာကို ရုပ်ရှင်စတူဒီယိုဆောက်လုပ်နိုင်ရန် ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ တစ်ခေတ်တစ်ခါက မြန်မာ့ရုပ်ရှင်အောင်ပန်းဆင်နိုင်ခဲ့ခြင်းသည် ထိုခေတ်က စတူဒီယိုကြီးများ၏ အရေးပါမှုကြောင့်ဖြစ်သည်ဟု စဉ်းစားမိသည့်အတွက် ယခုကဲ့သို့ ပံ့ပိုးပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းသည် တကယ် ကြိုးပမ်းလုပ်ဆောင်လျှင်၊ နိုင်ငံတကာအဆင့်မီ ဖြန့်ချိနိုင်ခဲ့လျှင် တိုင်းပြည်၏ ဝင်ငွေကို တစ်ဖက်တစ်လမ်းကနေ ရှာဖွေပေးသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြား ရုပ်ရှင်ကုမ္ပဏီများနှင့် ဖက်စပ်ရိုက်ကူးနိုင်ရေး၊ ဈေးကွက်ရရှိနိုင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့် ကွဲပြားခြားနားသည့် ဘာသာတရားများကို သေးသိမ်စေမည့်၊ နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် တင်ပြမှုမျိုးများဖြစ်မလာအောင် အသိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်များဖြင့်



မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကာကွယ်တားဆီးကြရမည် ဖြစ်ပါကြောင်း။

ဂီတဆိုသည့် အနုပညာသည်လည်း သိမ်မွေ့နက်ရှိုင်းသည့်တိုင်၊ လူသားတိုင်း မဖန်တီးနိုင်သည့်တိုင် အနည်းနှင့်အများ ခံစားနိုင်ကြသည်ဖြစ်ပါကြောင်း၊ ယနေ့တွင် ခိုးကူးခွေပြဿနာကြောင့် ဂီတနှင့်အနုပညာရှင်များစွာ အခက်အခဲကြုံနေရသည်ကို ကြားသိရပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများ၊ နည်းဥပဒေများဖြင့် အရေးယူဆောင်ရွက်ပေးနိုင်ရန်၊ အနုပညာကို အကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအစည်းအရုံးတို့ ပူးပေါင်းဆောင်ရွက်ဖြေရှင်းနိုင်အောင် ကူညီပေးသွားမည်ဖြစ်ပါကြောင်း။

သဘင်ပညာရပ်သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်ပြီး ဖျော်ဖြေရေးသက်သက်ထက်ပိုသည့် ယဉ်ကျေးမှုရိုးရာကြွန်အင်လက္ခဏာများကို ထိန်းသိမ်းနေသည့်လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည့်အတွက် ဖျော်ဖြေရေးသက်သက်ထက်ပိုသည့် အနုပညာတစ်ရပ်ဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

တိုင်းပြည်တစ်ပြည်၏ အောင်မြင်မှုကို တိုင်းတာသည့်အခါတွင် Gross National Happiness ဟုခေါ်သည့် တိုင်းသူ ပြည်သားများ၏ ပျော်ရွှင်ချမ်းမြေ့မှုသည်လည်း ပေတံတစ်ခုဖြစ်ပါကြောင်း၊ အနုပညာရှင်များအားလုံးက ဤကွက်လပ်တွင် ကြီးမားသည့်နေရာကနေ အားဖြည့်ပေးကြပါကြောင်း၊ ယနေ့ မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကြီး ဖြစ်ရန်အတွက် တိုင်းရင်းသားများ၊ နိုင်ငံသားများအားလုံးနှင့် တန်းတူရည်တူဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်ရန်အတွက် နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှုအထူးလိုအပ်ပါကြောင်း။

မိမိပြောကြားခဲ့သကဲ့သို့ ရုပ်ရှင်၊ ဂီတနှင့် သဘင်အနုပညာရှင်အားလုံးသည် ပြည်သူများ၏ စံပြပုဂ္ဂိုလ်များဖြစ်ကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအားလုံးကို စည်းလုံးညီညွတ်ခြင်း၊ လူ့အခွင့်အရေးကိုတန်ဖိုးထားလေးစားလိုက်နာခြင်း၊ တိုင်းပြည်ကို ချစ်စိတ်ရှိခြင်းဆိုသည်များကို ဦးဆောင်သင်ကြားပြသမည့် အနုပညာရှင်လောကသားများအနေဖြင့်လည်း စံပြဖြစ်စေမည့် အပြုအမူများကို ကျင့်သုံးပြုမူကြရမည် ဖြစ်ပါကြောင်း။

အထူးသဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဆပ်ကပ်၊ မျက်လှည့်ပါမကျန် အနုပညာလောကသားအားလုံးအနေဖြင့် အချင်းချင်းအငြင်းပွားခြင်းမျိုး၊ မသင့်မြတ်ခြင်းမျိုးများကို ရှောင်ရှားပြီး စည်းလုံးညီညွတ်သည့်အင်အားဖြင့် ဖန်တီးနိုင်သည့်စွမ်းရည်များကို စုစည်းကာ မိမိတို့လူ့အဖွဲ့အစည်းက မျှော်မှန်းတည်ဆောက်နေသည့် နိုင်ငံတော်သစ်ချီတက်ရေးတွင် မိမိတို့စွမ်းပကားဖြင့် တစ်တပ်တစ်အား ပါဝင်တည်ဆောက်ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရုပ်ရှင်၊ ဂီတ၊ သဘင်သက်ကြီးပူဇော်ပွဲအတွက် ထောက်ပံ့ငွေကျပ် ဆယ်သိန်းစီ စုစုပေါင်းငွေကျပ်သိန်း သုံးဆယ်ကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အဆိုတော် ဆုန်သင်းပါရ်နှင့် မင်းသမီး တင်ဇာမိုးဝင်းတို့ထံ



ဇာတ်သဘင်ပညာရှင် ဦးချမ်းသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပေးအပ်သည်။

နိုင်ငံတော်သမ္မတသည် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်လောကသာများနှင့်အတူ ကိုယ်တိုင်ယူစနစ်(ဘူးဖေးလ်)ဖြင့် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ရင်းရင်းနှီးနှီး အတူတကွ သုံးဆောင်ခဲ့သည်။

ယနေ့ အခမ်းအနားသို့ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ ဖိတ်ကြားထားသည့် အနုပညာရှင် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

# ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲကျင်းပ

**ရမ်းဗြဲ ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာအုပ်စု နားမူးတွေကျေးရွာ ကွင်းအမှတ်(၇၀၈)တွင် တောင်သူများစုပေါင်း၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲကို၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အဆိုပါ မျိုးစေ့ချပွဲကို ရမ်းဗြဲမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ခင်စိုးနှင့် ဝန်ထမ်းများကြီးမှူး၍ ကျင်းပခဲ့ပြီး ရွာကြီးကျေးရွာအုပ်စုနှင့် ခွဆုံကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အဆိုပါအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးတစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးမည့်တောင်သူများက စုပေါင်းပျိုးပေါင်ပြုလုပ်၍ မျိုးစေ့ချခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဦးစီးမှူး ဦးအောင်ခင်စိုးက စနစ်တကျဖြစ်စေရန်နှင့် မျိုးစေ့နှုန်းထား သက်သာခြင်း၊ တောင်သူများ GAP စနစ်ကျင့်သုံးလိုက်နာခြင်းကြောင့် ဝင်ငွေပိုမိုတိုးတက်စေမည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(၁၅၇)**

# တပ်ကုန်း ခုတင် (၁၀၀)ဆံ့ဆေးရုံ လူနာစောင့်နားနေဆောင်ဖွင့်

**တပ်ကုန်း ဇူလိုင် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခုတင် ၁၀၀ ဆံ့ဆေးရုံလူနာစောင့်များ နားနေဆောင်ဖွင့်လှစ်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက မြို့နယ်ကျန်းမာရေးဦးစီးမှူး ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်းထံသို့ လူနာစောင့်များနားနေဆောင်နှင့်သက်ဆိုင်သည့် မှတ်တမ်းများကိုလွှဲပြောင်းပေးအပ်သည်။

နားနေဆောင်ကို အလှူရှင် ဦးနု၊ ဒေါ်ကျင်နု (N.N.N. ကုန်မျိုးစုံရောင်းဝယ်ရေး) မိသားစုမှ ငွေကျပ်သိန်းပေါင်း ၃၀ နှင့် ခုတင် (၁၀၀) ဆေးရုံကြီးကြပ်မှုကော်မတီ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၆၀ အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။



နားနေဆောင်သည် အလျား ၇၂ ပေ၊ အနံ ၁၂ ပေရှိပြီး အမျိုးသား၊ အမျိုးသမီး သီးသန့်စီကန့်သတ်ထားရှိသည်။ ထို့အပြင် ရေကန်နှစ်ကန်၊ သန့်စင်ခန်းနှစ်ခန်း၊ လျှပ်စစ်မီးနှင့်ရေပိုက်များပါဝင်ပြီး လူနာစောင့် ၃၀ တည်းခိုနိုင်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၉ အုပ်စုမှ ဆေးရုံတက်ရောက် ကုသမှုခံယူကြသည့် လူနာများနှင့်အတူ တစ်ပါတည်းလိုက်ပါ စောင့်ရှောက်ပေးလိုသော လူနာစောင့်များအတွက် အဆင်ပြေစွာ တည်းခိုနိုင်ကြောင်း သိရသည်။

**(ဝ၂၁)**

✳ ကျောဖုံးမှ

သို့သော် ဇာတ်သဘင်အဆင့်အတန်းမြင့်မားရေးအတွက် ရှေ့မီနောက်မီ ပညာရှင်တွေနဲ့ တက်သစ်စပညာရှင်တွေ စုပေါင်းပြီး အဖြေရှာကြရပါတယ်။ ဒ့ါအပြင် နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုသည်လည်း အလွန်လိုအပ်နေပါတယ်။ နိုင်ငံတကာမှာ သူတို့ရဲ့ယဉ်ကျေးမှု အနုသုခုမတွေကို ထိန်းသိမ်းမြှင့်တင်ပေးနေတာဖြစ်တာကြောင့် ကျွန်တော်တို့ သဘင်အနုပညာရှင်တွေအတွက်လည်း သမ္မတကြီးအပါအဝင် အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ကူညီမြှင့်တင်ပေးမယ်ဆိုရင် အများကြီးအထောက်အကူဖြစ်မှာပါ။ အခုတွေ့ဆုံပွဲမှာ သမ္မတကြီးက ဆောင်ရွက်ပေးဖို့ ပြောကြားခဲ့တာတွေအတွက်လည်း ကျေးဇူးတင်သလို ထပ်မံပြီးတော့လည်း ကူညီဆောင်ရွက်ပေးဖို့မျှော်လင့်ပါတယ်။ နိုင်ငံတကာနဲ့ အာဆီယံဒေသတွင်းမှာ ချပြနိုင်လောက်အောင် အဆင့်အတန်းမြင့်မားတဲ့ မြန်မာ့သဘင်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် ပျောက်ကွယ်လုနီးပါးဖြစ်နေရတဲ့ အနုသုခုမတွေကိုလည်း ဖော်ထုတ်ပေးဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့သဘင်အနုပညာရှင်တွေက ဂီတ၊ ရုပ်ရှင်နဲ့ မတူတာတွေ အများကြီးရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကို လှည့်လည်ဖျော်ဖြေကြရတာဖြစ်တာမို့ အခက်ကြုံတွေ့နေရတာက အဆင့်မြင့်ဇာတ်စင်တွေ တည်ဆောက်ဖို့ နေနေသာသာ ပွဲခွင့်ပြုမိန့်ရဖို့အတွက်တောင် နှစ်ပတ်ကနေ တစ်လအထိ အချိန်ပေးတင်ပြရတယ်။ မြေတင်ဒါရရှိအောင်



ပန်တျာဦးမြကြည်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံသဘင်အစည်းအရုံး

စီစဉ်ရတယ်။ ဇာတ်ကပြဖို့နေရာအခက်အခဲတွေကြောင့် အရှုံးတွေကို ထပ်ကာထပ်ကာ ရင်ဆိုင်လာကြရတဲ့အခါ ဇာတ်အရည်အသွေးတွေလည်း ကျဆင်းလာတယ်။ လူဝင်များအောင် ပရိသတ်အကြိုက် ခေတ်ရေစီးကြောင်းကို လိုက်လာနေတာကို ဝမ်းနည်းစွာမြင်တွေ့ရတယ်။ အဆိုးရွားဆုံးကတော့ မြို့ကြီးတွေမှာ ပြဇာတ်ရုံကြီးတွေ မရှိတဲ့အတွက် အဆင့်အတန်းမီတဲ့ ဖျော်ဖြေတင်ဆက်မှုမျိုးနဲ့ အလှမ်းဝေးနေကြရတာဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သဘင်အနုပညာရှင်အင်အား ၃၅၀၁၅ ဦးရှိရာမှ လောကကြီးတစ်ခုလုံး ရေရှည်တည်တံ့ရှင်သန်ဖို့အတွက် ကြိုးစားရုန်းကန်နေကြရတာကို သမ္မတကြီးကို တင်ပြခွင့်ရခဲ့ပါတယ်။

**ဦးလူမင်း**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

နိုင်ငံတော်သမ္မတကြီးနဲ့ တိုက်ရိုက်တွေ့ဆုံတင်ပြခွင့်ရလို့ အလွန်ဝမ်းသာပါတယ်။ အခုတွေ့ဆုံခြင်းကနေအစပြုလို့ ကျွန်တော်တို့ အနုပညာရှင်တွေကို သမ္မတကြီးအပါအဝင် နိုင်ငံတော်ရဲ့တာဝန်ရှိသူတွေက အသိအမှတ်ပြုပြီး ကျွန်တော်တို့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးမယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ အရေးကြီးတဲ့အချက်တွေကို တင်ပြခဲ့ပါတယ်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်းက အားလုံးသိကြတဲ့အတိုင်း ကျဆင်းနေတာပါ။ သရုပ်ဆောင်မှုအပိုင်း၊ တင်ဆက်မှုအပိုင်း၊ အသံပိုင်း စတာတွေမှာ အားနည်းချက်တွေရှိသလို ရုံတင်ပြသမှုအပိုင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ရုပ်ရှင်ရုံ ၂၉ ရုံသာရှိပါတယ်။ ဇာတ်ကားကောင်းတွေအတွက် နှစ်ပေါက်အောင် ရုံတင်ခွင့်ရဖို့ စောင့်ဆိုင်းနေကြရတယ်။ အဲဒီအတွက် အဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံတွေ ပေါ်ထွက်လာဖို့နဲ့ ခိုးကူးခွေတွေကို ထိရောက်စွာအရေးယူပေးဖို့၊ အခွန်အခတွေ လျှော့ပေါ့ပေးဖို့၊ ရိုက်ကူးရေး စတူဒီယိုတွေ တည်ဆောက်ပေးဖို့စတာတွေကို တင်ပြခဲ့ပါတယ်။ သမ္မတကြီးဘက်ကလည်း လက်ရှိမှာ ဆောင်ရွက်ပေးဖို့ စီစဉ်ထားတာတွေကို ပြန်ကြားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပြီး လက်တွေ့ဖြစ်လာဖို့ မျှော်လင့်ထားပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ စုပေါင်းရေးဆွဲထားတဲ့ မြန်မာ့ရုပ်ရှင်ဥပဒေမူကြမ်းကို တင်ပြပြီးတဲ့အခါ အမြန်ဆုံး ခွင့်ပြုနိုင်ဖို့အတွက် မျှော်လင့်ထားပါတယ်။ ကိုရီးယားနိုင်ငံကို လေ့လာကြည့်မယ်ဆိုရင် ရုပ်ရှင်လုပ်ငန်းဟာ အမျိုးသားစီးပွားရေးအသွင်ကို ဆောင်နေတာဖြစ်ပါတယ်။ အဓိကကတော့ လူသားတိုင်း နေ့စဉ်ဖြတ်သန်းနေကြရတဲ့ ဘဝအမောတွေကို ပြေပျောက်စေနိုင်တဲ့ အနုပညာဟာ မရှိမဖြစ်လိုအပ်နေလို့ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတော်က ဖော်ဆောင်ပေးတာနဲ့အပြိုင် အနုပညာအဆင့်အတန်းကိုလည်း အကောင်းဆုံးမြှင့်တင်ဖို့လိုအပ်မှာပါ။

**ဦးတင်ဦးလေး**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံဂီတအစည်းအရုံး**

ကျွန်တော်တို့ ဂီတလောကသားတွေအားလုံး သမ္မတကြီးက တွေ့ဆုံခွင့်ပေးတဲ့အပေါ် ကျေနပ်ဝမ်းမြောက်မှုရှိပါတယ်။ ဂီတအစည်းအရုံးကို လုပ်ငန်းအဖွဲ့တွေခွဲပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံပွဲမှာ ဂီတလောကသားတွေ ကြုံတွေ့နေရတဲ့ အခက်အခဲအချို့ကို တင်ပြခဲ့ပါတယ်။ အနုပညာမူပိုင်ခွင့်ဆိုင်ရာ ဥပဒေ အမြန်ဆုံး အတည်ပြုနိုင်ရေးအတွက် မျှော်လင့်ပါတယ်။ ဒ့ါအပြင် ဥပဒေကြောင်းအရ ပိုင်ဆိုင်မှု အငြင်းပွားနေခဲ့ရတဲ့ ဂီတအစည်းအရုံးဗဟိုအဆောက်အအုံ အောက်ထပ်ကို တရားဝင်ရရှိဖို့အတွက် တင်ပြခဲ့ပါတယ်။ သမ္မတကြီးက တရားစီရင်ရေးဘက်ကို သတင်းပေးပို့သွားပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ ဗဟိုကနေ မြို့နယ်အထိ အဆင့်ဆင့်မှာ ဂီတပညာရှင်တွေ၊ မျိုးဆက်သစ်ဂီတပညာရှင်တွေရှိပါတယ်။ အုပ်ချုပ်ရေးအဆင့်ဆင့်က တာဝန်ရှိသူတွေအနေနဲ့ အသိအမှတ်ပြုပေးဖို့ကိုလည်း သမ္မတကြီးက ညွှန်ကြားပေးမယ်လို့ ပြောခဲ့ပါတယ်။ ဒ့ါအပြင် မဟာဂီတနဲ့ မြန်မာဂီတ ထုတ်ဖော်မှုများအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ပေးဖို့ကိုလည်း ကျွန်တော်တို့တောင်းဆိုခဲ့ပါတယ်။ မြန်မာမှုဂီတအတွက် နေရာပြန်လည်ပေးလိုတာကို တင်ပြခဲ့ပြီး ခိုးကူးခွေကိစ္စကိုလည်း သမ္မတကို တင်ပြခဲ့ပါတယ်။ လက်ရှိတွေ့ဆုံမှုဟာ ပထမဆုံး ခြေလှမ်းလို့ သဘောထားပါတယ်။ ကျွန်တော်တို့လောကကြီး တစ်ခုလုံး နိုင်ငံတကာမှာ ရင်ပေါင်တန်းနိုင်ဖို့အတွက် ပြင်ဆင်စရာတွေ အများကြီး ရှိနေပါသေးတယ်။ ကျွန်တော်တို့ ဂီတလောကသားတွေ အားလုံးမှာ တာဝန်ရှိတဲ့အပြင် နိုင်ငံတော်ရဲ့ အကူအညီနဲ့အထောက်အပံ့ကလည်း မဖြစ်မနေလိုအပ်ပါတယ်။

**ဦးချမ်းသာ**
**ဇာတ်သဘင်ပညာရှင်**
**မြန်မာနိုင်ငံ သဘင်အစည်းအရုံး**

အနုပညာရှင်တွေအပေါ် မအားလပ်တဲ့ကြားက တွေ့ဆုံခွင့်ပေးခဲ့လို့ သမ္မတကြီးကို အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားတွေခေတ်က သဘင်ပညာဟာ အရှိန်အဟုန်မြင့်မားစွာနဲ့ ရပ်တည်နိုင်ခဲ့တာပါ။ ယနေ့ခေတ်အခါမှာ ရှက်ဖွယ်ကောင်းလောက်အောင် အဆင့်အတန်းကျဆင်းနေရပါပြီ။ ကျွန်တော့်အဖေ လက်ထက် ရွှေမန်းဦးတင်မောင်ခေတ်ကဆိုရင် ဇာတ်အဖွဲ့ကားတွေ လာပြီဆို ဒေသခံတွေ အံ့ဩဘနန်းဖြစ်ခဲ့ရတယ်။ ကားအစီးရေ ၁၅ စီးလောက်နဲ့ သွားကြလာကြရတာ ပျော်စရာလည်းကောင်းပါတယ်။ ဘဘဦးဖိုးစိန်တို့၊ ဘဘစိန်အောင်မင်းတို့ သူတို့တွေဆိုလည်း ခေတ်အလိုက် သဘင်လောကရဲ့ ရွှေခေတ်တွေဖြစ်ပါတယ်။ အခုကျွန်တော်တို့ သဘင်လောက မောင်နှမတွေလက်ထက်မှာတော့ ကုန်ကျစရိတ်မတတ်နိုင်လို့ ဇာတ်ကားသုံးစီးလောက်မှာ လူရော၊ ပစ္စည်းတွေပါ အပြည့်အကျပ်တင်ပြီး သွားလာနေကြရတယ်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း အခွန်အခတွေ၊ ဇာတ်တစ်ဇာတ်သွင်းဖို့အတွက်ဆိုတာကလည်း ကုန်ကျစရိတ်နဲ့ ပွဲကပြလို့ရမယ့်ငွေကြေးက မကာမိတော့ပါဘူး။ ဒ့ါအပြင် အဆင့်မီဇာတ်ရုံတွေ မရှိတဲ့ ပြဿနာကြောင့် ကပြဖို့ များစွာခက်ခဲရတာပါ။ သမ္မတကြီးက ဇာတ်ရုံတွေ တည်ဆောက်ပေးဖို့ အစီအစဉ်ရှိတဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်။ အမှန်တကယ်ဖြစ်ခွင့်ရလာရင်တော့ ကျွန်တော်တို့ အနေနဲ့ အတိုင်းထက်အလွန်ပဲပေါ့။ ဒ့ါအပြင် သဘင်နေ့အဖြစ် သတ်မှတ်ပေးဖို့နဲ့ အနုပညာရှင်တွေကို လူမှုရေးအကူအညီတွေပေးဖို့လည်း မျှော်လင့်ပါတယ်။ ဒ့ါအပြင် သမ္မတကြီးက ဖောင်ဒေးရှင်း ထူထောင်ပေးမယ်ဆိုတဲ့အတွက် အလွန်ကို ကျေးဇူးတင်မိပါတယ်။ သမ္မတကြီးနဲ့တွေ့ဆုံပွဲမှာ တင်ပြခွင့်ရတဲ့ အချက်အလက်တွေက သဘင်လောကကြီးတစ်ခုလုံးအတွက် လိုအပ်ချက်တွေနဲ့ နှိုင်းယှဉ်ရင်အများကြီးနည်းနေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့အတွက် အခုလို တွေ့ဆုံ တင်ပြခွင့်ရတာကတော့ အခွင့်အရေး တစ်ရပ်ဖြစ်ပါတယ်။ ထပ်မံပြီးတော့လည်း အနုပညာရှင်တွေရဲ့ ခံစားချက်တွေကို ဖြည့်ဆည်းပေးမယ်လို့မျှော်လင့်ပါတယ်။

**အိန္ဒြာကျော်ဇင်**
**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်**

ကျွန်မတို့အနုပညာရှင်တွေကို လက်ခံတွေ့ဆုံပေးတဲ့အတွက်ရော၊ လိုအပ်ချက်အချို့ကို ဖြည့်ဆည်းပေးတဲ့အတွက်ပါ ဝမ်းသာပါတယ်။ သမ္မတကြီးနဲ့ တွေ့ဆုံပွဲမှာ အနုပညာရှင်တွေအနေနဲ့ အခြားတင်ပြစရာတွေ အများကြီးရှိနေပါသေးတယ်။ လက်ရှိ ရုပ်ရှင်နဲ့ ဗီဒီယိုလောကတစ်ခုလုံးက လိုအပ်ချက်တွေအများကြီးရှိနေတာပါ။ သရုပ်ဆောင်တွေ သာမက အသံပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ အားလုံး လိုအပ်နေတာဖြစ်ပါတယ်။ ဈေးကွက်အနေအထားမှာလည်း စီးပွားရေးတစ်ရပ်အနေနဲ့ ရပ်တည်အောင်မြင်နေတာက လူနည်းစုသာ ရှိပါတယ်။ နိုင်ငံတော်ကပံ့ပိုးမှုတွေ အများကြီးလည်း လိုအပ်နေပါတယ်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားဖို့အတွက် ကျွန်မတို့လောကသားတွေအားလုံးမှာတာဝန်ရှိသလို နိုင်ငံတော်ရဲ့ ပံ့ပိုးမှုအပေါ်မှာလည်း အများကြီး မူတည်နေတဲ့အတွက် အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

**ဦးဇာဂနာ**
**ရုပ်ရှင်နှင့် သဘင်အနုပညာရှင်**

ကျွန်တော်တို့အတွက် အခုလို သမ္မတကြီးနဲ့တွေ့ဆုံခွင့်ရတာ အခွင့်အရေးတစ်ရပ်ပါ။ ပထမဆုံး ခြေလှမ်းလို့ထင်မြင်မိပါတယ်။ ထပ်မံပြီးတော့လည်း အနုပညာလောကကြီး တစ်ခုလုံး မြင့်မားရေးအတွက် ကြိုးစားပြီးတောင်းဆိုနေကြမယ့်အကြောင်းအရာတွေရှိနေပါသေးတယ်။ လွန်ခဲ့တဲ့ နှစ်ကတည်းက ကျွန်တော်တို့ အခုလို ပွဲဖြစ်မြောက်ဖို့ ကြိုးပမ်းခဲ့တာပါ။ အကြောင်းကြောင်းကြောင့် မတွေ့ဖြစ်ခဲ့ဖူး။ သက်ဆိုင်ရာ အစည်းအရုံး တာဝန်ရှိသူတွေက တင်ပြခဲ့ကြတယ်။ နိုင်ငံတော် သမ္မတကြီးကလည်း လုပ်ပေးနိုင်တာတွေ လုပ်ပေးတယ်။ မလုပ်ပေးနိုင်သေးတာတွေကိုပြောတယ်။ အလွန်အကျိုးရှိတဲ့ တွေ့ဆုံ ပွဲဖြစ်ပါတယ်။ သို့သော် လိုအပ်ချက်တွေအားလုံးကိုတော့ ဖြည့်ဆည်းမပေးနိုင်သေးပါဘူး။ အနုပညာလောကအတွက်ရင်ဆိုင်နေရတဲ့ အခက်အခဲတွေက အများကြီးရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌအနေနဲ့ ဦးဆောင်နေတာရှိပါတယ်။ မြန်မာ့အနုပညာမြင့်မားရေးကတော့ အာဆီယံဒေသတွင်းမပြောနဲ့ ပြည်တွင်းမှာတောင် ကိုယ့်ရဲ့ဈေးကွက်ကို ကိုရီးယား ဇာတ်ကားတွေအပါအဝင် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားအများစုနဲ့ နိုင်ငံခြား တေးဂီတတွေအတွက် ဝေစုများများခွဲပေးနေရတုန်း ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးနှင့် အနုပညာရှင်များ၏ ပထမအကြိမ်တွေ့ဆုံပွဲမှာ အောင်မြင်စွာပြီးစီးခဲ့သည်။ နိုင်ငံတော်သမ္မတကြီး အမှာစကား၌ ပါဝင်ခဲ့သလိုပင် အနုပညာသည် အသွေးအသားထဲမှ ဖြစ်ပေါ်လာသည့် ဗီဇပေါ်တွင် အခြေခံကာ ပေါက်ဖွားလာကြခြင်းဖြစ်ပြီး အနုပညာရှင်များသည် ပြည်သူလူထု၏ ရှေ့ဆောင်များဖြစ်သည်။ အနုပညာရှင်များ၏ အမူအကျင့်များ၊ အလေ့အထများ၊ လှုပ်ရှားမှုများနှင့် ဝတ်စားဆင်ယင်မှုများသည် ပြည်သူများအတွက် နမူနာတစ်ရပ်ပင်ဖြစ်သည်။ အနုပညာဖြင့် မိမိတို့ကို ချစ်မြတ်နိုးကြသော ပြည်သူများအား မည်သို့သော နည်းလမ်းဖြင့် ဦးဆောင်ခေါ်ယူသွားမလဲ၊ မည်သည့်အရာများအား သင်ကြားပြသမလဲဆိုသည်ကို သေချာစွာစဉ်းစားကာ ပြည်သူလူထု၏ ပျော်ရွှင်မှု၊ စိတ် အပန်းပြေမှုနှင့် ဗဟုသုတအတွက် ဖြည့်ဆည်းပေးမည်ဆိုပါက မြန်မာ့ရုပ်ရှင်၊ ဂီတနှင့် သဘင်လောကကြီးများ၏ ရွှေခေတ်များဆီသို့ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# အိန္ဒိယ-မြန်မာကုန်သွယ်ရေးလမ်းပိုင်းဖြစ်သော တီးတိန်-ရိဒ်လမ်းပိုင်းကို ငွေကျပ် ၁၅၅ သန်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်မည်

**ရိဒ် ဇူလိုင် ၁၂**

တီးတိန်-ရိဒ်လမ်းပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေကျပ်သန်း ၁၀၀၊ ပြည်နယ်ရန်ပုံငွေ ၅၅ သန်း၊ စုစုပေါင်းငွေကျပ် ၁၅၅ သန်းဖြင့် ကတ္တရာလမ်းခင်းဖြင့် မြေကာန်ရံနှင့် တွဲလျက် သံကူကွန်ကရစ်ရေထုတ်ပြွန် တစ်ခု၊ ကျောက်လမ်းပြုပြင်ခြင်း ၆ မိုင်နှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းမွန်ဖို့လို**

"ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းဆိုတာ အိန္ဒိယ-မြန်မာကုန်သွယ်ရေးရဲ့ ဒုတိယအကြီးဆုံးနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်ပါတယ်။ လမ်းတွေကောင်းမွန်မှ ပို့ဆောင်ဆက်သွယ်ရေးတွေအဆင်ပြေပါမယ်။ ဒီဘဏ္ဍာနှစ်မှာ အဆင့်မြှင့်တင်မယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်။ နောက်ပြီးတော့ ရိဒ်မြို့နယ်မှာ မြန်မာနှင့် အိန္ဒိယနိုင်ငံမဏိပူရ်ပြည်နယ် အိုက်ဇောမြို့ခံတွေကြားမှာ နာမည်ကြီးတဲ့ ရိဒ်ရေကန်ဆိုတာရှိတယ်။ ဒီရေကန်ကိုလည်း လာရောက်လည်ပတ်တဲ့သူတွေများတယ်။ လမ်းကတော့ အမြန်ဆုံး ကောင်းမွန်ဖို့လိုပါတယ်" ဟု ရိဒ်ဒေသခံတစ်ဦးက ပြောသည်။

"ဒီလမ်းက နှစ်စဉ်နှစ်တိုင်းမိုးရာသီဆိုပျက်တတ်ပါတယ်။ တောင်ပြိုတာတွေ၊ လမ်းပိတ်တာတွေ ခဏခဏဖြစ်တယ်။ လမ်းတွေကလည်း တီးတိန်ကနေ ရိဒ်မြို့ အတက်ဘက်ဆိုရင် တော်တော်လေးမတ်တယ်။ ပွင့်လင်းရာသီဆို သွားလို့ရပေမယ့် မိုးရာသီဆိုသွားလို့မလွယ်တဲ့ လမ်းဖြစ်ပါတယ်။ ဒီလို နိုင်ငံတော်ကနေ လမ်းတွေကို အဆင့်မြှင့်တင်မယ်။ ကတ္တရာလမ်းအဖြစ်ခင်းပေးမယ်ဆိုရင်တော့ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်သွင်းကုန်တွေကလည်း အဆင်ပြေပြီး နိုင်ငံတော်ဘဏ္ဍာ တိုးတက်ရရှိလာနိုင်ပါတယ်" ဟု ရိဒ်မြို့သွား ကားဆရာတစ်ဦးက ပြောသည်။

**စီစဉ်ထားရှိ**

ချင်းပြည်နယ်အတွင်းရှိ တီးတိန်-ရိဒ်လမ်းပိုင်း ကောင်းမွန်စေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်ခဲ့ပြီး လမ်းအူကြောင်းရှာဖွေလေ့လာရန် Survey အဖွဲ့ လာရောက် တိုင်းတာခဲ့ပြီး အိန္ဒိယအစိုးရ၏ကူညီထောက်ပံ့ငွေ Grant ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

**(သျှင်နေမင်း)**

# ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ သန့်ရှင်းရေးကုသိုလ်ယူ



**ရန်ကုန် ဇူလိုင် ၁၂**

ဇူလိုင် ၁၀ ရက် (ဝါဆိုလပြည့်နေ့အကြိုအဖိတ်နေ့) က ခရိုင်အတွင်း အထူးသန့်ရှင်းရေးကုသိုလ်ပြုပွဲအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြသန္တာရဲတင့် ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားရင်ပြင်၌ ကုသိုလ်ယူဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကြက်သွန်နီ-အာလူး ဈေးနှုန်းများမြင့် စားအုန်းဆီဈေးနှုန်းကျဆင်း

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန် ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် ကြက်သွန်နီ-အာလူး ဈေးနှုန်းများ မြင့်တက်လာပြီး စားအုန်းဆီဈေးနှုန်းများ ပြည်တွင်း၊ ပြည်ပ၌ ကျဆင်းလာကြောင်း သိရသည်။

ဇူလိုင် ၁၀ ရက်က ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၄၀-၄၅၀-၅၅၀-၆၀၀၊ တောင်တွင်း ၃၂၅၊ ၄၂၅၊၅၂၅၊ ၅၇၅ ကျပ်၊ ဟဲဟိုးအာလူး တစ်ပိဿာ ငွေကျပ် ၄၀၀-၅၉၀-၆၄၀-၆၄၀-၆၆၀ ၊ စားအုန်းဆီ ရန်ကုန်ဆီဈေးကွက်တွင် လက်ကား လက်ငင်းတစ်ပိဿာ ရောင်းဈေးငွေကျပ် ၁၅၀၀၊ မလေးရှား ပြည်ပစားအုန်းဆီ FOB တစ်တန် ၈၃၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၃ ကျပ်၊ ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေးငွေကျပ် ၁၅၂၄ နှုန်းရှိကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများမှ သိရသည်။

ရှမ်းအာလူးဈေးနှုန်းများမှာ ဇူလိုင် ၅ ရက်တွင် တစ်ပိဿာငွေကျပ် ၄၂၀-၅၃၀-၅၈၀-၅၈၀-၆၀၀ နှုန်းသာ ရှိရာမှ ဈေးမြင့်တက်လာကြောင်း၊ ယခုရက်ပိုင်းဈေးကွက်သို့ ဝင်ရောက်လာသော ဟဲဟိုး အမည်းသီးနှင့် အောင်ပန်းအနီသီးများတွင် အပုပ်များပါတတ်ပြီး အာလူးပုပ်သည် ကူးစက်လွယ်သဖြင့် ပွဲရုံများတွင် အပုပ်များသန့်စင်ပြီးမှ ရောင်းချမှုများရှိနေကြောင်း၊ အာလူးအဝယ်တော်များအနေဖြင့်လည်း ဝယ်ယူရာတွင်လည်း အပုပ်များ ပါ၊ မပါ ရွေးချယ်ဝယ်ယူနေရသည်ဟု သိရသည်။

စားအုန်းဆီ ပြည်ပဈေးနှုန်းများမှာ ဇူလိုင် ၁ ရက်မှစ၍ တစ်ပတ်ကျော်ကြာ FOB မလေးရှားဈေးနှုန်း ၈၄၀ ဒေါ်လာနှုန်းဖြင့် ဈေးငြိမ်နေပြီး ဇူလိုင် ၁၀ ရက်တွင် ၈၃၅ ဒေါ်လာနှုန်းဈေးကျလာကြောင်း၊ ငွေလဲနှုန်း ၉၇၃ ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ ၁၅၂၄ ကျပ်နှုန်းသို့ ကျဆင်းလာကြောင်း ၊ ရန်ကုန်ဆီဈေးကွက်၌ ဇွန် ၂၆ ရက်တွင် လက်ကား လက်ငင်းတစ်ပိဿာ ငွေကျပ်နှုန်း၁၅၂၀၊ ဇူလိုင် ၈ရက်တွင် ၁၅၀၃ ကျပ်နှုန်းရှိရာမှ ဇူလိုင် ၁၀ ရက်တွင်ငွေကျပ် ၁၅၀၀ နှုန်းသို့ ဈေးကျလာကြောင်း ဆီကုန်သည်များမှ ဆိုသည်။

၂၀၁၃ ဇူလိုင်လ ဒုတိယပတ်အတွင်း ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၄၃၀-၄၆၀-၄၆၀-၄၇၅ ကျပ်နှုန်း၊ ဟဲဟိုး အာလူးတစ်ပိဿာ ငွေကျပ် ၇၄၀-၈၆၀-၉၀၀၊ စားအုန်းဆီတစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၁၅၅၀ နှုန်းရှိခဲ့ရာ ယခုနှစ် ဇူလိုင်လဒုတိယအပတ်တွင် အာလူးနှင့်စားအုန်းဆီဈေးနှုန်းသည် ယခင်နှစ်ကာလတူထက် ဈေးသက်သာနေသည်ဟု သိရသည်။

**ခင်ဆိုင်**

ပြည်တွင်းသတင်း

# တပ်မတော်က စွန့်လွှတ်အပ်နှံသည့်မြေများ ပြန်လည်ပေးအပ်

**ကချင် ဇူလိုင် ၁၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ပြည်နယ်သစ်တောနှင့် သတ္တုတွင်း ဝန်ကြီး ဦးအောင်နိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဥပဒေချုပ် ဒေါ်မေရီနန်၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရွှေကူမြို့သို့ ဇူလိုင် ၇ ရက်တွင် ရောက်ရှိပြီး မြို့တော်ခန်းမ၌ နံနက် ၁၀ နာရီတွင် တွေ့ဆုံပွဲကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေး မှူးများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ လူမှုရေး အသင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မည်သည့်လူမျိုး၊ မည်သည့်ဘာသာမဆို ပြည်နယ်တွင် မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ လူမျိုးဘာသာမခွဲခြားဘဲ ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင်လည်း စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမများ ပြည့်မီအောင် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများပြည့်စုံအောင် စီမံပေးနေသည့်အပြင် လူနာများကိုလည်း အခမဲ့ဆေးဝါး ကုသပေးလျက်ရှိကြောင်း ပြောကြားသည်။

ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက ပြန်လည်စွန့်လွှတ်မြေဧက ၈၇၂ ဒသမ ၀၉ ကို ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)အား တောင်သူများထံသို့ ပေးအပ်ရာ တောင်သူတစ်ဦးက လက်ခံယူပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူများက ဆွေးနွေးတင်ပြချက်အပေါ် ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဘိုကုန်းကျေးရွာရေဘေးသင့် ရွှေ့ပြောင်းအိမ်ထောင်စု ၅၇ အိမ်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၂၂ သိန်း၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးမှ ငွေကျပ်ငါးသိန်း၊ မြန်မာမိတ်ကာဟုန်းကုမ္ပဏီမှ ငွေကျပ် ငါးသိန်း၊ ဇီးကွက်နှစ်ကောင်ကုမ္ပဏီမှ ငွေကျပ် ငါးသိန်း၊ မနောဧရာကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း၊ ကောင်းကင်လွန်ကုမ္ပဏီမှ ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး ကချင်စာပေရိုးရာ ယဉ်ကျေးမှုအဖွဲ့က ဝန်ကြီးချုပ်အား ဂါရဝပြုပြီးနောက် ဝန်ကြီးချုပ်ကလည်း ကချင်စာပေရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် ရှမ်းစာပေရိုးရာယဉ်ကျေးမှု အဖွဲ့တို့အား ငွေကျပ်ငါးသိန်းစီ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# ခရိုင် ပြန်/ဆက်ရုံးတွင် WiFi ဖြင့် အင်တာနက်အခမဲ့ ပြန်လည်သုံးစွဲနိုင်ပြီ

**မိတ္ထီလာ ဇူလိုင် ၁၂**

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် WiFi ဖြင့် အင်တာနက်အခမဲ့ ပြန်လည်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ခရိုင်ပြန်/ဆက်ရုံးမှာ အရင်တုန်းက ဝိုင်ဖိုင်(WiFi) အင်တာနက် အခမဲ့ လာရောက်သုံးစွဲသူများအနေနဲ့ အခုပြန်လည်သုံးစွဲနိုင်ပြီဖြစ်ပါတယ်။ အရင်က စကိုင်းနက် အင်တာနက်လိုင်းအမျိုးအစားကို ADSL အင်တာနက်လိုင်း အမျိုးအစားဖြင့် ပြောင်းလဲတပ်ဆင်ထားပြီး လိုင်းဆွဲအားကိုလည်း ဝမ်းမတ်စ်အစား တူးမတ်စ်အထိ နှစ်ဆတိုးမြှင့်ပြောင်းလဲတပ်ဆင်ထားတာမို့ WiFi သုံးစွဲသူတွေအနေနဲ့ အင်တာနက်လိုင်း ယခင်ထက်ကောင်းမွန်စွာ ရယူသုံးစွဲနိုင်ပါတယ်"ဟု အဆိုပါရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

မိတ္ထီလာခရိုင်ပြန်/ဆက်ရုံးတွင် ယခင်က ရုံးစာကြည့်တိုက်သို့ စာအုပ်စာပေ လာရောက်ငှားရမ်းဖတ်ရှုသူများ၊ ကျောင်းသား ကျောင်းသူများနှင့် အင်တာနက်သုံးစွဲသူများသည် ၎င်းတို့၏ လက်တော့ပ်၊ မိုဘိုင်းဖုန်း၊ တက်ဘလက်စသည့် အီလက်ထရွန်နစ်မီဒီယာပစ္စည်းများဖြင့် ရုံးမှအခမဲ့ ထုတ်လွှင့်ပေးထားသည့် WiFi အင်တာနက်လိုင်းကို နေ့စဉ်လာရောက်သုံးစွဲလေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးအုပ်စုဖွဲ့ ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၂**

မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် (UNSPA)တို့ ပူးပေါင်းကျင်းပသည့် ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါ တားဆီးတိုက်ဖျက်ရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သော အန္တရာယ်ရှိသော လိင်ဆက်ဆံမှုတိုင်းတွင် ကွန်ဒုံးအသုံးပြုရေးစီမံချက် ဆောင်ရွက်သူများ အုပ်စုဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးက အဖွဲ့အစည်းစုံပူးပေါင်းပြီး မြို့နယ်အဆင့် အုပ်စုဆွေးနွေးပွဲကျင်းပရခြင်းကို ရှက်ရွံ့စရာအသွင်သဘောမထားဘဲ ကျန်းမာရေးရှုထောင့်မှကြည့်ကာ ပါဝင်ဆွေးနွေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်က အန္တရာယ်ရှိသော လိင်ဆက်ဆံမှုတိုင်းတွင်ကွန်ဒုံးအသုံးပြုရေး စီမံချက်ဆိုင်ရာ အချက်အလက်များကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍မြို့နယ်ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာနမှအဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းမြင့်သူက မြို့နယ်အဆင့်ဆောင်ရွက်နေသော ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒေါက်တာဒေါ်ယဉ်နွယ်စိုး(MANA)က မြို့နယ်အတွင်း HIV,AIDS ရောဂါကာကွယ်နှိမ်နင်းရေး တိုက်ဖျက်ရေးလုပ်ငန်းများကို အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများ (NGOs)မှ လုပ်ကိုင်ဆောင်ရွက်နေပုံများကိုလည်းကောင်း ဆွေးနွေးရှင်းလင်းပြောကြားသွားသည်။ ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ကာရာအိုကေလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကြက်ခြေနီခေါင်းဆောင်များ တက်ရောက်လာကြပြီး ပါဝင်ဆွေးနွေးကာ ကျန်းမာရေးဦးစီးဌာနမှ ကွန်ဒုံးများအခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# ဘုရားဖူးလာငါးကြီးများအား ကြိုဆိုပွဲနှင့် ငါးကျွေးဆိပ်ဖွင့်ပွဲကျင်းပ

**မင်းဘူး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားကြီးသို့ ဘုရားဖူးရောက်ရှိလာသော ငါးကြီးများ ကြိုဆိုဖိတ်ခေါ်ပွဲနှင့် ငါးကျွေးဆိပ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ကျောင်းတော်ရာအုပ်စု ဘူးသည်ငါးကျွေးဆိပ်ကမ်း၌ ကျင်းပသည်။

ငါးကျွေးဆိပ် ဖွင့်ပွဲအခမ်းအနားတွင်သြဝါဒါစရိယအဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘုရားဖူးလာငါးကြီးများအား အစာခေါ်ကျွေးခြင်းနှင့် အမွှေးနံ့သာများပက်ဖျန်းပေးခြင်းတို့ ပြုလုပ်သည်။

"ဘုရားဖူးလာငါးကြီးများက နှစ်စဉ်နှစ်တိုင်း ဝါတွင်းကာလမှာ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးသို့ လာရောက်ဦးခိုက်ကြပါတယ်။ ဘုရားဖူးငါးကြီးတွေကို ငါးကျွေးဆိပ်ကနေ ခြောက်မိုင်ခန့် အကွာအဝေးရှိ ဧရာဝတီမြစ်ဝအထိ သွားရောက်ကြိုဆိုပေးကြရပါတယ်။ အဲလိုကြိုဆိုတဲ့နေရာမှာ စက်ရေယာဉ်လေးစင်းဖြင့် ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့၊ လှုံ့ဆော်ပြန်ကြားရေးနှင့် သီတာရေကြည်အဖွဲ့ ဓမ္မစကြာဝတ် အသင်းနဲ့ တီးဝိုင်းအဖွဲ့များဖြင့် သွားရောက်ကြိုဆိုကြပါတယ်။ ဘုရားဖူးများအနေနဲ့ကတော့ နှစ်စဉ်နှစ်တိုင်းစည်ကားပါတယ်"ဟု ငါးကျွေးဆိပ်ကမ်းရှိ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ငါးကျွေးဆိပ်ကမ်းတွင် ဘုရားဖူးငါးများကို စောင့်ကြိုနေသော ဘုရားဖူးများအား တွေ့ရစဉ်။ ဓာတ်ပုံ-ချစ်သမီး

"ကျောင်းတော်ရာကို အခုလို ဝါတွင်းမှာ ဘုရားဖူးငါးကြီးတွေ လာရောက်တဲ့အတွက် နှစ်တိုင်းငါးစာကျွေးရောက်ဖြစ်ပါတယ်။ ယခင်နှစ် ၆၀ ကျော်လောက်ကတော့ ဘုရားဖူးငါးကြီးများ မရေတွက်နိုင်လောက်အောင် ပေါ်ခဲ့တယ်လို့ သိရပါတယ်။ ယခုနောက်ပိုင်းမှာ ငါးကြီးတွေ အကောင်ရေ ၂၅-၃၀ လောက်ပဲ ပေါ်ပါတော့တယ်။ ကျွန်မတို့က ငါးစာကျွေးပြီးတော့ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကို သွားရောက်ဖူးမြော်ပြီး တစ်နေကုန်နေပါတယ်"ဟု ဘုရားဖူးလာသူ တစ်ဦးက ပြောသည်။

"ဘုရားဖူးငါးများက နှစ်စဉ်ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ နေပါတယ်။ ဘုရားဖူးများကတော့ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီးတော့ စည်ကားလာပါတယ်။ ဝါဆိုလပြည့်နေ့ ငါးကြိုပွဲနှင့်ဝါခေါင်လပြည့်နေ့တွေမှာဆိုရင် ဘူးသည်ငါးကျွေးဆိပ်ကမ်းမှာ ဆိုင်ကယ်၊ စက်ဘီး၊ ကားတွေနဲ့ပြည့်နေပါတယ်။ ပွင့်ဖြူမြို့နယ်အနီးတစ်ဝိုက်မှ ဒေသခံပြည်သူများနှင့် မြို့ကြီးပြကြီးများမှ လာရောက်သော ဘုရားဖူးများကလည်း ဝါတွင်းကာလ ငါးကျွေးချိန်မှာ လာရောက်ကြတာများပါတယ်။ ဘုရားဖူးငါးတွေကတော့ နှစ်စဉ်ဝါတွင်းကာလမှာ ကျောင်းတော်ရာဘုရားကြီးသို့ လာရောက်ဦးခိုက်နေတာ ယခုအချိန်ထိပါပဲ"ဟု ဒေသခံ ဒေါ်ခင်သန်းမြင့်က ပြောသည်။

**ဇူလိုင်မိုး**

# ထန်းပင်များခုတ်လှဲရောင်းချခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်

**မလှိုင် ဇူလိုင် ၁၂**

မလှိုင်မြို့နယ်အတွင်း ရှေးကပင် စိုက်ပျိုးခဲ့သည့် ထန်းပင်များ အမြောက်အမြား ပေါက်ရောက်လျက်ရှိရာယခုအခါ သစ်အစားထိုး ခုတ်လှဲခွဲစိတ် ရောင်းချမှုများကြောင့် ထန်းပင်များ လျော့နည်းလာပြီဖြစ်ကြောင်း သိရသည်။ ထန်းပင်မှ ထွက်ရှိသော ထန်းရည်၊ ထန်းလျက်၊ ထန်းလျှော်၊ ထန်းလက်ထိုင်၊ ထန်းဖျာ၊ ထန်းမြစ်စသည်များ ထွက်ရှိခြင်းကြောင့် ထန်းပင်မှာတန်ဖိုးမဖြတ်နိုင်သည့်အပင်ဖြစ်သည်။

ထန်းပင်ကို ထန်းစိုက်တောင်သူများက အပင်လိုက် ခုတ်လှဲရောင်းချခြင်းကြောင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို တစ်ထောင့်တစ်နေရာ ထိခိုက်နိုင်ကြောင်း သိရသည်။

အဆိုပါဒေသရှိ ထန်းစိုက်ပျိုးသည့် ဒေသခံတစ်ဦးက "ကျွန်တော်တို့ ဒေသက ထန်းပင်အလွန်ပေါပါတယ်။ ထန်းပင်က တောင်သူကို အကျိုးပြုတဲ့အပင်ဖြစ်ပြီး ထန်းပင်တစ်ပင်ဖြစ်ဖို့ နှစ်အတော်များစွာ စိုက်ပျိုးမှုရတာပါဟု ပြောပြသည်။

"သို့သော် ယခုအခါ သစ်ပွဲစား(ဝါ)သစ်ခွဲစက်ပိုင်ရှင်များရဲ့ စကားကိုနားယောင်ပြီး ထန်းပင်များကို ခုတ်လှဲရောင်းချခြင်းကြောင့် မိမိတို့ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးထားတဲ့ ပဒေသာပင်(ဝါ)ထန်းပင်ကို ရောင်းစားခြင်းကြောင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ထိခိုက်



နိုင်မည်ဖြစ်ပါတယ်၊ ယင်းကြောင့် မြို့နယ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများက တောင်သူတွေကို အသိပညာပေး ဟောပြောပွဲတွေ ပြုလုပ်ပေးသင့်ပါတယ်"ဟု ဆက်လက် ပြောကြားသည်။

**ကျော်ကျော်(မလှိုင်)**

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဘောလုံးပြိုင်

**ရေနံချောင်း ဇူလိုင် ၁၂**

ရေနံချောင်းမြို့အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် ညနေ ၃ နာရီခွဲမှ ၅ နာရီအထိ ရေနံချောင်းမြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် (MP)ဘောလုံးအသင်းမှ (Civil)ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဆုပေးပွဲအခမ်းအနားကျင်းပခဲ့ရာ ရေနံချောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်မြင့်နှင့် ဆရာဆရာမများက ကျောင်းသား၊ ကျောင်းသူများ၊ ဒိုင်လူကြီးများ၊ ဘောလုံးသမားများနှင့် ဝါသနာရှင်ပရိသတ်စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျောင်းအုပ်ဆရာကြီးဒေါက်တာကျော်မြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ကြကြောင်း သိရသည်။

**သိန်းဇော်**

# မြန်မာတို့ ဂုဏ်ယူစရာ ဗိဿနိုးမြို့ဟောင်းပါ


တင်လှိုင် (မိတ္ထီလာ)

မြန်မာတို့သည် ရှေးနှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း နေထိုင်ခဲ့သော လူမျိုးဖြစ်သည်။ မြန်မာအစ တကောင်းက ဟူ၍ပင် စာဆိုရှိခဲ့သည်။ တကောင်းခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ပင်းယခေတ်၊ ကုန်းဘောင်ခေတ်ဟူ၍ သမိုင်းအစဉ်အလာရှိခဲ့သည်။

မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့် နေထိုင်လာခဲ့သော လူမျိုးများဖြစ်သည်။ ထို့ကြောင့်ပင် ယနေ့ ပျူမြို့ဟောင်းသုံးမြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က စတင်ဖွံ့ဖြိုးခဲ့သည်။ မြန်မာနိုင်ငံ၏ အစောဆုံးမြို့များဖြစ်ခြင်း၊ လွန်စွာရှေးကျပြီး ကြံ့ခိုင်မှုအားနည်းနေခြင်း၊ မြေပေါ်အမွေအနှစ် အထောက်အထား ကြွင်းကျန်မှုနည်းပါးနေခြင်း၊ မြန်မာများပင်လျှင် ပျူခေတ်အမွေအနှစ်၏ အရေးပါမှု၊ တန်ဖိုးရှိမှုကို ဂယနဏသိသူ နည်းပါးခြင်းတို့ကြောင့် အမြန်ဆုံး ကာကွယ်ထိန်းသိမ်းရန် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် မြန်မာနိုင်ငံ၏ ပျူရှေးဟောင်းမြို့မှာ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ မြို့ဟောင်းများဖြစ်ကြသည်။ ထိုပျူမြို့ဟောင်း သုံးမြို့တွင် ဗိဿနိုးမြို့ဟောင်းသည် တောင်တွင်းကြီးမြို့နယ်ထဲတွင် ပါဝင်သည်။ တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၀ မိုင်ကွာ မကွေး-တောင်တွင်းကြီးသွား ကားလမ်းပေါ်တွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၅၀ အမြင့်တွင် ရှိသည်။ အကျယ်အဝန်းမှာ ၃ ဒသမ ၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့ရိုးမှာသုံးဖက်သာ ထင်ရှားပြီး အနောက်ဘက်တွင် အင်းကြီးကန်ရှိသည်။ အရှေ့မြို့ရိုး အရှည်ပေ ၁၀၀၀၀၊ မြောက်ဘက်မြို့ရိုး ပေ ၉၀၀၀၊ တောင်ဘက်မြို့ရိုး ပေ ၈၀၀၀ ရှိသည်။ မြို့ဝင်ပေါက်အဖြစ် တစ်ဖက် သုံးပေါက်စီရှိပြီး မြို့ဟောင်းအလယ်ဗဟိုတွင် အလျားပေ ၁၈၀၀ ခန့်၊ အနံပေ ၁၂၀၀ ခန့်ရှိ လေးထောင့်ပုံ နန်းတော်ရာမြို့ရိုးရှိသည်။

ဗိဿနိုးမြို့ဟောင်း၏ သမိုင်းကြောင်းမှာ မဟာရာဇဝင်ကြီး ပထမတွဲတွင် အကျဉ်းမျှသာ ဖော်ပြထားသည်။ မင်းတုန်းမင်းလက်ထက် နေမျိုးမင်းလှ သီရိသင်္ချာဘွဲ့ခံ မြေလတ်စစ်ကဲကြီး ပြုစုထားသည့် တောင်တွင်းကြီးသမိုင်းတွင် မဟာသမ္ဘဝနှင့် စန္ဒမုခိဘီလူးမတို့ စုံဖက်ပြီး ဖွားမြင်သည့် မိန်းကလေးကို ဘီလူးမက စွန့်ပစ်ထားသည့်အတွက် ရသေ့ကြီးတစ်ပါးက ကောက်ယူမွေးစားခဲ့သည်။ ထိုသူငယ်မ ကြီးပြင်းလာသောအခါ ရှေးဘဝက ပေရွက်လျှုပြီး ဆုတောင်းပန်ထွာပြုခဲ့သည်ကို သိကြားမင်းသိရှိသဖြင့် မောင်နှမတော်ခဲ့ဖူးသည့် ဗိဿနိုးနတ်မင်းကြီးကို မစရန် ပြောကြားသည့်အတွက် မြို့ပြထီးနန်း ဖန်ဆင်းပေးခဲ့သည်။ ဗိဿနိုးနတ်မင်း ဖန်ဆင်းပေးသည့်အတွက် ဗိဿနိုးမြို့ ဟု အမည်တွင်သည်။ သရေခေတ္တရာကို အုပ်စိုးသည့် ဒွတ္တပေါင်မင်းက ပန်ထွာပြည်ကို လုပ်ကြံသည့်အခါ ပန်ထွာမင်းသမီးက သိကြားမင်းပေးသည့်စည်တော်ကြီးကို တီးခတ်သည့်အခါ ရန်ပယ်ချောင်းမှ ရေလျှံသည့်အတွက် စစ်သည်အလုံးအရင်း ကျဆုံးပြီး ထွက်ခွာခဲ့ရသည်။ ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် စည်တော်ကြီးကို ဖျက်ဆီးပြီး နောက်တစ်ကြိမ် စစ်ချီရာ အောင်မြင်သဖြင့် ပန်ထွာမင်းသမီးကိုပါ ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု အကျယ်တဝင့်ပါရှိသည်။

ဗိဿနိုးမြို့ဟောင်းကို တူးဖော်သုတေသနပြုရသည့် ရည်ရွယ်ချက်က သမိုင်းဦး လူ့ယဉ်ကျေးမှုကို လေ့လာရန်ဖြစ်သည်။ ဗိဿနိုးမြို့ဟောင်းကို ၁၉၁၅ ခုနှစ်က ကမ္ပည်းကျောက်စာဝန် မစ္စတာတော်စိန်ခိုနှင့်အဖွဲ့က တောင်ဘက်မြို့ရိုးအနီး နှစ်နေရာကို စတင်တူးဖော်ခဲ့သည်။ အရိုးပြာများကိုသာ တွေ့ရသဖြင့် ဆက်လက်တူးဖော်ခြင်းလုပ်ငန်း ရပ်ဆိုင်းထားခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရှေးဟောင်းသုတေသနက ညွှန်ကြားရေးဝန် ဦးအောင်သော်၊ ဦးစိန်မောင်ဦး၊ ဦးမြင့်အောင်နှင့် ဦးဘိုကေတို့အဖွဲ့က ခြောက်ကြိမ်အုတ်ကုန်း ၂၅ ကုန်းကို တူးဖော်သုတေသနပြုခဲ့ကြသည်။ ထိုအုတ်ကုန်း ၂၅ ကုန်းတွင် အုတ်ကုန်းငါးကုန်းက မြို့ရိုးနှင့် အရံအတားများဖြစ်သည်။ အုတ်ကုန်းလေးကုန်းက အဆောက်အအုံများဖြစ်သည်။ အုတ်ကုန်း ၁၀ ကုန်းက ဘာသာရေး အဆောက်အအုံများဖြစ်သည်။ ၁၉၉၅ ခုနှစ်မှ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အထိ အုတ်ကုန်းပေါင်း ၃၈ ကုန်းကို တူးဖော်သုတေသနပြုထားပြီး ဖြစ်သည်။

ထိုအုတ်ကုန်းများကို သုတေသနပြုစုလေ့လာချက်အရ မြို့ရိုး အရံအတားများ၊ မြို့ဝင်ပေါက်များ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး သို့မဟုတ် ထုံးတမ်းစဉ်လာအဆောက်အအုံများပါဝင်သည်။ ထို့အပြင် မြေအိုးမြေခွက်များ၊ ပုတီးစေ့များ၊ မြေထည်ပစ္စည်းများနှင့် ဒင်္ဂါးပြားများ၊ သံထည်ပစ္စည်းများနှင့် လူနှင့် တိရစ္ဆာန်အရိုးများတွေ့ရပြီး စာပေအထောက်အထား မတွေ့ရသော်လည်း ဘာသာရေးဆိုင်ရာ အထောက်အထားအနေဖြင့် ကြေးဗုဒ္ဓဆင်းတုတစ်ဆူ၊ ကြေးခေါင်းလောင်းတစ်ခု တွေ့ရသည်။

ဗိဿနိုးမြို့ဟောင်း တူးဖော်လေ့လာချက်များအရ အေဒီ ၁ ရာစုမှ ၅ ရာစုခန့်အထိ တည်ရှိခဲ့ပြီး ပျူလူမျိုးများ အခြေချနေထိုင်ခဲ့ကြောင်း၊ အေဒီ ၅ ရာစုတွင် မီးလောင်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံတကာရက်စွဲသတ်မှတ်ရေးအဖွဲ့က ၁၉၆၂ ခုနှစ်တွင် ရေဒီယိုကာဗွန် (၁၄)စမ်းသပ်နည်းဖြင့် စမ်းသပ်စစ်ဆေးချက်အရ နှစ်ပေါင်း ၂၀၀၀ ကျော်က တည်ရှိခဲ့ကြောင်း သိရသည်။

ဗိဿနိုးမြို့ဟောင်း၏ ပုံသဏ္ဌာန်မှာ အတွင်းမြို့ရိုး၊ အပြင်မြို့ရိုး နှစ်ထပ်ဖြင့် တည်ဆောက်ထားသည်။ မြို့ရိုးထောင့်ချိုး နေရာများမှာ ထောင့်မှန်မကျဘဲ ဝေ့ဝိုက်တည်ဆောက်ထားသည့် (ROUND CITY TYPE) ဖြစ်သည်။ အင်းဝ၊ ပင်းယ၊ ပုဂံခေတ်မြို့ရိုး ပုံစံများနှင့် ထောင့်ချိုးမတူတာ တွေ့ရသည်။ ပျူလူမျိုးတို့တွင် ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ခြင်းမပြုသည့် ဗုဒ္ဓဘာသာဂိုဏ်းဝင်များလည်း ရှိကြသည်။ အိန္ဒိယတောင်ပိုင်း ယဉ်ကျေးမှု ပျံ့နှံ့ရောက်ရှိခဲ့ပြီး အမရဝတီနှင့် နာဂဇုနကုဏ္ဍရှိ ရုပ်ပွားတော်ကိုးကွယ်ခြင်းမပြုသည့် အပရသေတိယဂိုဏ်းနှင့် ပတိသာသကဂိုဏ်း ဗုဒ္ဓဘာသာဝင်တို့က ဗိဿနိုးတွင် သာသနာပြုခဲ့ကြသည်ဟု ယူဆရသည်။ အဆောက်အအုံပန္နက်ပုံစံသည် ပုဂံရှိ တိုက်ကျောင်း၊ ဂူဘုရားများနှင့် အချိုးညီသည်ကို တွေ့ရသည်။ ဗိဿနိုးမြို့ဟောင်းသည် ပျူလူမျိုးများ အခြေချနေထိုင်ခဲ့ကြပြီး ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် မြို့ဟောင်းဖြစ်သည်။ ဗိဿနိုး ပျူလူမျိုးများသည် သစ်ဝါးဖြင့် ဆောက်လုပ်ထားသည့် အိမ်များတွင် နေထိုင်ကြပြီး ကြီးမားသည့် အုတ်များဖြင့် ထုထည်ကြီးမားသည့် နံရံများအဖြစ် တည်ဆောက်ထားကြသည်။ တူးဖော်ရရှိသည့် အဆောက်အအုံကို ကြည့်ခြင်းအားဖြင့် ဗိသုကာအတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်နေပြီဖြစ်သည်။ အဆောက်အအုံနံရံများတွင် အင်္ဂတေမွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးခြယ်ခြင်းတို့ကိုလည်း ပြုလုပ်ထားသည်။ နံရံများတွင် ပန်းချီများရေးဆွဲထားသည်ကို တွေ့ရခြင်းအားဖြင့် ဗိဿနိုး ပျူလူမျိုးများသည် ပန်းချီအတတ်ပညာကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြသည်။

ဗိဿနိုး ပျူလူမျိုးများ၏ အဆောက်အအုံများတွင် သေးငယ်ပါးလွှာပြောင်ချောသည့် ရွှေခွက်ငယ်တစ်ခု၊ ငွေခွက်ငယ်တစ်ခု၊ ကြိုးတပ်ရန် အပေါက်ပါသည့် ရွှေပုတီးစေ့တစ်ခု တူးဖော်ရရှိသဖြင့် ပန်းထိမ်အတတ်ပညာကိုလည်း တတ်မြောက်ထားပြီဖြစ်သည်။ ဗိဿနိုး ပျူမြို့ဟောင်းတွင် တွေ့ရသည့် အုတ်အရွယ်အစားများမှာ အလျား ၂၀ လက်မ၊ အနံ ၁၀ ဒသမ ၅ လက်မ၊ ထု ၃ ဒသမ ၅ လက်မ၊ အလျား ၁၈ လက်မ၊ အနံ ၉ လက်မ၊ ထုသုံးလက်မနှင့် အလျား ၁၇ ဒသမ ၅ လက်မ၊ အနံ၈ ဒသမ ၅ လက်မ၊ ထု ၂ ဒသမ ၅ လက်မ အုတ်များဖြစ်သည်။ အုတ်များ မီးမဖုတ်မီ လက်နှစ်ချောင်း (သို့) လက်သုံးချောင်းဖြင့် အုတ်ပြားမျက်နှာပြင်တွင် အစင်းကြောင်းများ ဆွဲထားလေ့ရှိသည်။ အုတ်ဖုတ်သည့်အခါ စပါးခွံများ ထည့်သွင်းပြီး ဖုတ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ပျူလူမျိုးများသည် အုတ်ဖုတ်သည့်အတတ်ကိုလည်း တတ်မြောက်ခဲ့ကြသည်။ အုတ်ဖုတ်သည့်အခါ စပါးခွံထည့်ဖုတ်သည့်အတွက် မြန်မာနိုင်ငံတွင်လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကတည်းက စပါးစိုက်ပျိုးနေပြီကို သိရသည်။ ဗိဿနိုးမြို့ဟောင်းမှ ငွေဖြင့်ပြုလုပ်ထားသော ဒင်္ဂါးများကို တွေ့ရသည်။

ဗိဿနိုးမြို့ဟောင်း တူးဖော်ရာတွင် ဉာဏ်တော် ခြောက်လက်မ၊ ပြက် ၂ ဒသမ ၅ လက်မရှိ ကြေးဆင်းတုတော်တစ်ဆူနှင့် အမြင့်သုံးလက်မ၊ လုံးပတ်ရှစ်လက်မရှိ ကြေးခေါင်းလောင်းတစ်လုံးတူးဖော်ရရှိသည့်အတွက် ဗိဿနိုးမြို့ဟောင်းမှာ ဗုဒ္ဓဘာသာထွန်းကားခဲ့သည်ဟု သိရသည်။

ဗိဿနိုး ပျူမြို့ဟောင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်မှ စတင်၍ အရှေ့တောင်အာရှဒေသအတွင်း သက်တမ်းရှည်သော အဆင့်မြင့် ယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး မြန်မာတွင်သာမက ကမ္ဘာကပါ အသိအမှတ်ပြုပြီး ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရမှုသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် ဖြစ်သည်။ ထို့ကြောင့် ဗိဿနိုး ပျူမြို့ဟောင်း၏အမွေအနှစ် ယဉ်ကျေးမှုလက်ရာများသည် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာအဖြစ် ရေးသားတင်ပြလိုက်ပါသည်။

## ပြည်တွင်းသတင်း

### ဝါဆိုလပြည့်နေ့၌ ကိုးထပ်ကြီးဘုရားတွင် နဝင်္ဂအလှူတော်မင်္ဂလာကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

စမ်းချောင်းမြို့နယ် ဗားကရာတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား အရိပ်တော်အောက်ရှိ နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းက ဦးဆောင်၍ ဇူလိုင် ၁၁ ရက် (ဝါဆိုလပြည့်နေ့)က (၂၂) ကြိမ်မြောက် ဝါတွင်းအဓိဋ္ဌာန်ဖွင့်ပွဲ (ပဏာမနဝင်္ဂအလှူတော်) အခမ်းအနားကို ဘုရားကြီး၏ ရင်ပြင်တော်၌ ကျင်းပရာ နံနက်အရုဏ်တက်ချိန်မှစ၍ ဆွမ်းကိုးမျိုး၊ သစ်သီး၊ ပန်း၊ ရေတော်များဖြင့် ဘုရားကြီးအား ဆက်ကပ်လှူဒါန်းပြီး အသင်းသား အသင်းသူများက လယ်တီမဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဘုရားဖူးလာ ပရိသတ်တို့အား မုန့်ဟင်းခါးဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့သည်။ မွန်းလွဲ ၁ နာရီတွင် ဗားကရာဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ တိုက်တာ နာယကဆရာတော်ကြီးများ၊ ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ ပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဝါဆိုလပြည့်နေ့ဖြစ်သည်နှင့်အညီ ဘုရားကြီးရင်ပြင်တော်ပေါ်၌ ဥပုသ်သီတင်းဆောက်တည်သူများ၊ ဘုရားဖူးလာ ပရိသတ်များဖြင့် တစ်နေကုန်စည်ကားများပြားလျက်ရှိပြီး ဘုရားဖူးလာပရိသတ်များအား အလှူရှင်များက အာဟာရဒါနအဖြစ် မုန့်၊ အအေး၊ ကော်ဖီများဖြင့် တိုက်ကျွေးကုသိုလ်ပြုခဲ့ကြသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

### ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၂**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်က ကြီးမှူးကျင်းပသော မြို့နယ်စာရေးဆရာအသင်းဝင်များ၏ သားသမီးများ၊ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ပွဲနှင့် အသင်းဝင်သွေးလှူရှင်အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်စာရေးဆရာအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်(သိန်းအောင်ဦး-ညောင်လေးပင်)က ပညာရည်ချွန်ဆုပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးနေလင်း၏ သမီး မခိုင်သီရိ၊ မြို့နယ်စာရေးဆရာအသင်းဝင် ဒေါ်စန်းမြင့်တင်၏သမီး မသဇင်မြင့်အောင်နှင့် မြန်မာအမျိုးသမီးများနေ့တွင် (၇၃) ကြိမ်မြောက်သွေးအလှူရှင်ဆုရရှိခဲ့သော မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာမ ဒေါ်အေးအေးမြင့်တို့အား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)နှင့် မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်(သိန်းအောင်ဦး-ညောင်လေးပင်)တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် စာရေးဆရာ မင်းမြတ်ဘုန်း(မင်းမြတ်ဘုန်း-ညောင်လေးပင်)က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကာ သွေး အလှူရှင်ဆုရ ဆရာမဒေါ်အေးအေးမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



### မြန်ဂုဏ်ဆောင်စာပေဆုချီးမြှင့်ရေးလုပ်ငန်းညှိနှိုင်း

**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ ကျေးလက်ဒေသ စာပေအရည်အသွေးမြင့်မားရေး မြန်ဂုဏ်ဆောင်စာပေဆု ချီးမြှင့်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)က ကျေးလက်ဒေသ စာပေအရည်အသွေးမြင့်မားရေး၊ မြန်ဂုဏ်ဆောင်စာပေဆုချီးမြှင့်ရေး၊ စာဖတ်ဝိုင်း၊ ကျပန်း၊ စကားရည်လုပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာပေရေးရာသင်တန်း၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ရေးတို့ကို ဆွေးနွေးသည်။ ကျေးလက်ဒေသစာပေပြန့်ပွားရေးကို မတည်ရင်းနှီးငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၉၂)**

# မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမြေတွင် မီးလောင်မှုဖြစ်ပွား

**မကွေး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမြေ လုပ်ကွက်အမှတ်(၅)တွင် ဇူလိုင် ၁၁ ရက်ညက မီးလောင်မှုဖြစ်ပွားခဲ့သည်။

**အရေးယူ**

ဖြစ်စဉ်မှာ ဒဟတ်ပင်ရေနံမြေလုပ်ကွက် အမှတ်(၅)တွင် နိုင်စိုး(၃၃ နှစ်)ပဒါန်းကျေးရွာ ငဖဲမြို့နယ်နေသူသည် အရက်သောက်စားမူးယစ်ပြီး ၄င်း၏ဇနီးဖြစ်သူနှင့် တဲအတွင်းစကားများရန်ဖြစ်ရာ အနီးရှိ ခွာတ်ဆီပုံးကို တိုက်မိမှောက်ကျခဲ့ရာမှ အနီးတွင်ထွန်းထားသည့် ခြင်ဆေးခွေနှင့် ထိမိ၍ မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ရာ ၄င်း၏တဲ (၃×၂) ပင်၊ သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းမီးလောင်ကျွမ်းခဲ့ပြီး အဆိုပါတဲနှင့်ကပ်လျက်ရှိသည့် ဦးမျိုးမင်း၏ (၃×၄) ပင်၊ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းမြေစိုက်တဲများ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် အနီးရှိ လူအများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါမီးလောင်မှုကြောင့် တဲနှစ်လုံး တန်ဖိုးငွေကျပ် ငါးသိန်းကျော် ဆုံးရှုံးခဲ့ရကြောင်းနှင့် မီးကူးစက်လောင်ကျွမ်းစေသူ နိုင်စိုးအား မင်းလှမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဆိုင်ကယ်နှင့် စက်ဘီးမျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ကြံခင်း ဇူလိုင် ၁၂**

ကြံခင်းမြို့ မြို့မရပ်ကွက်ရှိ ကြံခင်းဆိပ်သာ ကားလမ်းမကြီး (မက်သနောလ်လမ်းဆုံ) အနီးတွင် ဇူလိုင် ၁၀ ရက် ည ၈ နာရီခန့်က မြို့လယ်အင်းရွာမှ ကြံခင်းဘက်သို့ အောင်ကျော်သူ မောင်းနှင်လာသော JLM-110 အနက်ရောင်ဆိုင်ကယ်နှင့် ကြံခင်းဘက်မှ ကိုဝင်းမော်ဆိုသူ စီးနင်းလာသည့် စက်ဘီးတို့ မျက်နှာချင်းဆိုင်တိုက်မိရာ နှစ်ဦးစလုံး ကတ္တရာလမ်းမပေါ်သို့ လဲကျပြီး ဆိုင်ကယ်မောင်းနှင်သူ အောင်ကျော်သူတွင် ပွန်းပဲ့ဒဏ်ရာ အနည်းငယ်ရရှိ၍ စက်ဘီးစီးနင်းသူ ကိုဝင်းမော်မှာ သွေးထွက်ဒဏ်ရာများ ရရှိခဲ့သည်။

အခင်းဖြစ်နေရာသို့ ကြံခင်းမြို့မ ရဲစခန်းတာဝန်ကျ ရဲအရာခံအေးကိုနှင့်အဖွဲ့ ရောက်ရှိ၍ လုပ်ငန်းများဆောင်ရွက်ပြီး ဒဏ်ရာရရှိသူ နှစ်ဦးစလုံးအား ကြံခင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသစေခဲ့ရာ စက်ဘီးစီးနင်းသူ သမ္ဘုရာ အင်းကြီးရွာ ကဇင်းကြီးအုပ်စု ကြံခင်းမြို့နယ်နေ ကိုဝင်းမော် (၃၅ နှစ်)မှာ ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲခန့်တွင် ကြံခင်းမြို့ ပြည်သူ့ဆေးရုံ၌ သေဆုံးသွားခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ကြံခင်းမြို့ မြို့မရပ်ကွက်နေ အောင်ကျော်သူ(၁၈ နှစ်)အား ကြံခင်းမြို့မရဲစခန်းမှ အမှုစစ် ဒုရဲအုပ်အောင်နိုင်ဦးက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဇိ)**

# ဧရာဝတီမြစ်အတွင်း စက်လှေပေါ်တွင် အမျိုးသားတစ်ဦးသေဆုံးနေ

**ကသာ ဇူလိုင် ၁၂**

ကသာခရိုင် ထီးချိုင့်မြို့နယ် ထီးချိုင့်မြို့မရဲစခန်း၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ဆပ်ကျကျွန်း ဆိပ်ကမ်းအနောက်ဘက်အနီး ဧရာဝတီမြစ်အတွင်း သောင်တင်နေသည့် စက်လှေပေါ်တွင် အမည်မသိ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း ကျောက်မှော်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ စာရေး မျိုးမြင့်အောင်က ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားသဖြင့် ထီးချိုင့်မြို့မ ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် စောထူးဖောနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်က သက်သေကျောက်မှော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဆွေဦး၊ ဆပ်ကျကျေးရွာ ရာအိမ်မှူးဦးနန်းတင်အဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြသည်။

အခင်းဖြစ်နေရာတွင် စက်လှေမှာ ရေထဲတွင် တစ်ခြမ်းစောင်း၍ နစ်မြုပ်နေပြီး ဦးခေါင်းပိုင်းမှာ သောင်တင်၍ အမည်မသိအမျိုးသားတစ်ဦးမှာ ငါးဖမ်းပိုက်ခေါင်းကြိုးများ ကိုင်တွယ်ရစ်ပတ်လျက် ပက်လက်အနေအထားဖြင့် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အမည်မသိသူတစ်ဦးသေဆုံးခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



# ဘုရင့်နောင်ပွဲရုံဝင်း ယာဉ်ပိတ်ဆို့မှုဖြစ်ချိန် မော်တော်ဆိုင်ကယ်ရှစ်စီး ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇူလိုင် ၁၂**

ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီမှ ညသန်းခေါင်ယံအထိလည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၉ နာရီမှ ည ၉ နာရီ အထိလည်းကောင်း ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရာ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်ကြောရှင်းလင်းနေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရိုးကြီးချောင်းပတ်လမ်းဝင်ပေါက်ဝမီးပွိုင့်အနီး ရိုးကြီးချောင်းခုံးတံတားဘေးတွင် ရန်ကုန်မြို့တွင်း စီးနင်းခွင့်တားမြစ်ထားသော မော်တော်ဆိုင်ကယ်များကို ဖမ်းဆီးမှုပြုလုပ်ရာ ဇူလိုင် ၈ ရက် ညနေ ၅ နာရီဝန်းကျင်တွင် မော်တော်ဆိုင်ကယ်ရှစ်စီး ဖမ်းဆီးရမိကြောင်း ဖမ်းဆီးသည့်နေရာတွင် မျက်မြင်တွေ့ရှိသူများက ဆိုသည်။

ဘုရင့်နောင်လမ်းမကြီးအပါအဝင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း နေ့စဉ် မော်တော်ဆိုင်ကယ်စီးနင်းနေခြင်းကို မြင်တွေ့နေရပြီး ဦးထုပ်မပါခြင်း၊ သုံးယောက်စီးခြင်းနှင့် စည်းကမ်းမဲ့စီးနင်းခြင်းတို့ရှိကြောင်း ဘုရင့်နောင်ပွဲရုံဝန်းကျင်တစ်နေရာတည်း၌ အများဆုံးဖြစ်မည်ဟု ပွဲရုံဝင်းနေသူတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

# လယ်ကွင်းထဲတွင် လူတစ်ဦးဒဏ်ရာဖြင့်သေဆုံး

**ပင်လည်ဘူး ဇူလိုင် ၁၂**

ဇူလိုင် ၁၀ ရက် ည ၁၁ နာရီခန့်က ကိုလွင်ဦးသည် နေအိမ်၌ရှိနေစဉ် ညီဝမ်းကွဲ တော်စပ်သူ ကိုသန်းညိုရောက်ရှိလာပြီး ညီဖြစ်သူစိုးလွင်မှာ ပင်လည်ဘူးမြို့နယ် ညောင်ကုန်းကျေးရွာအနီး လယ်ကွင်းထဲတွင် ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း ပြောပြ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်ထံ ဆက်လက်အကြောင်းကြားခဲ့ပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပေးရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

စိုးလွင်(ခ)ဖိုးအုံ (၂၄ နှစ်) သေဆုံးခြင်းနှင့် ပတ်သက်၍ အစ်ကိုဖြစ်သူ ကိုလွင်ဦး (၃၇ နှစ်) ညောင်ကုန်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူက တိုင်ကြားခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အပုပ်နံ့ထွက်နေသည့် အိတ်အတွင်းမှ အမျိုးသားအလောင်းတွေ့ရှိ

**မလှိုင် ဇူလိုင် ၁၂**

မလှိုင်မြို့နယ် ဖျောက်ဆိတ်ကုန်းအုပ်စု ဘီးစပ်ကျေးရွာအနီး ကွင်းအမှတ်(၄၄၄)ရှိ ဦးဝင်းထိန်၏ ယာကွက်အနီး ချုံပုတ်အတွင်း၌ အပုပ်နံ့ထွက်နေသည့် အမျိုးသားအလောင်းတစ်လောင်းကို ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆည်တိုရဲကင်းစခန်းမှူး ဒုတိယရဲအုပ်အောင်ကိုမင်းသည် စခန်းမှူးတာဝန်ထမ်းဆောင်နေစဉ် အဆိုပါကျေးရွာမှ တာဝန်ရှိသူများက အပုပ်နံ့ထွက်နေသည့် ဂုန်နီအိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဆည်တိုရဲကင်းစခန်းသို့ သတင်းပေးချက်အရ ရဲအဖွဲ့က သက်သေများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးရာ အသက် ၄၀ နှစ်ခန့် အမည်မသိ အမျိုးသားအလောင်းတစ်လောင်းကို တွေ့ရှိရသည်။

**ယူဆရ**

အလောင်းကို စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရသည့်အတွက် မလှိုင်ဆေးရုံသို့ ပေးပို့ခဲ့ရာ ဆရာဝန်၏ ရင်ခွဲစစ်ဆေးချက်အရ အလောင်း၏ဦးခေါင်းဝဲဘက်အခြမ်းတွင် ဦးခေါင်းခွံရိုး ကျိုးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် လူကိုသတ်ပြီး ပစ်ထားသည်ဟု ယူဆရသောကြောင့် ဆည်တိုရဲကင်းစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**


## ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာ ဆုတောင်းပြည့်ဆုတောင်းရမြတ်စွာဘုရား ဗုဒ္ဓပူဇနိယဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် တောင်ပြုံးအရှင်နှစ်ပါးပွဲတော်တို့သည် ၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၈ ရက်မှ ဝါခေါင်လပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်လုပ်ငန်းဖြစ်သော

(၁) ရွှေဆိုင်းလုပ်ငန်း
(၂) ဈေးကြီးလုပ်ငန်း
(၃) ဈေးလေးလုပ်ငန်း
(၄) ညောင်ပင်ဝိုင်းလုပ်ငန်း
(၅) ဇာတ်ရုံ (၁)လုပ်ငန်း
(၆) ဇာတ်ရုံ (၂)လုပ်ငန်း
(၇) လျှပ်စစ်လုပ်ငန်း
(၈) ရုပ်ရှင်လုပ်ငန်း
(၉) ရေနှင့်သန့်စင်ခန်းလုပ်ငန်း

အထက်ပါလုပ်ငန်း (၉)ခုကို လုပ်ငန်းတစ်ခုချင်းအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၈-၇-၂၀၁၄ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးတွင် ဈေးပြိုင်အိတ်ဖွင့် လေလံတင်ဒါရောင်းချသွားမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံနှင့်အသေးစိတ်စည်းကမ်းချက်များကို တောင်ပြုံးဂေါပကရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၀၀၉၈၄၊ ၀၉-၄၃၁၅၀၆၈၁၊ ၀၉-၃၃၂၈၁၈၇၆**

လျှောက်လွှာပုံစံများကို ၁၃-၇-၂၀၁၄ရက်မှ ၁၇-၇-၂၀၁၄ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် တောင်ပြုံးဂေါပကရုံးတွင် ဝယ်ယူနိုင်ပါသည်။ တစ်စောင်လျှင် တစ်သောင်းကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**


ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်ပဈေးရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
www.myanmatimber.com.mm

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်တော် ဦးကျော်လွင် ၉/မနမ(နိုင်)၀၅၁၄၄၈၏ ဇနီး ဒေါ်မြမြမွန် ၉/မနမ(နိုင်) ၀၅၁၄၄၉ သည် ကျွန်တော်ပြည်ပခရီးထွက်ခွာ၍ သင်္ဘောသားတာဝန်ဖြင့် အလုပ်လုပ်ကိုင်နေစဉ်ကာလအတွင်းတွင် ကျွန်တော်ပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း/မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၄င်းတစ်ဦးတည်းသဘောဆန္ဒဖြင့် အလွဲသုံးစားပြုလုပ်ပြီး ငွေကြေးချေးငှားမှုများပြုလုပ်ထားကြောင်း စုံစမ်းသိရှိရပါသည်။ ဇနီးဖြစ်သူ ဒေါ်မြမြမွန်၏ ပြုမူဆောင်ရွက်မှုများသည် ခင်ပွန်းနှင့် သားသမီးသုံးဦး၏ မျက်နှာကိုထောက်ထားညှာတာမှုမရှိဘဲ လုပ်ဆောင်ထားသောကိစ္စရပ်များဖြစ်သည့်အပြင် လုံးဝခွင့်မလွှတ်နိုင်သောကိစ္စရပ်ကို ကျူးလွန်ထားသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ဒေါ်မြမြမွန်နှင့်ပတ်သက်သည့် မည်သည့်အရှုပ်အရှင်းကိစ္စကိုမျှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်လွင် ၉/မနမ(နိုင်)၀၅၁၄၄၈**
**အမှတ် ၁၉၊ အင်လမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**မွေးသက္ကရာဇ် အမှန်**

ဦးမြဝင်း ၁၂/ဗဟန(နိုင်)၀၆၁၄၄၀၏သမီး မခင်နွယ်ဝင်း ၁၂/ဗဟန(နိုင်)၀၁၈၂၀၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၉-၁၉၇၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အိမ်အမှတ် ၁၅၇၂၊ အလျားပေ ၆၀×အနံပေ ၄၀ရှိ မြေနှင့်အိမ်အား မြေချပါမစ်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်နီနီအေး(ဘ)ဦးဘိုးသောင် ၁၂/ကမတ(နိုင်)၀၁၉၃၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ(တစ်စိတ်တစ်ဒေသ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း အထက်တန်းရှေ့နေ လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၇၈၂၆၅၇**




**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးမောင်အေး-ဒေါ်အုံးကြည်တို့၏သမီး မဇင်မာထွန်း TME-၀၃၇၅၂၀ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိ၏ဆန္ဒအလျောက်ပြုမူသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စများအား လုံးဝတာဝန်မယူပါ။

**ဦးမောင်အေး-ဒေါ်အုံးကြည်**

ကြော်ငြာ


ဘာကြောင့်ရွေးချယ်သင့်သလဲ...?
sky view
condominium
Feel it ! See it ! & Believe it !
NO 26, KYAUK KONE STREET, YANKIN TOWNSHIP, YANGON
Bored Pile Foundation
Card System
Schindeler
CCTV Security Camera Control Room
Rooftop
Mini Play ground
Private Party
Condominium
Project Completion Date - November 2016.
EARLY-BIRD SALES ONLY FOR 13 ROOMS
Contact to 95 - 9 - 8623885, 95 - 9 - 5502089, 95 - 9 - 8641338
SHOW ROOM
No.33(A), Corner of Moe Kaung Pagoda Road & Baukhtaw Station Road, Yankin Township, Yangon
Ph : 95 - 1- 543045, 95 - 1 - 542436
SHAN STAR
New Generation Engineering & Supplies Co. Ltd.

# ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းတူးဖော်

**ယင်းမာပင် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဘက်ဟိုးကားသေးတစ်စီးကို အကူအညီရယူ၍ ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး မိုးရာသီတွင် မြို့သန့်ရှင်းသာယာလှပရေးကိုရှေးရှုကာ ဒေသခံပြည်သူများ၏ လိုလားချက်အတိုင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားဖြင့် ရေနုတ်မြောင်းတူးဖော်ပေးခြင်းကို ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တာဝန်ရှိသူများက ကြီးကြပ်ပြီး ယင်းမာပင်မြို့ဝင် ဆိုင်းဘုတ်မှ အခြေခံပညာ အထက်တန်းကျောင်းရှေ့ထိ လေးဖာလုံခန့်ကို လည်းကောင်း၊ ယင်းမာပင်မြို့(ခ)ရပ်ကွက်တွင် လည်းကောင်း၊ မိုးရာသီမှာ အဓိကအားဖြင့် လမ်းဘေးဝန်းကျင်သွားလာမှု အဆင်ပြေစေရန်နှင့် ဒေသခံပြည်သူများ ကျန်းမာရေး ထိခိုက်မှုမရှိစေရန်အတွက် ရေနုတ်မြောင်းများကို တူးဖော်ခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# သိပ္ပံနည်းကျမျိုးစေ့ချပွဲ ကလေးမြို့တွင်ပြုလုပ်



**ကလေး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် တောင်သူများတစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ဝင်ငွေနှစ်ဆတိုးမြှင့်ရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့်စိုက် ပျိုးနိုင်စေရန်အတွက် မျိုးစေ့ချပွဲနှင့်သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP) လက်တွေ့သင်တန်းကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက ကလေးမြို့နယ် သာစည်ကျေးရွာအုပ်စု ချင်းဆိုင်ကျေးရွာတွင် ကွင်းအမှတ် (၈၀၀) ဦးပိုင် (၂၅) ရှိ တောင်သူဦးမောင်တင့်၏ မိုးစပါးစံပြစိုက်ခင်းဧက ၁၀၀ စံပြကွက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသိုက်စိုးနှင့်ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များ၊ ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တောင်သူများ တက်ရောက်ကြသည်။

ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူးက ကလေးခရိုင်အတွင်း မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များသုံးစွဲရန် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လိုက်နာကျင့်သုံးရန် သွင်းအားစုများကို စနစ်တကျ ထည့်သွင်းကြရန်နှင့် တောင်သူလယ်သမားများလည်း ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးသိုက်စိုးက သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများနှင့် တောင်သူများက လက်တွေ့မျိုးစေ့ချ စိုက်ပျိုးကြကြောင်း သိရသည်။

**သျှင်နေမင်း**



# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါ ဝန်ကြီးရုံးစိုက်ပျိုးကွင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်ဒေါ်စုစုလှိုင်တို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်အပင်များနှင့်အရိပ်ရလေကာပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်တစ်လုံးသရက်နှင့် နှစ်ရှည်အရိပ်ရ သစ်ပင်များ စသည့်ပျိုးပင်စုစုပေါင်း ၄၈၀ ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် ဒေါက်တာသန်းအောင်တို့က ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ သရက်၊ သပြေ၊ ရွှက်လှ၊ ပိန္နဲ၊ ကံ့ကော်၊ တမာပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများကလိုက်လံကြည့်ရှုအားပေးကြသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် လယ်ဝေးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၏ပရိဝုဏ်အတွင်း၌ ကျွန်း၊ သရက်၊ သပြေ၊ ရွှက်လှ၊ ပိန္နဲ၊ ကံ့ကော်၊ တမာပင် စုစုပေါင်းအပင် ၈၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘောဂလိမြို့

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့တွင် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဘောဂလိမြို့ အထွေထွေအုပ်ချုပ်ရုံးအနီးပတ်ဝန်းကျင်၌ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။ အဆိုပါ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ ဘောဂလိမြို့ အုပ်ချုပ်ရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ ၊ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ စုစုပေါင်းအင်အား ၁၀၀ ခန့်က မဟော်ဂနီ ၅၀၊ အော်ရီးရှား ၅၀၊ မဲဇလီ ၁၀၊ ပျဉ်းကတိုး ၁၀၀၊ ပိတောက် ၁၀ပင် စုစုပေါင်းပျိုးပင် ၂၆၀ ကျော်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်

**ငပုတော ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် အထက်ပွွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၆ ရက် နံနက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးဒုညွှန်မှူး ဦးအန်ပရိုး၊ ငပုတောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ ငပုတောမြို့နယ် ပညာရေးမှူး ဒေါ်ချိုချို၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောအယ်ဂေး၊ ငပုတောမြို့နယ် အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့ တက်ရောက်အားပေး၍ ဖွင့်ပွဲဆိုင်းဘုတ်ကို ဝန်ကြီး ဦးလှခိုင်၊ တိုင်းပညာရေးဒုညွှန်မှူးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးဒုညွှန်မှူး ဦးအန်ပရိုး၊ ငပုတောမြို့နယ် ပညာရေးမှူး ဒေါ်ချိုချိုတို့က အမှာစကားပြောကြားကြပြီး ဝန်ကြီးက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ လှူဒါန်း၍ အထိမ်းအမှတ်အလံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းမာလာအောင်အား ပေးအပ်ခဲ့သည်။

ထို့နောက်ပညာရေးမှူး ဒေါ်ချိုချိုဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်များနှင့်အတူ ဖွင့်ပွဲပိတ်ပွဲ သီချင်းများသီဆိုကြသော ကျောင်းသား ကျောင်းသူလေးများနှင့် ပန်းပွားအက ကျောင်းသူလေးများအား ငွေကျပ် ၆၅၀၀၀ ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ


### အမည်ပြောင်း

မိတ္ထီလာမြို့၊ အထက(၁) အဋ္ဌမတန်း(F) နေ မခင်နှင်းစံ၏ဖခင် ဦးစိုးစိုးအောင်အား ဦးဝင်းအောင်ဟုပြောင်းလဲခေါ်ပါရန်။

**ဦးဝင်းအောင်**
**၉/မထလ(နိုင်)၁၃၄၈၉၅**

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၄) မိုင်းလုံး တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းကြည်၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၁၃/ပလန(နိုင်) ၀၂၉၇၄ဖြစ်ပါကြောင်း။

**ဦးမြင့်**

### အမည်ပြောင်း

ဦးထွန်းထွန်းဦး၏သား၊ ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်ဇေယျထွန်း ၁၃/ကတန(နိုင်) ၁၇၅၃၅၁အား မောင်နေဘုန်းသစ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နေဘုန်းသစ်**



### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ လူနေရပ်ကွက်အမှတ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေကွက်အမှတ် ပစပ-၂၃၈၉၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၏ အမည်ပေါက်ပိုင်ရှင် တပ်ကြပ်ခင်မောင်ဝင်း ၁၂/မရက(နိုင်)၀၃၅၁၄၆၊ (ဘ) ဦးမောင်တင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးလှမိုး ၁၂/မရက(နိုင်)၀၃၃၃၉၃၊ (ဘ) ဦးကျော်သောင်းမှ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

အမှတ် ၁၆၁၊ အမကအခြေခံပညာမူလတန်းကျောင်းတွင် ပထမတန်း၌ ပညာသင်ကြားနေသော မထူးမြတ်ဝေ၏ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၈/နမန(နိုင်)၁၃၀၅၈၃ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၁၉၇၆၅ ယာဉ်အမျိုးအစား ကန်ဘိုယာဉ်လက်ဝယ်ရှိသူမောင်မင်းထိုက်စိုး ၁၃/တကန(နိုင်)၂၄၆၅၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁စယ/၁၉၇၆ ZONG SHEN-110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လွင် ၇/ဒဥန(နိုင်)၀၀၁၅၀၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းဒေသကြီးရုံး (မကွေး)**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီး၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇင်မျိုးထွဋ်၏အမည်မှန်မှာ မောင်ဇင်မျိုးထွန်းဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးပြေ့ဝင်း ၅/ယမပ(နိုင်)၀၃၆၉၁၁ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေကွက်အမှတ် (ပ-၁၀၂၅)၊ ဧရိယာ ၀ဒသမ၁၇၂ဧက၊ မြေကွက်တည်နေရာ မြေကွက်အမှတ် (ပ-၁၀၂၅)၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့ရှိ ဦးသန်းထွန်း အမည်ပေါက် နှစ် ၃၀အငှားဂရန် မြေကွက်အား ဦးသန်းထွန်း ၁၀/သထန(နိုင်)၀၀၅၈၃၂၊ (ဘ)ဦးဘထူးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာ ဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း (၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၃၂၃၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်ခင်သန်းသန်းအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်အိအိချို (အထူးကိုယ်စားလှယ်လွှဲစာ ရရှိသူ) ၉/ပမန(နိုင်)၁၂၃၂၄၃၊ (ဘ)ဦးတင့်လွင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင် ရောင်းဝယ်စာချုပ်ချုပ်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မွေးသက္ကရာဇ်အမှန်

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ အမှတ် ၁၁/၂၃၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်ဝင်း၏သမီး မယမင်းသိင်္ဂီ၏မွေးသက္ကရာဇ်မှာ ၂၂-၁၂-၉၉ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့ အထက၊ သတ္တမတန်း(A) တွင် ပညာသင်ကြားနေသည့် မောင်သူရပိုင်ဇင်၏မိဘအမည်မှန်မှာ ဦးသက်နိုင် ၈/ဆပဝ(နိုင်)၀၅၈၁၇၀နှင့် ဒေါ်စမ်းစမ်းမူ ၈/ဆပဝ(နိုင်)၀၃၀၆၄၃ ဖြစ်ပါကြောင်း။

**ဦးသက်နိုင် ၈/ဆပဝ(နိုင်)၀၅၈၁၇၀၊**
**ဒေါ်စမ်းစမ်းမူ ၈/ဆပဝ(နိုင်)၀၃၀၆၄၃**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၁၀၁၃ Taunggyi TG 100 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၁၄/ရကန (နိုင်)၀၂၉၅၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**

### အမွေပြတ်စွန့်လွှတ်ကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်အုပ်စု၊ တပ်ပိုးရွာနေ ဦးစိုးလှိုင်-ဒေါ်ကြည်ကြည်သိန်းတို့၏သမီး ၉/လဝန(နိုင်)၂၁၅၁၃၂ ကိုင်ဆောင်သူ မလှိုင်သန္တာစိုးသည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ အရှက်တကွဲအကျိုးနည်းဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ မိဘညီအစ်ကိုမောင်နှမများပေါ် ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုမူခဲ့ပြီး မိဘနှစ်ပါးစိတ်ဆင်းရဲဖြစ်နေပါ၍ ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုးလှိုင်**
**၇/ပမန(နိုင်)၀၀၉၉၃၅**
**နေပြည်တော်၊ ဒက္ခိဏသီရိမြို့**
**ရွှေအင်ကြင်းရပ်**
**စစ်တောင်း ၂ လမ်း၊ ခြံအမှတ် ၁၁၇**

**ဒေါ်ကြည်ကြည်သိန်း**
**၃/လဘန(နိုင်)၀၀၀၄၇၇**
**နေပြည်တော်၊ ဒက္ခိဏသီရိမြို့**
**ရွှေအင်ကြင်းရပ်**
**စစ်တောင်း ၂ လမ်း၊ ခြံအမှတ် ၁၁၇**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကမ္ဘာ့ဘဏ်အဖွဲ့ မွန်ပြည်နယ်ရှိ ကျေးရွာများတွင် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိ

**မော်လမြိုင် ဇူလိုင် ၁၂**

မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်အဖွဲ့သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဒေါက်တာမင်းနွယ်စိုး၊ လူမှုရေးဝန်ကြီးဒေါက်တာလှဦး၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်တို့နှင့် တွေ့ဆုံကြောင်း သိရသည်။

ရှေးဦးစွာ ကမ္ဘာ့ဘဏ်အဖွဲ့မှ လူမှုဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်သူ ဒေါ်နှင်းနှင်းပိုင်က ပြောကြားရာတွင် မိမိတို့ကမ္ဘာ့ဘဏ်အဖွဲ့သည် မွန်ပြည်နယ်အတွင်းရှိ ဝေးလံသောဒေသများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ နယ်မြေများမှ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို ပံ့ပိုးကူညီပေးနိုင်ရေးအတွက် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ အကူအညီပေးရန် လျာထားပြီး ပြည်ထောင်စုဘတ်ဂျက်သို့ ပေးသွင်းပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွက်လည်း ပါဝင်ပါကြောင်း၊ ဆောင်ရွက်မည့်နေရာများကို လိုက်လံကြည့်ရှုပြီး အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အစိုးရအနေဖြင့် မည်သည့်နေရာများတွင် ဆောင်ရွက်ရမည်ကို ပြောကြားလိုကြောင်း၊ ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများနှင့် သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကျေးရွာပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့မှ ပြောကြားရာတွင် စီမံကိန်းရေးဆွဲရာတွင် မော်လမြိုင် ပါဝင်နေသဖြင့် ကျေးဇူးတင်ပါကြောင်း၊ ကမ္ဘာ့ဘဏ်အဖွဲ့မှ အကူအညီပေးမည်ဆို၍ ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်ကန်စွာ လျှောက်လှမ်းနေပြီး နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ လွတ်လပ်စွာ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့ အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးများ အမှန်လိုအပ်နေသေးကြောင်း၊ မွန်ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့်လည်း ဆောင်ရွက်နေသည်များရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ ကူညီသည်ဆိုပါက အမြန်ဆုံးအကူအညီပေးစေလိုကြောင်း၊ မိမိတို့ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနှင့်လည်း လိုအပ်သည့် အကူအညီများပေးသွားမည်ဖြစ်၍ ပြည်သူလူထုထံ အမြန်ရောက်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(လ/၀၁၂)**



## မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာ

**မော်လမြိုင် ဇူလိုင် ၁၂**

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာခြင်း အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မော်လမြိုင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး)၊ ခရိုင်နှင့် မြို့နယ် တရားရုံးများမှ တရားသူကြီးများ၊ တရားစီရင်ရေးနှင့် ဆက်စပ်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လမြိုင်ရှေ့နေများအသင်းမှ တရားလွှတ်တော်ရှေ့နေများနှင့် မော်လမြိုင်တက္ကသိုလ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူ ၁၀၄ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမိခင်စောအောင်က ဥပဒေပညာအထူးပြုကျောင်းသားကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်း လာရောက်လေ့လာရသည့် အကြောင်းကို ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပြဋ္ဌာန်းချက်များပါ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်းများနှင့် မွန်ပြည်နယ် တရားစီရင်ရေးအခြေအနေတို့ကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများသည် ကြီးကြပ် ဆရာ ဆရာမများလိုက်ပါ၍ မွန်ပြည်နယ်တရားလွှတ်တော်၊ မော်လမြိုင်ခရိုင်တရားရုံးနှင့် မော်လမြိုင်မြို့နယ် တရားရုံးတို့တွင် တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို ဆက်လက်လေ့လာခဲ့ကြကြောင်း သိရသည်။

**(၁၀၇)**

## အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ (၁၀ ×၁၄) လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူ ခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ငါးသောင်းနှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆက်သွယ်ရေးတာဝါတိုင် မြေနေရာငှားရမ်းသူများ အဆင်ပြေ

**ရေတာရှည် ဇူလိုင် ၁၁**

မကြာမီဈေးကွက်အတွင်း ဖြန့်ချိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အော်ရီဒူး၊ တယ်လီနောဆက်သွယ်ရေးကုမ္ပဏီများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်သွယ်ရေးကွန်ရက်အတွက် တာဝါတိုင်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေတာရှည်မြို့နယ်တွင် တစ်မြို့လျှင် တစ်တိုင်နှုန်းဖြင့် တည်ဆောက်နေသည်ကို တွေ့ရှိရသည်။ လက်ရှိတည်ဆောက်ရန် သပြေတန်းကျေးရွာတွင် မြေနေရာငှားရမ်းမှုနှင့် ပတ်သက်၍ "မြေဧက ပေ ၄၀ ပတ်လည်ကို တစ်လနှစ်သိန်းနှုန်းနဲ့ တစ်နှစ်စာ ၂၄ သိန်းပေးချေပြီးသွားပြီ၊ ကျွန်တော်တို့တိုင်က အော်ရီဒူးတိုင်၊ ကျွန်တော့်ညီအကွက်မှာက တယ်လီနောကတိုင် ဒီနေ့ပဲမြေလာတိုင်းပြီး စာချုပ်ချုပ်မှာ" ဟု သပြေတန်းကျေးရွာမှ ကိုမောင်ဌေးက ရှင်းပြသည်။ လစဉ်ဝင်ငွေနှင့် တစ်လုံးတစ်ခဲတည်းရရှိငွေတို့ကြောင့် မြေနေရာငှားရမ်းလိုသူများပြားသော်လည်း ဆက်သွယ်ရေးဆက်ကြောင်းနှင့် အဆင်ပြေသည့်နေရာများကို ဦးစားပေးငှားရမ်းခြင်းဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့က လောလောဆယ်တော့ တစ်မြို့ကို တစ်တိုင်နှုန်းစိုက်နေတယ်။ ကုမ္ပဏီကြီးတွေက ကိုယ်တိုင်မလုပ်ဘူး၊ မိတ်ဖက်ကုမ္ပဏီတွေကလုပ်တာ၊ စက်ပိုင်းဆိုင်ရာတပ်ဆင်မှုလည်း ဒီလိုပါပဲ မြေနေရာအတွက်တော့ အခက်အခဲမရှိတော့ပါဘူး။ ထင်ထားတာထက်ပို အဆင်ပြေပါတယ်" ဟု ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောပြသည်။ **ကိုလွင်(ဆွာ)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| အိတ်ဖွင့်တင်ဒါအမှတ် | အမှတ် (၂)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်) |
|---|---|
| ၁။ လမ်းခင်းကျောက်မျိုးစုံ | ၁၃။ သံကူကွန်ကရစ်ကာကွယ်တိုင် |
| ၂။ ဘိလပ်မြေ | ၁၄။ သံကူကွန်ကရစ်လမ်းနယ်တိုင် |
| ၃။ သံချောင်းရွယ်စုံ | ၁၅။ သံထည်အမိုးလုပ်ငန်း(ပစ္စည်း+လက်ခအပြီးအစီး) |
| ၄။ သစ်မာရွယ်စုံ | ၁၆။ ကျွန်းတံခါး(ပစ္စည်း+လက်ခအပြီးအစီး) |
| ၅။ မျိုးခြားသစ်ရွယ်စုံ | ၁၇။ ကျွန်းပြတင်း(ပစ္စည်း+လက်ခအပြီးအစီး) |
| ၆။ အုတ်နီ | ၁၈။ သုံးထပ်သား |
| ၇။ ဖြုန်းအုတ် | ၁၉။ ၂'×၂' မီးခံပြား |
| ၈။ သဲကြမ်း | ၂၀။ ပလတ်စတစ်ဆေး |
| ၉။ သဲချော | ၂၁။ သဘော်ဆေး |
| ၁၀။ သံကူကွန်ကရစ်ပိုက်ရွယ်စုံ | ၂၂။ လှေကားစတီးလက်ရမ်း(ပစ္စည်း+လက်ခအပြီးအစီး) |
| ၁၁။ သံကူကွန်ကရစ်ကီလိုမီတာတိုင် | ၂၃။ သံပန်းလက်ရမ်း(ပစ္စည်း+လက်ခအပြီးအစီး) |
| ၁၂။ သုံးမြှောင့်ကီလိုမီတာတိုင် | ၂၄။ ကျောက်ရောမြေ |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၇-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၂-၇-၂၀၁၄ရက်၊ ၀၉း၀၀နာရီ
**တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ မယ်စဲ့မြို့နယ်အားကစားကွင်းနှင့်ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း
၂။ ဖရူဆိုမြို့နယ်ဘောလုံးကွင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း
၃။ ဖရူဆိုမြို့နယ်ဘောလုံးကွင်းပွဲကြည့်စင်ပြုပြင်ခြင်းလုပ်ငန်း
၄။ အလေးမအားကစားရုံနှစ်ရုံတည်ဆောက်ခြင်းလုပ်ငန်း
၅။ ကာယဗလအားကစားရုံနှစ်ရုံတည်ဆောက်ခြင်းလုပ်ငန်း
၆။ မိုးလုံလေလုံအားကစားရုံတစ်ရုံတည်ဆောက်ခြင်းလုပ်ငန်း
၇။ ပြည်နယ်မှူးနေအိမ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
၈။ ဖားဆောင်းမြို့နယ်အားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၇-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၈-၂၀၁၄ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ကယားပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၁၁၃၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** -၁၈-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၈-၈-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး ၂၃လမ်း၊ ၈၀-၈၁လမ်းကြား၊အောင်မြေသာစံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းသန်းလွင် ၈/ရနခ(နိုင်)၀၈၂၀၈၉(မနလ)မှတ်မိခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၄၂၀၉၁**

### ပျောက်ဆုံးခြင်း

ကျွန်တော် ကိုအောင်ကျော်ငြိမ်း ၈/တတက(နိုင်)၁၄၂၆၈၂၈၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၆၈၃၇၃**

### ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ဟန်စိမ်းကျိုန်(ခ)လှဝင်း ၁၃/တကန(နိုင်)၂၄၄၂၇၉၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၅၈၉၁၉**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကယားပြည်နယ် ငွေတောင်ဆည်ရှောင်ကွင်းလမ်းဖောက်လုပ်



လွိုင်ကော် ဇူလိုင် ၁၂

ကယားပြည်နယ် ငွေတောင်ဆည် ရှောင်ကွင်းလမ်းဖောက်လုပ်ခြင်းစီမံကိန်းမှာ ပြည်ထောင်စုဝန်ကြီး၏ တာဝန်ပေးချက်အရ ကယားပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဖြူက လမ်းတံတားအထူးအဖွဲ့(၅)ကို ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် တာဝန်ပေးအပ်ပြီး ဇွန် ၁၁ ရက်က မြေသားတာပေါင်လုပ်ငန်းကြီးကို စတင်ဆောက်လုပ်ခဲ့သည်။ မြေသားတာပေါင်လုပ်ငန်းအရှည်မှာ ပေ ၅၆၄၀၊ အကျယ် ပေ၄၀၊ ကတ္တရာလမ်း ၁၈ပေရှိပြီး မြေကြီးတာပေါင်ကို သုံးလခန့်ရည်မှန်းထားပြီး ပွင့်လင်းရာသီတွင် ကတ္တရာလမ်းခင်းပြီး ကျောက်ခင်းမြေတာပေါင်ပြီးသည်နှင့် ကျောက်ခင်းလမ်း ခင်းကျင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေတောင်ဆည် ရှောင်ကွင်းလမ်းဖောက်လုပ်ရခြင်းမှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၅၀၀၊ ပြည်နယ်ငွေလုံးငွေရင်းမှ ကျပ်သန်း၉၄၀ရှိကြောင်း သိရသည်။ ငွေတောင်ဆည် ရှောင်ကွင်းလမ်းဖောက်လုပ်ရသည့် ရည်ရွယ်ချက်မှာ ငွေတောင်ဆည် တာတမံမှယာဉ်သွားလာမှုသည် နှစ်ရှည်ကြာလာသည့်အခါ ဆည်၏ကြံ့ခိုင်မှုအား လျော့နည်းပြီး ဆည်အတွက် ထိခိုက်နိုင်သည့်အတွက် ငွေတောင်ဆည်ရှောင်ကွင်းလမ်းကို ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

## မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် မျိုးဆက်ပွားကျန်းမာရေးပညာပေး ဟောပြော

နေပြည်တော် ဇူလိုင် ၁၂

မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့်မျိုးဆက်ပွား ကျန်းမာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွဲ့သွဲ့ဝင်းက အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးကိုက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို ပြောကြားခဲ့သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်သန်းက HIV/AIDS နှင့်ပတ်သက်သော အသိပညာများ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ခြင်း ဘာသာရပ်ကိုလည်းကောင်း၊ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြမြဝင်းက မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံး ဖွဲ့မှုနှင့်ပတ်သက်၍လည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး ဝန်ထမ်းမိသားစုများနှင့်အတူ နေထိုင်လျက်ရှိသော အသက်၇၀ နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများနှင့်ဆေးဝါးများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သက်တူဆင့်တူ ကျန်းမာရေးပညာပေး စကားဝိုင်းကျင်းပ

ဇမ္ဗူသီရိ ဇူလိုင် ၁၂

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် လက်ပံခါးလုကျေးရွာ အမှတ်(၁၄၀)မူလတန်းလွန်ကျောင်း၌ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သက်တူဆင့်တူ ကျန်းမာရေးပညာပေးစကားဝိုင်းကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်မီမီစိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှလှကြည်၊ ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် အဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် ခုတင် ၅၀ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနိုင်နှင့် မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မော်မော်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးမှူး ဒေါက်တာလှလှကြည်နှင့် ဆရာဝန်၊ ဆရာမများက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင် ၁၀ဦး၊ ငါးနှစ်အောက် ကလေးမိခင် ၁၀ဦး၊ အမျိုးသား ၁၀၊ အမျိုးသမီး ၁၀ဦး၊ သက်ကြီးဘိုးဘွား ၁၀ ဦးတို့အား တစ်ကိုယ်ရည်သန့်ရှင်းရေးအကြောင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်မှုအကြောင်း၊ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း၊ အန္တရာယ်ရှိ ကိုယ်ဝန်ဆောင်လက္ခဏာများအကြောင်း၊ HIV/AIDS ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ရေးအကြောင်းကို စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး သားဆက်ခြားရန်ဆန္ဒရှိသည့် ကလေးမိခင်ငါးဦးအား မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရှိ မေတ္တာစမ်းရေဆေးခန်းသို့ သားအိမ်တွင်း ပစ္စည်းထည့်ရန် ညွှန်းပို့ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ကျောက်ဖြာကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်

တောင်တွင်းကြီး ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အောင်းစုကျေးရွာအုပ်စု ကျောက်ဖြာကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ထွေ/အုပ်ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးစိန်လွင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများအားကျေးရွာအုပ်ချုပ်ရေးမှူးက အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

ကျောက်ဖြာကျေးရွာသည် တောင်တွင်းကြီးမြို့နယ်နှင့် ၂၅ မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ တောင်ပေါ်ဒေသဖြစ်သဖြင့် ကျေးလက်ဒေသနေကျောင်းသားကျောင်းသူများ ပညာသင်ကြားရာ၌ အခက်အခဲများကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါနိုင်ငံတော်က ကိုယ့်အားကိုယ်ကိုးကျောင်းမှ အခြေခံပညာမူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ရာ ကျောင်းသားကျောင်းသူများ မိမိတို့ကျေးရွာ၌ပင် အေးချမ်းစွာပညာသင်ကြားနိုင်ပြီဖြစ်၍ ကျောင်းသားကျောင်းသူများနှင့်ဒေသခံပြည်သူများ ဝမ်းသာပီတိဖြစ်ရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်သွေးက ပြောကြားသည်။

**(ဝ၂ဝ)**

## ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းများဆင်း

ရန်ကုန် ဇူလိုင် ၁၂

ဥရောပသမဂ္ဂ (EU) နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းအမှတ်စဉ်(၆/၂၀၁၄)သင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက်နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၇/၂၀၁၄)သင်တန်းဆင်းပွဲကို မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌လည်းကောင်း ကျင်းပသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

အခမ်းအနားများတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဝင်းနိုင်နှင့် EU မှ Mr.David Hamilton တို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ Mr.Trevor, Mr.Friedrich Schwindt တို့ကနှစ်နိုင်ငံအလံရင်ထိုးတံဆိပ်များနှင့် Mr.David Hamilton က အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မီးဖိုမီး၊ အခြားမီး သုံးပြီးသတိ အမြဲရှိ**


ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ် အမှတ် (၁)ရပ်ကွက်၊ (၆၄ နားမခေါ်ရပ်) မြေဧရိယာ ၁ဒသမ၀၀ဧကအား မြေငှားရမ်းခြင်းလုပ်ငန်း/သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍနှင့်ဆက်စပ်သော လုပ်ငန်းအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
**တင်ဒါစိစစ်မည့်နေရာ** - လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် လားရှိုးကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် ၁၄-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၈၂-၂၈၀၆၃၊ ၀၉-၅၂၆၂၉၉၈**



**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**မြေအောက်ဖိုင်ဘာကေဘယ်များချခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့်**
**DWDM စက်ပစ္စည်းဝယ်ယူခြင်း(10G× 3λ)အတွက်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါ မြေအောက်ဖိုင်ဘာကေဘယ်လမ်းကြောင်းများ ချခင်းခြင်းလုပ်ငန်းများနှင့် DWDM စက်ပစ္စည်းများ ဝယ်ယူရန်အတွက် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လွိုင်ကော်-တောင်ကြီး(48 Cores)(U/G)မြေအောက်ဖိုင်ဘာကေဘယ်လမ်းကြောင်း (၂၈၀)ကီလိုမီတာ
(ခ) ပြည်-ကျောက်ကုန်း(48 Cores)(U/G)မြေအောက်ဖိုင်ဘာကေဘယ်လမ်းကြောင်း (၂၉၀)ကီလိုမီတာ
(ဂ) တာချီလိတ်-ဝမ်ပုံ(48 Cores)(U/G)မြေအောက်ဖိုင်ဘာကေဘယ်လမ်းကြောင်း (၆၀)ကီလိုမီတာ
(ဃ) လွိုင်ကော်-တောင်ကြီး DWDM စက်ပစ္စည်းဝယ်ယူခြင်း(10G × 3λ)
(င) ပြည်-ကျောက်ကုန်း DWDM စက်ပစ္စည်းဝယ်ယူခြင်း(10G × 3λ)

၂။ တင်ဒါပုံစံများကိုကြော်ငြာသည့်ရက်မှစ၍ ၁၈-၇-၂၀၁၄ ရက်အထိ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀၀ိ/-ဖြင့် ရောင်းချမည်ဖြစ်ပြီး ၇-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး**
**ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်း**
**အမှတ် ၁၂၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၇၀၇၂၇၊ Fax -၀၁-၃၇၀၄၅၄**



**ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**တောင်ငူပညာရေးကောလိပ်(ပဲခူးတိုင်းဒေသကြီး)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လုပ်ငန်းအမည်
တောင်ငူပညာရေးကောလိပ်သစ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)
(က) လေးခန်းတွဲ အောက်ခြေဝန်ထမ်းအိမ်ရာ၊ တစ်ထပ်အုတ်ညှပ် ငါးလုံးဆောက်လုပ်ခြင်း၊
(ခ) ကျောင်းဝင်းပြင်ပမှ 11 KV.H.T လိုင်း ၆၇၅၀ပေ ဆက်သွယ်ခြင်းလုပ်ငန်း၊
၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၄ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၈-၂၀၁၄ရက်
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တောင်ငူပညာရေးကောလိပ်၊ တောင်ငူမြို့
၅။ ဆက်သွယ်ရန်ဖုန်း - ၀၅-၄၂၃၁၂၅၊ ၀၉-၇၃၆၃၁၅၁၁



**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော F.D.Aအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၈-၇-၂၀၁၄ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၈-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိ လိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး**
**ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈၊ ၀၁-၅၄၄၀၀၀**



**ဖခင်အမည်မှန်၊အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်**

အမက(၁၇)မူလွန်၊ သဃ်န်းကျွန်းမှ ဒုတိယတန်းကျောင်းသူ မလင်းလက်အောင်၏ အမည်မှန်မှာ မအေးချမ်းမော်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းမော်ဖြစ်ပါကြောင်း မွေးသက္ကရာဇ်မှာ ၅-၇-၂၀၀၆ဖြစ်ပါကြောင်း။



**ဖခင်အမည်မှန်**

လှိုင်သာယာမြို့နယ်၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်စုံထွန်း၊ န၀မတန်းမှ မောင်အေးချမ်းမင်း အလက(၁၄) တတိယတန်းမှ မောင်နေမြဲသာတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၁၂/လမန(နိုင်)၀၀၄၄၁၀ဖြစ်ပါကြောင်း။



**ကျေးဇူး ဆပ်ပါမည်**

ကျွန်တော် တင်အောင်မိုး (C.D.C-41180)၏ သင်္ဘောသားမှတ်ပုံတင်ကတ်ပြား S.I.D ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၅၈၉၇၃**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဝါဆိုဦးပန်းဈေးကွက် တရိပ်ရိပ်တက်



**ပြင်ဦးလွင် ဇူလိုင် ၁၂**

ဝါတွင်းကာလသို့ရောက်ရှိ လာမည်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့၌ဒေသထွက်ပန်းများဈေးနှုန်းတရိပ်ရိပ်တက်လာကြောင်းသိရသည်။ ယခုလက်ရှိအချိန်တွင် ပန်းစိုက်တောင်သူများ စိုက်ပျိုးထားသည့် ဂန္ဓမာမျိုးများဖြစ်သော ပိတောက်၊ ချယ်ရီလွင်၊ အိုဆာဝါ၊ မရမ်းစသောမျိုးများနှင့် နားကပ်ပန်းတိမ်(ပန်းတိမ်ငို) ပန်းများ အဝယ်လိုက်လျက်ရှိနေသည်။

ဒေသထွက်ပန်းများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ငူ၊ ဖြူးစသော မြို့ကြီးများသို့ တိုက်ရိုက်တင်ပို့ ရောင်းချလျက်ရှိနေသောကြောင့် ယခုရက်ပိုင်းအတွင်း ပန်းစိုက်တောင်သူများအနေဖြင့် လက်မလည်အောင်လုပ်ငန်းများ လုပ်ကိုင်နေကြရကြောင်း သိရသည်။ ယခင်ရက်အနည်းငယ်အတွင်းက ပန်းစိုက်တောင်သူများသည် ဒေသထွက်ပန်းများကို ရန်ကုန်-ပြင်ဦးလွင်၊ နေပြည်တော်-ပြင်ဦးလွင်စသော လူစီးလေအိတ် ကားကြီးများဖြင့် တင်ပို့ရောင်းချခြင်းကို သက်ဆိုင်ရာမှ တားမြစ်လိုက်သည့်အတွက် ထိုရက်ပိုင်းက ပန်းဈေးကွက် အနည်းငယ်ပျက်ပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း ယခုအခါ ပုံမှန်အတိုင်းအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ဒေသထွက် ပန်းများသည် အမျိုးအစားစုံလင်ပြီး အရောင်အသွေးအားကောင်းသဖြင့် လူကြိုက်ပိုမိုများပြားလျက်ရှိနေသည်။ ထို့အပြင် ရာသီဥတု ကောင်းမွန်သောမြေပေါ်တွင် စိုက်ပျိုးထားရှိခြင်းကြောင့် အခြားဒေသထွက်ပန်းများထက်ပိုလှပြီး ကြာရှည်အထားခံသဖြင့် လူကြိုက်များလျက်ရှိကြောင်း သိရသည်။ ယခုအခါ ပန်းပွဲရုံများ၌ ပန်းတစ်စည်းလျှင် ငွေကျပ် ၂၀၀၀ ပတ်ဝန်းကျင်နှုန်းဖြင့် ကောက်ခံ ဝယ်ယူလျက်ရှိနေပြီး မှာယူသော မြို့ကြီးများအရောက် ကုန်တင်ယာဉ်ကြီးဖြင့် အချိန်မီ တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## ပြည်သူများသို့အသိပညာပေးရေးလုပ်ငန်းများ အိမ်တိုင်ရာရောက်ဆောင်ရွက်ပေး

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တစ်အိမ်တက်ဆင်း မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းနှင့် အသိပညာပေးရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က ဗိုလ်ရန်ပြေရပ်ကွက်အတွင်းသို့ ထပ်မံသွားရောက်ခဲ့ပြီး စာအုပ် ၂၀၀ ကို ပြည်သူများသို့ အခမဲ့ငှားရမ်းပေးခြင်း၊ ယခင်ငှားရမ်းထားသော စာအုပ်များကို လဲလှယ်ငှားရမ်းပေးခြင်း၊ အသင်းဝင်ကတ်ပြားများပြုလုပ်ပေးခြင်းများအပါအဝင် မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ အသိပညာပေးခြင်းကို အိမ်တိုင်ရာရောက်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ဗညားမောင်မောင်**

## အခြေခံပညာကျောင်းများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒလမြို့နယ် အခြေခံပညာကျောင်းများသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အံကြီးအနောက်ရပ်ကွက် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတွင် ဇူလိုင် ၇ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၃၉ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အခကြေးငွေလုံးဝကောက်ခံမှုမရှိဘဲ အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းလည်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **မောင်ယဉ်ဦး(ဒလ)**



## ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ပိုမိုနားလည်ပြီးခံနိုင်ရည်ရှိစေရန်နှင့် ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်းစီမံချက်ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ပိုမိုနားလည်ပြီး ခံနိုင်ရည်ရှိစေရန်နှင့် ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာလုပ်ငန်း Building Resilience and Adaptation against Climate Extremes Disasters(BRACED)စီမံချက်ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိဟိုတယ်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားကို Plan Myanmar အဖွဲ့ကဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မိတ်ဖက်အဖွဲ့များဖြစ်သည့် World Vision Action Aid Myanmar Environment Institute UN Habitat နှင့် BBC Media Action မှ ပုဂ္ဂိုလ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Plan Myanmar မှ ဌာနေကိုယ်စားလှယ် Mr.John Mc Donough က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ပိုမိုနားလည်ပြီး ခံနိုင်ရည်ရှိစေရန်နှင့် ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးစီမံကိန်းလုပ်ငန်းစဉ်ကို Plan Myanmar အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ရာသီဥတုပြောင်းလဲမှုကို ပိုမိုခံနိုင်ရည်ရှိစေရန်ကူညီပေးသော BRACED လုပ်ငန်းစီမံကိန်းသည် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးဆဲနိုင်ငံများမှ ကလေးများနှင့် အမျိုးသမီးများအား ဦးစားပေးပြီး စုစုပေါင်းလူဦးရေငါးသန်းကို တိုက်ရိုက်အကျိုးသက်ရောက်စေရန် မျှော်မှန်းပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေနေနိုင်ရေးလုပ်ငန်းများ ပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် အမျိုးသားအဆင့်လုပ်ငန်းများကို ကူညီပံ့ပိုး ဆောင်ရွက်နိုင်ရန်ရည်ရွယ်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုး၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၄ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၇-၇-၂၀၁၄ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**ဖခင်အမည်မှန်**

အထက(၂)၊ အင်းစိန်၊ ဆဋ္ဌမတန်း(C)မှ မဆောင်းသဇင်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်ဦး ၁၁/ရသတ(နိုင်)၀၀၀၁၀၅ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**

ကျုံပျော်မြို့နယ်၊ တောကြီးအုပ်စု၊ မော်ထူကျေးရွာနေ မန်းစိုးရွှေ၏သမီး နန့်လေးဒယာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၇-၁၉၉၇ ဖြစ်ပါကြောင်း။

**နန့်လေးဒယာ**

**အမည်ပြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၂၀၊ အခြေခံပညာမူလတန်းကျောင်း၊ ဒုတိယတန်း(ခ)မှ မောင်သော်ဇင်(ဘ)ဦးတင်လွင်မြင့်အား မောင်အောင်ထွဋ်မှူးဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

အထက(၂)အင်းစိန် တက္ကသိုလ်ဝင်တန်း(H)မှ မစုပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်ဝင်း ၁၂/အစန(နိုင်)၀၁၃၄၅၈ ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းတည်နေရာ |
|---|---|---|
| ၁ | မြို့နယ်လျှပ်စစ်မှူးရုံး($T_2$-36'x24'x12') တစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံ ဆောက်လုပ်ခြင်း။ | ကျောက်ကြီးမြို့၊ မြို့နယ် လျှပ်စစ်မှူးရုံး။ |
| ၂ | လေးခန်းတွဲဝန်ထမ်းနေအိမ်(60'x50'x12') တစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံ ဆောက်လုပ်ခြင်း။ | ဒိုက်ဦးမြို့၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၇-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၄ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာနတွင် ၁၄-၇-၂၀၁၄ ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၅၂-၂၂၂၈၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BB/၇၂၇၈ Toyota Corolla Fielder SW 4×2 R ယာဉ်လက်ဝယ်ရှိသူ ရွှေထားဝယ်ကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## ဝက်လက်မြို့နယ်တွင် တီဘီလူနာ ကွင်းဆင်းရှာဖွေခြင်းစီမံချက် ဆောင်ရွက်မည်

**ဝက်လက် ဇူလိုင် ၁၂**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက တီဘီလူနာ ကွင်းဆင်းရှာဖွေခြင်း လုပ်ငန်းစီမံချက် စတင်ဆောင်ရွက်ရန်ရှင်းလင်းခြင်းကို ဝက်လက်မြို့နယ်တွင် ဇူလိုင် ၈ ရက်က New Hall ခန်းမ၌ ကျင်းပသည်။

စီမံချက်ကို ဝက်လက်မြို့နယ်တွင် ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အထိ သုံးနှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် တီဘီလူနာ အသစ်တွေ့ရှိနှုန်း တိုးတက်လာမည်ဖြစ်သလို ဆေးကုသမှုလက်လှမ်းမမီသေးသည့် တီဘီလူနာများကိုလည်း ဆောလျင်စွာ ကုသနိုင်မည်ဖြစ်ကြောင်း မြို့နယ်စီ/ခန့် အဖွဲ့ဝင် ဒေါ်ဆွေဆွေသန့်က ပြောသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မျိုးနိုင်က လုပ်ငန်း အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း စစ်ကိုင်းတိုင်း ဒုတိယဥက္ကဋ္ဌဦးတင်ရွှေက အသင်း အကြောင်း ကိုလည်းကောင်း၊ တီဘီစီမံချက်အရာရှိ ဦးကျော်ရဲနိုင်က ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်ကိုလည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

**နန်းမြင့်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းတွင် နွေစပါးစံကွက်ရိတ်သိမ်း

**ကျောက်ပန်းတောင်း ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၉ ရက်က ကြက်မောက်တောင်(ရေကူ) ဆည်ရေသောက်ဒေသ၊ တလင်းကုန်းကျေးရွာ အုပ်စုရှိ တောင်သူ ဦးသိန်းဝင်း၏ ပုလဲသွယ်စပ်မျိုးစပါး(GAP) စံပြကွက်တွင် ကျင်းပရာ တစ်ဧကအထွက်နှုန်း ၂၀၃ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်၊ မြို့နယ်မြေစာရင်းဦးစီးဌာနလက်ထောက်ဦးစီးမှူးဦးနေလင်းထွန်းနှင့် နွေစပါး စိုက်တောင်သူများ လာရောက်လေ့လာကြသည်။ လာမည့် မိုးစပါးရာသီတွင် လယ်မြေလုပ်ကွက် ပိုင်ဆိုင်မှုနည်းသည့် တောင်သူများအနေဖြင့် အထွက်နှုန်း ပိုကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးကို ဆက်လက်စိုက်ပျိုးသွားရန် ဆန္ဒရှိနေကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မြစိမ်း ရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ အလင်းရောင် စာကြည့်တိုက်၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အောင်ချမ်းသာကျေးရွာအတွက် ငွေကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင် ရန်ပုံငွေစာရင်းများသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာလှိုင်မင်းက ရန်ပုံငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားကာ အောင်ချမ်းသာကျေးရွာမှ တောင်သူ ၁၃၄ ဦးတို့အား မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေမှ ချေးငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကော့သောင်းတွင် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်း

**ကော့သောင်း ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသအချို့တွင် ဘာသာရေးအသွင်ဆောင်သည့် ပဋိပက္ခများ၊ အွန်လိုင်းလူမှုကွန်ရက် မီဒီယာများပေါ်မှ ကောလာဟလသတင်းများ၊ သွေးထိုးလှုံ့ဆော်မှုနှင့် အကြမ်းဖက်မှုများကို သတိပြုရှောင်ရှားနိုင်ရန်နှင့် ဘာသာပေါင်းစုံ အေးချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကော့သောင်းမြို့နယ်၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

အဖွဲ့ဖွဲ့စည်းခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုဝန်ကြီး ဦးဝင်းဆွေက အမှာစကားပြောကြားသည်။ ထားဝယ်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးဘမြင့်က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ထားဝယ်ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်က ကမ္ဘာ့ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖြစ်ပေါ်လာပုံနှင့် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ဘာသာကြီးလေးခုမှ တာဝန်ရှိသူများက အကြံပြု ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဘာသာတစ်ခုစီမှ အမှုဆောင် ကိုးဦးစီဖြင့် စုစုပေါင်း အမှုဆောင် ၃၆ ဦးဖြင့် ကော့သောင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းအတည်ပြုပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကော့သောင်းခရိုင် အများပိုင်ကုမ္ပဏီနှင့် လုပ်ငန်းရှင်များက အဖွဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မတည်ရန်ပုံငွေ ကျပ် ၂၇ သိန်းကို စုပေါင်းလှူဒါန်းကြသည်။

အခမ်းနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် ကော့သောင်းခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဘာသာကြီးလေးခုမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ဒေသလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံပွဲအခမ်းအနား ကျင်းပစဉ်။

ကော့သောင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေဖြင့် ကော့သောင်းခရိုင်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဘာသာရေးပဋိပက္ခများ မပေါ်ပေါက်ရေး၊ ကိုးကွယ်ရာဘာသာတရား အချင်းချင်း အပြန်အလှန်လေးစားကြရေး၊ ကောလာဟလသတင်းများ ပေါ်ထွက်လာပါက ဝိုင်းဝန်း ပူးပေါင်းညှိနှိုင်း ဖြေရှင်းကြရေး၊ ဘာသာမခွဲခြားဘဲတစ်ဦးနှင့် တစ်ဦး သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို မြို့ရွာအကျိုးရှေးရှုကာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြရေးနှင့် ဘာသာပေါင်းစုံအတူတကွတည်ငြိမ်အေးချမ်းသည့် လူမှုအသိုင်းအဝိုင်း အစဉ်ဖြစ်တည်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ရမည်းသင်းမြို့နယ်ကျေးရွာများသို့ ထုတ်ပေး

**ရမည်းသင်း ဇူလိုင် ၁၂**

ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ကျေးလက်လူမှုစီးပွားဘဝမြှင့်တင်ရေး မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က ကတင်အုပ်စု ဗောဓိကုန်းစာသင်တိုက်မွေရုံ၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ကတင်အုပ်စုနှင့်အုန်းသီးကွဲအုပ်စုတို့မှ အခြေခံသမဝါယမအသင်းသားများတက်ရောက်ခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက အသင်းသားများအား စိုက်ပျိုးစရိတ် ချေးငွေများကို အတိုးနှုန်း တစ်ကျပ်ခွဲနှုန်းဖြင့် ခြောက်လတစ်ကြိမ် ထုတ်ချေးပေးမည်ဖြစ်ကာ တောင်သူသုံး စက်ပစ္စည်းများကိုလည်း တောင်သူများက ၂၀ ရာခိုင်နှုန်းပေးချေကာ ကျန် ၈၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီး အသင်းစုချုပ်က အတိုးနှုန်းတစ်ကျပ်ခွဲနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ လယ်ယာသုံးမြေဩဇာများကိုလည်း ငါးလဆပ်စနစ်ဖြင့် ထုတ်ချေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးဒေါ်စန်းစန်းဝင်းက ပံ့ပိုးငွေများထုတ်ချေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် အုန်းသီးကွဲအုပ်စုမှ သမအသင်းသား ၂၅၈ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၂၄၃ သိန်းကျော်နှင့် ကတင်အုပ်စုမှ သမအသင်းသား ၄၅၈ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၄၃၅ သိန်းကျော်ကို တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့သည်။ "အခုလို အတိုးနှုန်း သက်သက်သာသာနဲ့ ချေးငွေရရှိတဲ့အတွက် စိုက်ပျိုးရေး လုပ်ငန်းတွေအတွက် အဆင်ပြေပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ရမည်းသင်း မြို့နယ်အတွင်း ဒုတိယအကြိမ် ပံ့ပိုးချေးငွေအဖြစ် ငွေကျပ် ၂၁၃၆၉ ဒသမ ၃၀ သိန်းကို အခြေခံသမ အသင်းပေါင်း ၂၀၃ သင်းမှ အသင်းသား ၂၂၄၉၄ ဦးကို အဖွဲ့ လေးဖွဲ့ခွဲကာ နေ့စဉ် ထုတ်ချေးပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၂ လမ်း၊ အမှတ် ၃/က ဟုခေါ်တွင်သော(၂၅'×၅၅')ရှိ မြေနှင့်အိမ်အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်ဥမ္မာအောင် ၁၂/သဃက(နိုင်)၁၄၆၁၈၇ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** **ဦးသန်းဦး**

**အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)** **အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မှီအဆင့်(၁)၊ မြေကွက်အမှတ်(၁၅၀၈)၊ အမည်ပေါက် ဦးနာရစ္စ၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဥမ္မာအောင်၁၂/ကတန(နိုင်)၀၇၇၈၉၉ မှမြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊**

**မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မှီအဆင့်(၁)၊ မြေကွက်အမှတ်(၃၇၉)၊အမည်ပေါက် ဦးအောင်စိုး၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးနီတူး ၉/ခအဇ(နိုင်)၀၀၂၂၈၀ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ဆင်ဖြူကျွန်းမဂ္ဂဇင်း အမှတ်(၄)အတွက် စာမူများဖိတ်ခေါ်ခြင်း

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)က ဆင်ဖြူကျွန်းမဂ္ဂဇင်းကို နှစ်စဉ်ထုတ်ဝေလျက်ရှိပါသည်။ ဆင်ဖြူကျွန်းဒေသ၏ အမျိုးဘာသာ၊ သာသနာ၊ ဓလေ့ရိုးရာစသည့် ယဉ်ကျေးမှုရေးရာအဖြာဖြာကို ဖော်ထုတ်မှတ်တမ်းတင်ထားရှိနိုင်ရန်နှင့် ဒေသခံတို့၏ စာပေရေးရာ၊ အရည်အသွေးကိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ထုတ်ဝေခဲ့ရာ ယခုအခါ အမှတ်(၄)သို့တိုင်ရောက်ခဲ့ပါပြီ။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဆင်ဖြူကျွန်းမဂ္ဂဇင်း(အမှတ်-၄)ထွက်ရှိမည်ဖြစ်ရာ စာမူများကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ကြပါပြီ။ ဆင်ဖြူကျွန်းဒေသတွင် နန္ဒာစိုး (ဆင်ဖြူကျွန်း)၊ ကိုတင်မိုးလွင် (ဆင်ဖြူကျွန်း)၊ သုတေသီဦးကျော်ခင်၊ ဇော်မင်း(ဆင်ဖြူကျွန်း) တို့ထံသို့လည်းကောင်း၊ အသင်းရုံးတည်ရှိရာ အမှတ် ၁၀၂၊ ၅၂ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍လည်းကောင်း ပေးပို့နိုင်ကြပါပြီ။

ရွေးချယ်ခြင်းမခံရသည့် စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူလက်ခံထားပြီးမှ ပို့ကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

**မဂ္ဂဇင်းကော်မတီ**

**ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ် ၆၁ ၁/၂ က၊ လမ်းမဘက်မှကြည့်လျှင်(ညာဘက်ခြမ်း)၊ ဧရိယာပေ(၁၂ ၁/၂×၄၀)အကျယ်ရှိ မြေကွက်အား စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းမြင့်မော် ၈/ပခက(နိုင်)၀၀၂၇၅၄ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ် ၆၁ ၁/၂ က၊ လမ်းမဘက်မှ ကြည့်လျှင်(ဘယ်ဘက်ခြမ်း)၊ ဧရိယာ ပေ(၁၂ ၁/၂× ၄၀)အကျယ်ရှိ မြေကွက်အား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာချို ၁၂/လမန(နိုင်)၁၄၂၃၁၁ ထံမှ မြေကွက်နှစ်ကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းထက် ၉/ မကန(နိုင်)၀၉၉၇၆၁က ဝယ်ယူရန် စရန်ငွေအသီးသီး ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းနိုင်** **ဒေါ်စန္ဒာအေး** **ဒေါ်ကြည်ကြည်ထွေး**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**

**အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၅၅၇၀၊ ၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၉၂၀၆၃**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/2833 (၈၀/၂၈၃၃)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၉၇၄၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၈၄၇၀၊ Toyota Hilux Surf, S/W ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်လွင် ၉/မနမ(နိုင်)၀၃၀၇၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊**

**ရန်ကုန်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ဆ/၇၃၀၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# စာကြည့်တိုက်များသို့ ရုပ်သံဖမ်းစက်များ ပေးအပ်လှူဒါန်း

**ပုလဲ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ နွယ်အင်းကျေးရွာ၊ ကျောက်ဖျာကန်ကျေးရွာ၊ နှောကန်ကျေးရွာ၊ အိုင်းမကျွေးရွာ၊ ဆင်ရှင်ကျေးရွာ၊ အလယ်ဘုံကျေးရွာနှင့် ရွာသစ်ကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များသို့ Sky Net ရုပ်သံဖမ်းစက် ခုနစ်လုံးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် ဇူလိုင် ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ Sky Net ရုပ်သံဖမ်းစက်များ လှူဒါန်းပေးမှုနှင့်ပတ်သက်၍ ပုလဲမြို့နယ် နွယ်အင်းကျေးရွာရှိ ဦးစိုးပြိုင်စာကြည့်တိုက်ကော်မတီ နာယက ဦးမြို့မောင်က တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# မန္တလေးမြို့တွင်း တရားမဝင်ကုန်တင်ဂိတ်များ အရေးယူနေ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ် ရပ်နားစခန်းကို အသစ် ဆောက်လုပ်ခဲ့ပြီးဖြစ်သော်လည်း မြို့တွင်း၌ဆက်လက်ဖွင့်လှစ်ထားသည့် တရားမဝင်ကုန်တင်ဂိတ်များကို စစ်ဆေး၍ တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး ၁/၂၀၁၄ မှ သိရသည်။



ဖွင့်လှစ်ပြီးစီးနေသော ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း။

အသစ်ဆောက်လုပ်ခဲ့ပြီးဖြစ်သည့် ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ဂိတ်ခန်းများဝယ်ယူရန် (သို့မဟုတ်) ငှားရမ်း၍ပြောင်းရွှေ့ဖွင့်လှစ်ကြရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သတ်မှတ်ရက်အတွင်းပြောင်းရွှေ့ဖွင့်လှစ်ခြင်းမရှိဘဲ မြို့တွင်းဂိတ်ခန်းများ ဆက်လက်ဖွင့်လှစ်လုပ်ကိုင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။

သို့ရာတွင်အချို့သော တရားမဝင်ကုန်တင်ဂိတ်များသည်ဆိုင်းဘုတ်ချိတ်ဆွဲခြင်း၊ ကုန်လက်ခံပြေစာများ အသုံးပြုခြင်း၊ ကုန်ပစ္စည်းများစုပုံထားခြင်းမရှိသော်လည်း ရပ်ကွက်များအတွင်း လုပ်ငန်းအနေဖြင့်ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် အခွန်ဌာနနှင့် စည်ပင်သာယာရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အပတ်စဉ်စစ်ဆေး၍ တွေ့ရှိသည့်ဂိတ်များကို အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တွင်းရှိ မြို့နယ်များကို ပူးပေါင်းအဖွဲ့များဖြင့် လှည့်လည်စစ်ဆေး၍ ဦးစွာ အကြောင်းကြားစာပေးဝေခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းအဖွဲ့များဖြင့် ထပ်မံစစ်ဆေးခဲ့ရာ လိုက်နာမှုမရှိသော အောင်မြေသာစံမြို့နယ်မှ တရားမဝင်ကုန်တင်ဂိတ် ၇၅ ဂိတ်၊ ချမ်းအေးသာစံမြို့နယ်မှ တရားမဝင်ကုန်တင်ဂိတ် ၂၆ ဂိတ် စုစုပေါင်း တရားမဝင်ကုန်တင်ဂိတ် ၁၀၁ ဂိတ်ကို စည်ပင်သာယာတရားရုံးက အရေးယူခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းများ ဆွေးနွေး

**တံတားဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်မြှင့်တင်မှု (Third wave) လုပ်ငန်းစဉ်ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးရာတွင် အဓိကအားဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ရန်လိုကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှု လုပ်ငန်းများကို ပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုတွင် အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ပြည်သူများ၏လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက် သိရှိလာစေရေးအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲတင့်**

## သတင်းတိုများ

### ပိုးလောက်လမ်းနှိမ်နင်းရေး အပတ်စဉ်ပြုလုပ်

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များရှိ ဘုရားပန်းအိုး၊ သောက်သုံးရေအိုး၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်းရှိ မရှိ စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင်လအတွင်း အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။ **(၁၀၁)**

### ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ကယားပြည်နယ် လွိုင်ကော်မြို့၌ ဇူလိုင် ၈ ရက်က စတင်ကျင်းပပြုလုပ်ခဲ့သော ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက်က ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲအတွက် ပြိုင်ပွဲဝင် အသင်းကို အကဲဖြတ်ရန် လွိုင်ကော်မြို့ ပုညကာရီ သီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်မာလာရီက ရှင်းပြပြီး အကောင်းဆုံးရွတ်ဖတ်ပူဇော်နိုင်ခဲ့သည့် အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ပထမဆုကို အထကခွဲ (၁)ကျောင်း၊ ဒုတိယဆုကို အလက(ခွဲ) ဒေါတမကျောင်း၊ တတိယဆုကို လောဓမ အလကကျောင်းက ရရှိခဲ့ပြီး အကောင်းဆုံးကျောင်းနှင့် အမွန်းပူဇော်မှုအကောင်းဆုံးကျောင်းများကိုလည်း ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်သစ်သစ်ရွှေက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲနောင်(လွိုင်ကော်)**

# သထုံတွင် လှျပ်စစ်မော်တော်ဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေး

**သထုံ ဇူလိုင် ၁၂**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မှတ်ပုံတင်မဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန် ယာဉ်များကို သထုံခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးတွင် (One Stop Service) စနစ်ဖြင့် ဇူလိုင် ၇ ရက်မှစတင်ကာ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနေ့အထိကို နိဗ္ဗာန်ယာဉ် ၁၃ စီး၊ သုံးဘီးဆိုင်ကယ် ရှစ်စီးနဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ် တစ်စီး မှတ်ပုံတင်ထုတ်ပေးပြီးပါပြီ။ ဇူလိုင် ၃၁ ရက်အထိ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လုပ်ပေးသွား မှာပါ"ဟု သထုံခရိုင် ကညနရုံးမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၀ ရက်တွင် ပြောသည်။

သထုံခရိုင်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်များထုတ်ပေးခြင်းကိုလည်း ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင်လ ၄ ရက်အထိ စီမံချက်ဖြင့် ပြုလုပ်ပေးခဲ့ကြောင်းနှင့် စီမံချက်ကာလ ငါး လအတွင်း လိုင်စင်မဲ့ဆိုင်ကယ် စုစုပေါင်း ၆၈၂၆ စီးကို သတ်မှတ်လိုင်စင်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း အဆိုပါ တာဝန်ရှိသူထံမှ သိရသည်။ **သက်ဦး(သထုံ)**



သထုံခရိုင် ကညနရုံးသို့ ယာဉ်မှတ်ပုံတင်ရန် လာရောက်ကြသူများ။

**ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**
**စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ**

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)မှ ကြီးမှူး၍ စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)၏ အသင်းဝင်များ ဆင်ဖြူကျွန်းဒေသသား အသင်းမဝင်ရသေးသူများအားလုံး ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - ဆူးခါးပရိယတ္တိစာသင်တိုက်၊ ကုန်သွယ်လယ်ယာဓမ္မာရုံအနီး၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။

ဆင်ဖြူကျွန်းဒေသဖွား ပင့်သံဃာငါးပါးနှင့်ကျောင်းတိုက်မှ သံဃာငါးပါး၊ စုစုပေါင်း သံဃာတော် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပူဇော်ကြ ပါမည်။

ဆက်သွယ်မေးမြန်းလိုပါက-ဦးမောင်မောင်ကြီး ဖုန်း-၀၉-၇၃၂၃၉၇၆၀၊ ဦးမောင်မောင်လင်း ဖုန်း-၀၉-၅၀၀၂၅၀၂၊ ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉၊ ဦးမြင့်ဦး ဖုန်း-၀၉-၄၂၀၁၅၆၅၀၅ တို့ထံ ဆက်သွယ်နိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၈/၁၀၁၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဂ/၈၁၄၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)**
**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး**

ဘီးလင်းမြို့နယ်အသင်း၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၄ခုနှစ် ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပပြုလုပ်ပါမည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ဝေဠုဝန်)ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ်၊ ဘီးလင်းတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသအမှူးရှိသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်ဆွမ်းအစရှိသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကျင်းပပြုလုပ် မည်ဖြစ်ပါ၍ ဘီးလင်းမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပညာရည်ချွန်ဆုအတွက် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူး ဖြင့်အောင်မြင်သော အသင်းဝင်သားသမီးတို့၏ အမည်စာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ ၁၈-၇-၂၀၁၄ရက်နောက်ဆုံးထား၍ ဦးသန့်ကြီး ဖုန်း-၅၃၉၇၅၈၊ ဦးအောင်မြင့် ဖုန်း-၀၉-၇၃၀၈၁၈၉၈၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၄၃၁၂၀၁၈၁၊ ဦးကျော်အေး ဖုန်း-၀၉-၇၃၀၃၈၃၉၁၊ ဦးတင်ငွေ ဖုန်း-၀၉-၅၁၈၄၅၂၂တို့ထံ ပေးပို့ရန်နှင့် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းတို့ကို အသင်းတည်ရာ ဘီးလင်းတိုက်သစ်ကျောင်း ဖုန်း-၅၀၀၅၉၉ သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့၊ ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၆ဍ/၄၇၄၅၊ ထရော်လာဂျီယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၄/မအန(နိုင်)၀၆၈၉၅၅ က (ကမ-၃)ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

**ပန်းစကား**

မုဒိတာ ၁၊ ၂ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှားလိုပါသည်။ ကြွေပြားခင်းခြင်း၊ မီးဖိုခုံ ပြုလုပ်ခြင်း၊ သံပန်းတပ်ဆင်ခြင်းများအား တာဝန်ယူဆောင်ရွက်ပေးပါသည်။

**ဖုန်း-၀၉-၄၉၂၁၆၈၀၈၊ ၀၉-၂၅၀၀၀၇၅၆၀၊ ၀၉-၂၅၀၀၀၇၅၆၁၊ ၀၉-၂၅၀၄၄၈၃၃၉**

**ရောင်းရန်ရှိသည်**

အသုံးပြုနေဆဲ ပလတ်စတစ် PET ဘူးခွံထုတ်စက် ( Blowing Machines)၊ ကျူ့ထုတ်စက်၊ အဖုံးထုတ်စက် (Injection Machines) များ ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန်ဖုန်း -၀၁-၆၁၈၂၉၀၊ ၆၁၈၂၉၁ (Ext:102)**
**သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သောင်ကြီးမြောက်(၁၃)၊ မြေကွက်အမှတ် ၃၅/က၊ မြေအကျယ် ၂၀'×၆၀' ပါမစ်မြေအမည်ပေါက် ဦးကျော်ရီ CE-၀၄၄၅၉၅ ဟု မှတ်သားထားသောမြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် ၃၅/က၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော အိမ်အကျိုးခံစားခွင့်များကို ဦးကျော်ရီထံမှ ဒေါ်သီ၊ ဒေါ်သီထံမှ ဦးမြတ်ဆွေ ၁၂/လသယ(နိုင်)၀၂၆၄၄၁ က ဝယ်ယူပိုင်ဆိုင်လက်ရှိထားကာ လွှဲပြောင်းခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါလျှင် ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် မြေကွက်နှင့်အိမ်နေထိုင်ခွင့်အခွင့်အရေးကို အပြီးအပိုင်ဝယ်ယူလက်ရှိထားမည်ဖြစ်ကြောင်း ပါမစ်အမည်ပေါက် ဦးကျော်ရီနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်မေစပယ်မြင့် အထက်တန်းရှေ့နေ(စဉ်-၃၂၉၉၂)**
**LL.B, D.B.L.,D.I.L, D.L.P(101)WIPO(Switzerland)**
**အမှတ် ၇၊ မြေညီ၊ ၃၃ လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀**

# ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာဦးပေတိုး

**အသက်(၈၇)နှစ်**

ဆရာကြီး ဒေါက်တာဦးပေတိုး(ပါမောက္ခ/ဌာနမှူး၊ ငြိမ်း၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)သည် ၁၀-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီဝကမ္မဗေဒနှင့်ဇီဝဓာတုဗေဒအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

## ဗိုလ်ကြီးကျော်မောင်(ငြိမ်း) (လေးတောင်)

**(ကြည်း-၇၆၃၂)၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)**

**အသက်(၈၁)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ အရှေ့မော်ရွာ (ဦးမောင်နန်း-ဒေါ်အေးလှဦး)တို့၏သား၊ မိုင်းယန်းမြို့နေ (ဦးစံရွှတ်-ဒေါ်နန်းနွမ်း)တို့၏သားသမက်၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက် ၂၉၅၊ အခန်း ၈နေ ဒေါ်နန်းခမ်းနွမ်း၏ခင်ပွန်း၊ Capt. ထွန်းဝင်း (HUB Shipping Co.,)-ဒေါ်ခင်နန်းဝေ(ခ)ဒေါ်ဒေလီယာ၊ ဗိုလ်မှူးရဲထွဋ်(ငြိမ်း)-ဒေါ်နိုင်နိုင်ရွှေ (Chief, UNICEF Field Office, Mdy)၊ ဦးစန်းမြင့်အောင်(SUNTAC, Technologics)-ဒေါ်ခင်ပန်းပွင့်၊ ဒေါ်နန်းကေသီဝင်း(Adventure Tour,Co.)၊ ဒေါ်နန်းရှီလာတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၇-၂၀၁၄ရက် ညနေ ၆း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးကျော်မောင် (ငြိမ်း)

**ကြည်း-၇၆၃၂**

**အသက်(၈၁)နှစ်**

ကျိုင်းတုံမြို့နယ်အသင်း(ရန်ကုန်) ဒေါ်နန်းခမ်းနွမ်း၏ခင်ပွန်း ဗိုလ်ကြီးကျော်မောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၄ရက် ညနေ ၆း၃၅နာရီတွင် ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျိုင်းတုံမြို့နယ်အသင်း(ရန်ကုန်)**

---

## ဒေါ်ခင်မေ(ခ)ဒေါ်ကောက်ပို(ပုသိမ်) အသက်(၈၀)

ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၀နေ (ဦးစံရီ)၏ဇနီး၊ (ဦးကာဘော)-ဒေါ်အင်းယားလေး၊ (ဦးကာဆိုင်)-ဒေါ်ငွေငွေ၊ ဦးတင်ချစ်-ဒေါ်နှင်းဆီတို့၏ညီမ/အစ်မ၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်တင်၊ Dr. ခင်မောင်ဝေ-Dr. ခင်လှမြင့်၊ ဦးကျော်နိုင်-(ဒေါ်မြင့်မြင့်စန်း)၊ ဦးအောင်သန်းဝင်း-ဒေါ်အေးအေးသိန်း၊ Dr. ဆောင်းဝင်း-ဒေါ်ခင်ခင်အေး(ခေတ္တ-ဩစတြေးလျ)၊ ဦးအောင်ကြည်-ဒေါ်ခင်စန်းလွင်၊ ဦးခင်မောင်ရီတို့၏မိခင်၊ မြေး ၂၁ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၇-၂၀၁၄ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြက်မောက်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်စောသိန်း (သိမ်ဇရပ်)

**အသက်(၆၅)နှစ်**

သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကော်မတီဝင် ဦးချစ်အောင်၏ဇနီး ဒေါ်ခင်စောသိန်းသည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အတွင်းရေးမှူးနှင့်မြို့နယ်ပါတီကော်မတီများ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**
**ကျိုက်ထိုမြို့နယ်**

---

## ဦးတွတ်(ခ)ဦးထွန်းဦး

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၅၈၊ ဘယသုဒ္ဓိလမ်း၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ဝင်းမာ (TV ရန်ကုန်ကားမောင်းသင်တန်း)၏ခင်ပွန်း၊ ဦးအေးမင်းဦး၊ ဦးအောင်ဖြိုးကျော်၊ မအေးချမ်းမိုးတို့၏ဖခင်သည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂း၂၇နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ် လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးအောင်သူ

**ကြည်း-၂၅၁၉၈**

**ဗသက(၈၈)**

**အသက်(၄၆)နှစ်**

သူငယ်ချင်း ဗိုလ်မှူးအောင်သူသည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၈)မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာပန်းခြံစု ၄လမ်း၊ ၁၃၂/၁၃၃၊ ဇင်ယော်မင်း သစ်စက်နေ ဗိုလ်ကြီးသန်းဝင်း B.A Geography (စက်မှု-၁၊ ငြိမ်း)သည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်ပြီး မွန်းလွဲ ၁း၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗလ(၄၇)စည်သူကျောင်းဆင်းသူငယ်ချင်းများ**

---

## ဦးဘကြည်

**ကာကွယ်ရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**အကောက်ခွန်(ဘဏ္ဍာ/အခွန်) ဘောလုံးသမားဟောင်း**
**(မြို့မကျောင်းသားဟောင်း)**

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက် ၆၉၊ အခန်း ၃၀၂နေ (စာတော်ပြန်ဦးရိပ်-ဒေါ်စု)တို့၏သား၊ (သုဓမ္မဝတီ ဝဏ္ဏကျော်ထင် ဦးပန်းမောင်-ဒေါ်စိန်းရင်)တို့၏သားသမက်၊ (ဒေါ်ဖွားစော)၏ ခင်ပွန်း၊ ဦးလှဦး(အကောက်ခွန်၊ ငြိမ်း၊ တောင်ကြီး)-ဒေါ်လှလှမြင့်၊ (ဦးမြဖူး)-ဒေါ်ခင်မြငွေ၊ ဦးဘထူးစိန်-ဒေါ်ခင်မာသန်းဆွေ၊ (ဦးမြတ်လင်း)-ဒေါ်မေမေစိန် (အထက-၂၊ ရန်ကင်း၊ ငြိမ်း)၊ ဒေါ်တင်တင်စိန်၊ (ဦးလှမှူး)၊ ဒေါ်စိုးစိုးစိန် (ဒု-ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနဌာန)တို့၏ဖခင်၊ ဦးနေလင်းဦး(Total E & P Myanmar)-ဒေါ်ကေခိုင်လင်း(KK Collection)၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၉-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အောင်သက်လောင်(ခ)ဦးရွှေထွန်း (ပုသိမ်)

**အသက်(၉၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ သီရိဇေယျာလမ်း၊ ခြံအမှတ် ၁၃-B နေ ဒေါ်ခင်မေရီ(ဟင်္သာတ)၏ခင်ပွန်း၊ ကိုလှသိန်း-မရင်ရင်၊ (လင်းဟန့်မိန်)-မခင်စန်းမြင့်၊ ကိုလှမြင့်(ခ)ဂျပန်ကြီး(M2, စားသောက်ဆိုင်၊ ပုသိမ်)၊ ကိုပေါ-မမီးငယ်၊ ကိုစောထွန်းအောင်(ခ)ဖိုးချို-မတူးမာ၊ မနုနုအေး၊ ကိုမင်းသိန်း၊ ကိုအေးသိန်းထွန်း-မမူမူအေးတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၈း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ထားရီ (ဇလွန်၊ ဟင်္သာတ)

**အသက်(၉၀)**

သူငယ်ချင်း ဦးတင်အောင်-ဒေါ်ခင်စောရီတို့၏မိခင်ကြီးသည် ၁၀-၇-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၁၉၊ ဒုတိယထပ်၊ အခန်း ၆ နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၉ခုနှစ် စီးပွားရေးတက္ကသိုလ်**
**ဘွဲ့ရသူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ဓမ္မာရုံ**
**အလှူ့ဒါယိကာမကြီး**

## ဒေါ်ခင်သန်း (နတ်မောက်)

**အသက်(၇၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျွန်းဖိုစမ်းကျေးရွာနေ(ဦးရွှေချစ်-ဒေါ်ငွေချစ်)တို့၏သမီး၊ (ဦးသန်းမောင်)၏ဇနီး၊ ဦးတင်မောင်ဝင်း-ဒေါ်မရီ (အေးရိပ်မြိုင်စားသောက်ဆိုင်)၊ ဦးထွန်းဝင်း-ဒေါ်ယဉ်သန်း၊ ဦးသန်းဝင်း-ဒေါ်သိန်းရွှေ၊ ဦးဆန်းမောင်-ဒေါ်ရီရီမြင့်(စိန်ပန်းမြိုင်စားသောက်ဆိုင်)၊ ဦးကျော်စိန်-ဒေါ်တင်ငွေလှိုင်(ကမ္ဘာကျော်စားသောက်ဆိုင်)၊ ဦးအောင်ကိုမင်း-ဒေါ်တင်တင်ဝင်း(နန်းထိုက်အောင် စားသောက်ဆိုင်)တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြေညာအပ်ပါသည်။ [ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ဆိုင်အမှတ် ၄၉၊ နန်းထိုက်အောင်စားသောက် ဆိုင်စည်ပင်ဆိုင်ခန်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးချစ်

**(အာလာဒင် ဒန်သတ္တုလုပ်ငန်း)**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ [ဗိုလ်မှူးကြီးချစ်သန်း၊ တပ်မတော်-လေ (ငြိမ်း)] - ဒေါ်ခင်ကြီး (အထက-၃၊ မင်္ဂလာဒုံ၊ ကျောင်းအုပ်၊ ငြိမ်း)တို့၏သမီးကြီး၊ ဒေါ်ကြည်ကြည်သန်း၊ ဦးကျော်စွာဝင်း-ဒေါ်ဇေမာထိုက်တို့၏အစ်မ၊ ဦးခင်မောင်ချစ်(အာလာဒင် ဒန်သတ္တုလုပ်ငန်း)၏ဇနီး၊ မဝင်းလဲ့သူ၊ မောင်ဆက်လင်းထွန်း၊ မောင်ဝေလင်းမောင်တို့၏မိခင်သည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၃း၁၀နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရားတံကဲ၊ ရဟန်းဒါယကာ**

## ဦးဝမ်းညွန့်

**ဖက်ဖူးရောင်စာအုပ်နှင့်**
**စာရေးကိရိယာဆိုင်၊ ပခုက္ကူမြို့**

**အသက်(၆၃)နှစ်**

ပခုက္ကူမြို့၊ ရန်အောင်လမ်း၊ အမှတ် ၁၀၂နေ (ဦးကျော်ညွန့်-ဒေါ်စံနွယ်)တို့၏သား၊ ဦးသန်းစိန်-ဒေါ်ညွန့်ညွန့်၊ ဦးဆန်းညွန့် (ဖက်ဖူးရောင် စာအုပ်နှင့် စာရေးကိရိယာဆိုင်)တို့၏ညီ၊ ဦးတက်နေဦး (လက်ထောက် အင်ဂျင်နီယာ၊ DWIR) - ဒေါ်စိန်ယောမ (လက်ထောက် ကထိက၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ အရှင်တေဇနိယ(သာသနာ့ဓဇဓမ္မာစရိယ)မုံလည်၏ဦးရီးတော်၊ ဒေါ်တင်မာနွယ်၊ ဒေါ်စုဖေသူ၊ ဒေါ်စုမေသူတို့၏ဦးလေးသည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၄ ရက် (စနေနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးမြင့်အောင်(ကိုသူရ)

**အသက်(၄၅)နှစ်**

ညောင်လေးပင်မြို့၊ ဆေးရုံဟောင်းလမ်း၊ အမှတ် ၉နေ (ဦးသန်းညွန့်-ဒေါ်ကြည်ကြည်ချို၊ စိုက်ပျိုးသိပ္ပံ၊ ပျဉ်းမနား)တို့၏သားငယ်၊ (ဦးစောဖရက်ဒရိတ် - ဒေါ်နော်ဖော်လာ)တို့၏ သားသမက်၊စောဆဲထီ-နော်ဖေဖ၊စောဟန်ထွန်း၊စောမျိုးသန့်-မမြတ်မာလာ၊ စောအယ်မူးတို့၏အစ်ကို/ညီ၊ နော်ခိုင်ခိုင်ငွေး၏ခင်ပွန်း၊ မမြယမုံနှင်း(အထက-၃၊ အလုံ)၊ မကြယ်စင်သွန်းတို့၏ဖခင်သည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၇-၂၀၁၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်အုန်းကြည်

**(ကျောက်တန်းမြို့)**

**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်လမ်း၊ အမှတ် ၁၁၅ နေ (ဦးမောင်ရှိန်-ဒေါ်စောတင်)တို့၏သမီး၊ ဦးတိတ်ဝမ်၏ဇနီး၊ ဒေါ်ယဉ်ယဉ်မာ (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၊ ဦးသက်လွင်(ရေနံ သယ်/ပို့)-ဒေါ်ခင်စိုးဝင်း (အထက-၂၊ သန်လျင်)တို့၏မိခင်သည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျောက်တန်းအနောက်ပိုင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ရွှေစိန် (လားရှိုး)

**အသက်(၈၇)နှစ်**

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ သိန္နီလမ်း၊ အမှတ် ၁၅/၅နေ (ဆရာဦးဆော-ဒေါ်ညွန့်)တို့၏သမီးကြီး၊ (ဦးကျော်လှ)(နမ့်ခမ်းမန်း)၏ဇနီး၊ ဒေါက်တာစိုင်းကျော်စိန်-ဒေါ်နန်းရွှေငွေ၊ ဒေါ်နန်းတင်မေလှ- Rev. ဦးငွေအောင်၊ ဒေါ်နန်းခင်ချစ်အေး-ဦးတင်မြင့်ထွန်း၊(ဒေါ်နန်းခင်ချစ်ငွေ)၊ဒေါ်နန်းခင်သန်းညို-ဦးကျော်ဝင်းတင်၊ ဦးစိုင်းစိန်မြင့်-ဒေါ်နန်းအေပန်၊ (ဒေါ်နန်းခင်နှင်းငွေ)-ဦးစံလင်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၄ရက်(စနေနေ့) ညနေ ၅း၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၇-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး လားရှိုးမြို့ ကြာကန် ခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်နန်းယဉ်နု

**အသက်(၆၈)နှစ်**

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၂)၊သရေခေတ္တရာလမ်း၊ အမှတ် ၁၂၂နေ (ဦးကျောင်းဆော-ဒေါ်နန်းမွန်း)တို့၏ဒုတိယသမီး၊ (ဦးခွန်သန်းယွန်း)၏ဇနီး၊ ဒေါ်နန်းသန်းမြင့်၊ ဒေါ်နန်းဝင်းကြည်၊ ဦးစိုင်းမျိုးမြင့်၊ ဒေါ်နန်းကြာညွန့်တို့၏အစ်မ၊ ဦးထွန်းထွန်းလွင်-ဒေါ်နန်းသန်းသန်းဦး၊ ကိုမိုးညို-နန်းနုနွမ်း၊ ခွန်ချစ်ခိုင်တို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မိုဟာမဒ်မူဆာ(ခ)

## ဦးအောင်မြင့်

**(ကုန်သွယ်/ဆေး၊ ငြိမ်း၊**
**အကယ်ဒမီမျက်မှန်)**

**အသက်(၆၇)နှစ်**

မန္တလေးမြို့၊ ကြေးနန်းရပ်နေ ဦးသန်းအောင်-(ဒေါ်မြမူ)တို့၏သား၊ စစ်ကိုင်းမြို့၊ လေးကျွန်းမြေရပ်နေ (ဦးမောင်မောင်)-ဟာဂျီမ ဒေါ်တင်ရတို့၏ ညီ၊ မန္တလေးမြို့၊ ၁၉လမ်း၊ ၈၀×၈၁လမ်းကြားနေ ကိုအောင်ကျော်ဦး-မတင့်တင့်ဝင်း၊ မကေသီဦးတို့၏ဖခင်၊ မောင်မင်းခန့်ကျော်၊ မသဉ္ဇာမိုးမြင့်ကျော်၊ မောင်ဟိန်းထက်ကျော်ဇင်တို့၏အဘိုး၊ (ဒေါ်ညွန့်ညွန့်ရီ)၏ ခင်ပွန်းသည် ၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် အေးရိပ်ငြိမ်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၇-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ဒေါ်ယဉ်ယဉ်ရှိန် အသက်(၆၈)နှစ် နာရေးကြော်ငြာတွင် ကွယ်လွန်သည့်ရက် ၇-၆-၂၀၁၄ရက် (သောကြာနေ့) အစား ၂၇-၆-၂၀၁၄ ရက်(သောကြာနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

## ဘဒ္ဒန္တသုန္ဒရ

**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ**

ပဲခူးမြို့၊ ရွှေဂူလေးဘုရားကျောင်းတိုက်၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ၊ ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၊ ရွှေဂူလေးစေတီတော် မေတ္တာယျအာနန္ဒာရုပ်ပွားတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ ပဲခူးမြို့၊ ရွှေဂူလေးဘုရားကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရ သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါသည် ၁၂-၇-၂၀၁၄ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) (စနေနေ့) နံနက် ၁၀း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်၊ ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (ဆရာတော်၏ အန္တိမအဂ္ဂိစျာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

စျာပနကျင်းပရေးကော်မတီ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဗိုလ်မှူးစိုးလွင်(ခ) REGGIE (ငြိမ်း) အသက်(၈၃)နှစ်

**ကြည်း(၇၆၉၇)၊ အမြောက်တပ်ရင်း၊ စည်သူ(၁၄)**

ရန်ကုန်မြို့နေ (ဦးစံဘ-ဒေါက်တာဒေါ်စီစီ)တို့၏သားကြီး၊ (ဦးဂျိုးဇက်-ဒေါ်ဂျိုစီ)တို့၏သားသမက်၊ ဒေါ်မာလာ(ခ) Laura ၏ခင်ပွန်း၊ မစန္ဒီစိုးလွင်-ဦးညီညီဆန်း၊ မဇင်မေကျော်-မောင်အောင်ဟိန်းထွန်းတို့၏ဖခင်၊ မောင်အာကာမင်းမြတ်(Grade-7, A ၊ အထက-၁၊ ဒဂုံ)၏အဘိုး၊ (ဦးမျိုးလွင်)-ဒေါ်တုတ်၊ ဒေါက်တာမျိုးမြင့်-ဒေါက်တာဒေါ်လေးခင်၊ ဒေါက်တာဒေါ်ခင်သိုက်ဝင်း-ဦးတင်ထွဋ်၊ ဒေါ်ဝင်ဒီမာ(USA) - (ဦးမောင်မောင်)တို့၏ အစ်ကိုကြီးသည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅း၂၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(တိုက်အမှတ် ၁၇၊ ၅၄လမ်း၊ လမ်းတို၊ အနော်ရထာအိမ်ရာမှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိန်မောင် (မိုးကုတ်ယောဂီဟောင်း)

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ ၇လမ်း၊ အမှတ် ၆၃၃နေ (ဦးဖိုးခင်-ဒေါ်သိန်းမေ)တို့၏သားကြီး၊ (ဦးသန်း)-ဒေါ်သန်းရင်၊ ဦးကောင်း-ဒေါ်သန်းအေး၊ (ဦးမြအုန်း)-ဒေါ်ပုတင်၊ ဆရာတော် ဦးကုသလတို့၏အစ်ကို၊ ဒေါ်သိန်းဟန်၏ခင်ပွန်း၊ ကိုစိုးလွင်-မနန်းအိအိခိုင်၊ ကိုရဲနိုင်-မသူဇာဟန်၊ ကိုသိန်းငွေး-မစုစုလှိုင်အေး၊ ကိုမြင့်သိန်းလွင်-မဝင်းဝင်းရွှေ၊ ကိုမောင်မောင်ခိုင်-မခင်ခင်ထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၉-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုးတင့်

**ကျောင်းဆရာ(ငြိမ်း)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့နေ (ဦးလှဖေ-ဒေါ်ဖွား)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၁ လမ်း၊ အမှတ် ၂၈နေ (ဦးစိန်ဖေ-ဒေါ်အုန်းခင်)တို့၏သားသမက်၊ [ဒုတိယဗိုလ်မှူးကြီး အောင်သန်း (ငြိမ်း) - ဒေါ်လှလှ]၊ (ဦးအောင်မြင့်) - ဒေါ်အေးအေးခိုင်၊ ဦးခင်ရွှေ-ဒေါ်လှမြင့်၊ (ဗိုလ်မှူး ဝင်းကြည်၊ ငြိမ်း)-ဒေါ်မူမူကြူ၊ဒုတိယဗိုလ် မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်နန်းငွေကြည်တို့၏ညီ/မောင်၊ ဦးသန်းထွေး-ဒေါ်ရင်ရင်မြတို့၏အစ်ကို၊ မခင်ဥမ္မာထွန်း၊ မဝင်းလဲ့ဖြူတို့၏ဖခင်၊ ဒေါ်ခင်ဝေ(အထက-၂၊ လှိုင်)၏ ခင်ပွန်းသည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ညိုထွေး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၂၊ ရာမလမ်း၊ အေ/တောင်၊ အလုံမြို့နယ်နေ ဦးဝင်းမင်း(အကောက်ခွန်မှူး)၏ဇနီး၊ ရွှေဂုံတိုင်၊ ယုဇနတာဝါနေ (ဦးသန်းတင်)-ဒေါ်ရင်ဥတို့၏ဒုတိယသမီး၊ ဒိုက်ဦးမြို့နေ (ဦးစံရွှေ)-ဒေါ်လှမြင့်တို့၏ သမီးချွေးမ၊ ဦးသက်တိုးအောင်-ဒေါ်ခင်စိုးဦး၊ ဦးမြင့်ကြိုင် - ဒေါ်ခင်သက်ဇင်၊ ဦးငွေအောင်ကြီး-ဒေါ်စိုးစိုး၊ ဦးအောင်ကျော်ဇော၊ ကိုအောင်ကျော်လင်း၊ ဒိုက်ဦးမြို့နေ ကိုဇော်မင်း-မသန်းသန်းအေးတို့၏ညီမ၊ ရန်ကုန်မြို့နေ မခင်သန်းထိုက်၊ ကိုသန်းထွန်း-မခင်မြတ်မွန်၊ ဒိုက်ဦးမြို့နေ ကိုခင်မောင်ငွေး-မအေးအေးနှင်းတို့၏အစ်မ၊ မောင်ကျော်ထွဋ်ဇင်၊ မထားယဉ်မွန် [ဒုသမတန်း(စီ)အထက-၆၊ အလုံ]တို့၏မိခင်သည် ၁၂-၇-၂၀၁၄ရက် (စနေနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်ရင်မြင့် (ဓနုဖြူ)

**အသက်(၇၇)နှစ်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်လမ်း၊အမှတ်၃၅၆နေ(ဦးအောင်ရ-ဒေါ်မြနွဲ့)တို့၏သမီးကြီး၊ (ဦးထွန်းလှိုင်၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ ဇနီး၊ ဗိုလ်ကြီးကြီးမြင့် (တပ်မတော်-ရေ၊ ငြိမ်း)၊ ဦးသန်းငွေ-ဒေါ်ခင်အေးမြင့်တို့၏အစ်မ၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းလှိုင်၊ ဦးသန်းမင်းအေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကြည်စိုး-ဒေါ်သင်းသင်းကြိုင်၊ ဦးလှမြင့် - ဒေါ်ဖြူဖြူဝင်း၊ ဦးဉာဏ်ထွန်း-ဒေါ်မိုးမိုးဆွေ၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်နီလာမြင့်၊ ဦးမြတ်ကိုကို-ဒေါ်မေသူလှိုင်တို့၏မိခင်၊မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**
**ရေတွင်း ဒါယိကာမကြီး**

## ဒေါ်အေးအေး (တံတားမြို့)

**သူနာပြုအုပ်(ငြိမ်း)**
**သင်္ဃန်းကျွန်း စံပြဆေးရုံကြီး**

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ကျောက်မြောင်း၊ မလွကုန်းငွေကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်းနေ (ဦးကံညွန့်-ဒေါ်ကျင်ငြိမ်း)တို့၏သမီး၊ (ဦးသိန်းထွေး)၏ဇနီး၊ ဦးကျင်းစိန်-ဒေါ်တင်ဝင်း၊ (ဦးကျင်းရှိန်)-ဒေါ်ယဉ်ထွေး၊ဦးနေမျိုး-ဒေါ်မြမြဦးတို့၏အစ်မ၊ ဦးကြည်ဝင်း-ဒေါ်မြမြထွေးတို့၏ညီမ၊ ကိုခင်ဇော်ဦး - မအေးစုမွန်ထွေး၊ ကိုအောင်ကြည်-မအေးမြတ်မွန်ထွေး၊ မအေးဖြူမွန်ထွေးတို့၏မိခင်၊မခင်ပြည့်စုံသန့်၊ မသင်းသီရိ၊ မခြူးကြယ်စင်၊ မသဒ္ဒါဦးတို့၏အဘွား၊ ကိုမွန်လေး-မမာလာ၊ တူ၊ တူမ ၂၀တို့၏အဒေါ်သည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးသို့ ဘုရားဖူးရောက်ရှိလာကြမည့် ငါးကြီးများကို ငါးကျွေးဆိပ်မှ ခြောက်မိုင်ခန့်ကွာဝေးသည့် ဧရာဝတီမြစ်ဝမှ သွားရောက်ကြိုဆိုလာသည်ကို တွေ့ရစဉ်။ (သတင်းစာမျက်နှာ-၁၀) (ဓာတ်ပုံ-ချစ်သမီး)

# ကာလရှည်နေထိုင်လုပ်ကိုင်ခွင့်ပြုပါက မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများ ပိုမိုတိုးမြင့်လာမည်

သတင်း-ဝေယံဦး

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ နေထိုင်ခွင့်ကာလကို တိုးမြှင့်ပေးရန် စီစဉ်လျက်ရှိရာ မကြာမီကာလအတွင်း မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများ ငါးနှစ်အထိ နှစ်ရှည်နေထိုင်ခွင့်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပမှလာရောက်သော နိုင်ငံခြားသားများအတွက် ဗီဇာများထုတ်ပေးရာ၌ Tourist Visa၊ Entry Visa၊ Business Visa၊ Multiple Journey Entry visa များ ထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ နေထိုင်ခွင့်ကာလကို အပိုင်းအခြားတစ်ခုသာ သတ်မှတ်ထားသော်လည်း ပြောင်းလဲလာသော အခြေအနေနှင့် နိုင်ငံတကာမှ နိုင်ငံခြားသားများအား ကာလရှည် ငါးနှစ်အထိ နေထိုင်ခွင့်ပြုရန် စီစဉ်နေခြင်းဖြစ်သည်။

ထိုသို့ နိုင်ငံခြားသားများကို ကာလရှည်နေထိုင်ခွင့်ပေးရန် စီစဉ်နေသော်လည်း အိမ်မြေအပိုင်ဝယ်ယူမှုများ ခွင့်ပြုမည်မဟုတ်သဖြင့် အိမ်ခြံမြေအငှားဈေးကွက်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း၊ အိမ်ခြံမြေရောင်းဝယ်သူများက သုံးသပ်လျက်ရှိသည်။

လောလောဆယ်တွင် မြန်မာနိုင်ငံတွင် လုပ်ငန်းဗီဇာဖြင့် လာရောက်နေထိုင်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများမှာ ၈၀၀၀ ခန့်ရှိနေရာ ကာလရှည်နေထိုင်ခွင့်ပေးပါက လာရောက်နေထိုင်အလုပ်လုပ်ကိုင်သူ ပိုမိုများပြားလာမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❑

## ယနေ့ မာတိကာ


မေဝဲသားနှင့် မိုင်ဒါးနား စိတ်မကျေပွဲ ထိုးသတ်မည် စာ-၅

ကြက်သွန်နီ၊ အာလူး ဈေးနှုန်းများမြင့်၊စားအုန်းဆီဈေးနှုန်း ကျဆင်း စာ-၉

ပြည်တွင်းဈေးကွက်တွင် ရောင်းအားကောင်းသည့် ကညွတ် စာ-၁၂


**ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

# ရတနာပုံနှင့်မကွေး အရှုံးအနိုင်မပေါ်

သတင်း (ညီမြတ်သော်တာ)

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၄) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်း၌ကစားသော ရတနာပုံနှင့် မကွေးတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားခဲ့သည်။

ဒုတိယအကျော့တွင် ရလဒ်ပိုင်းရော ခြေစွမ်းပိုင်းပါ ကျဆင်းလာသည့် ရတနာပုံအသင်းမှာ ယခုပွဲတွင်လည်း မကွေးအသင်းကို သရေသာကစားနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း မကွေးအသင်းကို ခြေစွမ်းပိုင်းအသာမရခဲ့သလို နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။

ပွဲအစ ၁၃ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး အောင်မြင့်အေးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ မကွေးအသင်း ချေပဂိုးရရှိရန် အားထည့်ကစားလာပြီး

စာမျက်နှာ ၃ ကော်လံ ၅ ✻

# ပြည်သူများ၏ ဘဝအမောတွေပြေပျောက်စေတဲ့ အနုပညာဟာ မရှိမဖြစ်လိုအပ် နိုင်ငံတော်က ဖော်ဆောင်ပေးတာနဲ့အပြိုင် အနုပညာအဆင့်အတန်းကို မြှင့်တင်

တွေ့ဆုံမေးမြန်း-ခင်ရတနာ
ဓာတ်ပုံ-မင်းထက်(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံတစ်နိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်သူလူထု၏ ပျော်ရွှင်မှုဖြစ်သည်။ ထို့အတူ နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရသည့် ပြည်သူများအတွက် စိတ်အပန်းပြေပျော်ရွှင်စေနိုင်ပြီး အသိပညာဗဟုသုတများကို ပေးစွမ်းနိုင်သည်မှာ ဖျော်ဖြေရေးကဏ္ဍပင်ဖြစ်သည်။ လွန်ခဲ့သည့်တစ်နှစ်ကျော်အကြာ ကတည်းကပင် အနုပညာရှင်များက တင်ပြထားခဲ့ပြီး မြန်မာနိုင်ငံ၏ အနုပညာကဏ္ဍအပေါ် နိုင်ငံတော်က ကူညီပံ့ပိုးပေးပါရန် တောင်းဆိုသည့် အချက်အလက်များနှင့် အနုပညာရှင်တို့၏ ခံစားချက်များကို နိုင်ငံတော်သမ္မတထံ တိုက်ရိုက်တင်ပြခွင့်အား ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး



လုပ်ငန်းဗဟိုဌာန(အမ်ပီစီ)၌ ရရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များ တွေ့ဆုံပွဲအတွင်း တက်ရောက်လာကြသော အနုပညာရှင်များ၏ ရင်တွင်းခံစားချက်နှင့် လက်ရှိနိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကဏ္ဍအတွင်း ဖျော်ဖြေ

**ဦးလူမင်း**
**(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**ရုပ်ရှင်သရုပ်ဆောင်**
**အကယ်ဒမီ အိန္ဒြာကျော်ဇင်**

မှုကဏ္ဍများမှ ဆောင်ရွက်မှုအခြေအထားများ၊ အခက်အခဲများနှင့် သဘောထားများကို တွေ့ဆုံမေးမြန်း



ဖြစ်ခဲ့သည်။

**ပန်တျာဦးမြကြည် (ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံသဘင်အစည်းအရုံး**

ရုပ်ရှင်၊ ဂီတ၊ သဘင်ညီအစ်ကိုသုံးဦးဆိုရင် ကျွန်တော်တို့ သဘင်အနုပညာရှင်တွေက အချို့တဲ့ဆုံးပါ။ ကျွန်တော်တို့အနေနဲ့ အခက်အခဲတွေ အများကြီးရှိပါတယ်။ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းပြီး ရေရှည်တည်တံ့ဖို့အတွက် ကျားကန်နေရတာနဲ့အပြိုင် တိုင်းတစ်ပါးယဉ်ကျေးမှုတွေ ဝင်ရောက်လာမှု၊ စားဝတ်နေရေးလတ်တလောပြေလည်ဖို့အတွက် လုပ်ဆောင်နေရမှုတွေ ရှိပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁ ✻









mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

PSA တွင် Container
Phone : 377 343-377 344 - 38 57 58 - 38 68 77-39 22 33


## နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများနှင့်လူငယ်များ၊ မြန်မာစာ ရေးတတ်၊ ဖတ်တတ်အဆင့်ရှိကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်သောနည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တစ်ဆင့်တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ ၃၀ ထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ အဆိုပါ Mobile Vocational Training Unit အဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာန အသီးသီးအနက်မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသောသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း (သို့မဟုတ်) အောက်ဖော်ပြပါဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အထူးလုပ်ငန်းအဖွဲ့ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆(နေပြည်တော်)**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၉**

### နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

| စဉ် | ဝန်ကြီးဌာန | သင်တန်းကျောင်း အမည်/လိပ်စာ | ဖွင့်လှစ်နေသောသင်တန်းများ | သင်တန်းသား အရည်အချင်း | သင်တန်း ကာလ | သင်တန်းကြေး (သင်တန်း အစ-ဆုံး) | စားစရိတ် | အဆောင် | သင်တန်းဆင်း လက်မှတ်အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက် ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန | စိုက်ပျိုး၊မွေးမြူ ရေးနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း (ကြို့ကုန်း၊ ရန်ကုန်တိုင်းဒေသကြီး (ဖျာပုံ၊ ဧရာဝတီ တိုင်းဒေသကြီး) (စစ်ကိုင်း၊စစ်ကိုင်းတိုင်း ဒေသကြီး) | ၁။ ရေချို၊ ရေငန် ငါးမွေးမြူရေး အတတ် သင်တန်း<br>၂။ ဆေးထိုး၊ သားဖောက် သင်တန်း<br>၃။ ပိုက်ထိုး၊ ပိုက်ဖာသင်တန်း | (၈)တန်း အောင် | ၃-လ/ ၂-ပတ် သင်တန်း အပေါ် မူတည် | အခမဲ့ | မိမိ အစီအစဉ် | မိမိ အစီအစဉ် | ဌာနအသိ အမှတ်ပြု Certificate | လိုအပ် လျှင် Master Trainer အဖြစ် သင်ကြားပေးသည်။ |

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
### သစ်တောဦးစီးဌာန
### သစ်တောတက္ကသိုလ်၊ ရေဆင်း
### နေပြည်တော်

၁။ သစ်တောတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်သိပ္ပံ(သစ်တောပညာ)ဘွဲ့၊ ခြောက်နှစ်သင်တန်းသို့ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ သင်တန်းသား/သင်တန်းသူဦးရေ စုစုပေါင်း(၁၀၀)လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ်(၃၆၀)နှင့် အထက်ရရှိရမည်။

(ဃ) ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် အသက်(၁၈)နှစ်ထက် မကြီးစေရ။

(င) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းနှင့်အညီ အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်များကို သုံးနာရီမေးခွန်းဖြေဆိုကြရမည်။

(စ) လူတွေ့စစ်ဆေးခြင်းခံယူရမည်။

(ဆ) မိုင်(၂၀)လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါ သတ်မှတ်ပုံစံအတိုင်း(A-4 Size)အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၊ကျောင်းအုပ်ကြီး၏တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်(မိတ္တူ)

(ခ) မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်အမှတ်စာရင်း(မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးပြည်သူ့ဆေးရုံတို့မှ မျက်စိအရောင်ခွဲခြားခြင်းအပါအဝင် ကျန်းမာကြောင်းစစ်ဆေးချက်(မူရင်း)

(င) ပြစ်မှုပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်(မူရင်း)

(စ) လိုင်စင်အရွယ်ဓာတ်ပုံ(၃)ပုံ (ပူးတွဲ)

၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ ၆-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ရုံးချိန်အတွင်း နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော၊ သတ်မှတ်ချက်အထောက်အထား မပြည့်စုံသောလျှောက်လွှာများကို ဖြေဆိုခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါ စာစစ်ဌာနများ၌ တစ်ပြိုင်တည်းစစ်ဆေးမည်။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့်စာစစ်ဌာနကို သေချာစွာရွေးချယ်ဖော်ပြရမည်။

(က) သစ်တောတက္ကသိုလ်၊ ရေဆင်း နေပြည်တော်။

(ခ) ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်။

(က) အင်္ဂလိပ်စာသုံးနာရီမေးခွန်း ၂၃-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ

(ခ) ဇီဝဗေဒသုံးနာရီမေးခွန်း ၂၄-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ

၉။ ဖြေဆိုခွင့်ရရှိသူများ၏အမည်နှင့် ခုံအမှတ်စာရင်းကို စာစစ်ဌာန(၃)ခု၌ အချိန်မီထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ ဖြေဆိုခွင့်ကတ်များကို ၂၁-၈-၂၀၁၄ရက်(ကြာသပတေးနေ့)မှ စတင်၍ သက်ဆိုင်ရာစာစစ်ဌာနများ၌ ထုတ်ပေးမည်။ဖြေဆိုခွင့်ကတ် ထုတ်ယူသည့်အချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမူရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့ကို တင်ပြ၍ မိတ္တူများပေးအပ်ရမည်။

၁၁။ ရေးဖြေစာမေးပွဲအောင်စာရင်းကို စာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် မိုင်(၂၀) လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်းများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ဆက်လက်ပြုလုပ်မည်ဖြစ်၍ စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်။ အစစ်ဆေးခံရန်လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ အမှတ်စာရင်းမူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၃။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်းနှင့် စာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၄။ အသေးစိတ်သိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၉၊ ၄၁၆၆၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**မောင်မောင်လွင်**
**မော်ကွန်းထိန်း**

**လျှောက်လွှာနမူနာပုံစံ**

**သစ်တောတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**
**ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ**
**(၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ

၁။ အမည်(အပြည့်အစုံ)----------နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------
၂။ မွေးသက္ကရာဇ်(ရက်၊လ၊ခုနှစ်)------------------------------------
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုံအမှတ် ----------ခုနှစ်----------
စာစစ်ဌာန--------------------------------
၄။ လူမျိုး-------------ကိုးကွယ်သည့်ဘာသာ--------------------
၅။ အမြဲနေထိုင်သောလိပ်စာ-----------------------------------------
--------------------------------------------------------------
၆။ ဆက်သွယ်ရန်လိပ်စာ------------------------------------------
--------------------------------------------------------------
၇။ ဖခင်အမည်---------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------
အလုပ်အကိုင်--------------------------------------------------
မိခင်အမည်---------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------
အလုပ်အကိုင် ------------------------------------------------
၈။ ရေးဖြေဖြေဆိုလိုသောစာစစ်ဌာန-------------------------------
[ပြင်ဦးလွင်(သို့မဟုတ်)နေပြည်တော်(သို့မဟုတ်)မှော်ဘီစာစစ်ဌာန တစ်ခုသာဖော်ပြရန်]
၉။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။------------------ ----------------
**လျှောက်ထားသူ၏လက်မှတ်**

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ၊ ------------------ ----------------
**မိဘ/အုပ်ထိန်းသူလက်မှတ်**

## အထက(၂)ဗဟန်း(နန်းယန်)
## နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်ပွဲနှင့်
## ဒသမအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနား

**နေရာ** - အထက (၂) ဗဟန်း (ကျောင်းဝင်း)
**နေ့ရက်** - ၂၇-၁၂-၂၀၁၄ရက် (စနေနေ့)၊
၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အနေဖြင့် မဂ္ဂဇင်းစာအုပ်ထုတ်ဝေမည်ဖြစ်ပါ၍ မိမိတို့ကိုယ်တိုင် ရေးသားထားသောစာမူများအား ဆရာ/ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများသည် ၁၅-၇-၂၀၁၄ရက် မှ ၁၅-၉-၂၀၁၄ရက်အထိ အထက(၂) ဗဟန်း (ကျောင်းသား/ကျောင်းသူဟောင်းရုံးခန်း)၌ လာရောက်ပေးပို့နိုင်ပါကြောင်းနှင့် သိလိုသည်များရှိပါက အောက်ပါဖုန်းနံပါတ်အား ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ရုံးဖုန်း-၀၉-၃၀၀၅၁၆၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၄၁၈/ခ၊ ဧရိယာ ၁၂၀၀ စ/ပ၊ အကျယ်ပေ(၂၀×၆၀)၊မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၄၁၈/ခ၊ န၀ရတ် ၁ လမ်း(အထက်)၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် (၁) ဦးကျော်ဆွေ PKU-၀၄၉၂၂၁၊ (၂)ဒေါ်မြင့်မြင့်သန်း ၁၂/သကတ(နိုင်)၀၈၈၈၅၆တို့အမည်ပေါက်လျက်ရှိပြီး ၎င်းတို့ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်ဆက်အရ ဦးဘိုဋ္ဌေး ၆/မအရ(နိုင်)၀၀၅၉၈၀မှ လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်**
**အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**

**ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၃၂၂၊ မြေကွက်တည်နေရာအမှတ် ၃၂၂၊ ဘုမ္မာ ၁၁ လမ်း၊ ဒေါ်တင်အေး စီအီး-၀၀၇၉၃၄ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် (မိခင်)ဒေါ်တင်အေးနှင့် (ဖခင်)ဦးတင်လှိုင်တို့ ကွယ်လွန်သဖြင့် ဦးအောင်ကျော် ၁၂/ဥကမ(နိုင်)၁၁၅၈၅၅ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်း ၃၀/သုဝဏ္ဏ၊ လူသုံးကုန်စက်ရုံအနီး၊ မြေကွက် ၁၃၄/A၊ ဧရိယာ ၀ဒသမ၀၈၃၈ဧက၊ နှစ်(၆၀)မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်အေးအေးခိုင် ဖြစ်ပါသည်။ အဆိုပါမြေ+ဆ/ဦးအား အပြီးအပိုင် အရောင်းအဝယ်စာချုပ်(၂၉၄၁/၂၀၁၃) တင်ပြ၍ ဒေါ်အေးမိစံ ၁၂/မရက(နိုင်)၀၇၅၈၅၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ရန်ပြေ၊ မြေကွက်အမှတ် ၁၅၃/က၊ မြေကွက်တည်နေရာအမှတ် ၁၅၃/က၊ ရန်ပြေ ၁၀လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဒေါ်ခင်ခင်၊ (၂) ဦးမောင်မောင်သန်းအမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ခင်(မိခင်)နှင့် ဦးတင်ညွန့်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားများဖြစ်သော ကျန်အမည်ပေါက် (၁) ဦးမောင်မောင်သန်း ၁၂/သကတ(နိုင်)၀၈၅၅၂၆၊ (၂)ဦးလှထွန်း ၁၂/သကတ(နိုင်)၀၈၅၆၈၃၊ (၃)ဦးအုန်းသန်း ၉/ပမန(နိုင်)၀၁၄၅၇၈၊ (၄)ဦးစိုင်းမြင့်သန်း ၁၂/ကမရ(နိုင်)၀၃၈၁၇၃တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၆၀၄/၂၀၀၈ရသူ ဒေါ်ဖြူဖြူ ၁၂/သကတ(နိုင်) ၀၈၃၁၅၁တို့မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်+အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းအမှတ် ၆၁၊ မြေကွက်အမှတ်(၃၁၀+၃၁၁)အား အမည်ပေါက်ရရှိခဲ့ကြောင်း၊ အဆိုပါမြေကွက်၏ မြေချပါမစ်ပျောက်ဆုံးကြောင်းနှင့် ၎င်း မြေကွက်သည် နိုင်ငံတော်စီမံကိန်းအတွင်း ပါဝင်သွား၍ အစားပြန်ချထားပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၄၁-၂)၊ မြေကွက်အမှတ်(၁၁၆+၁၁၇)၏ မြေချစလစ်ပျောက်ဆုံးသွားပါ၍ မြေချပါမစ် ပြုလုပ်ပေးပါရန် အမည်ပေါက် ဒေါ်ကျင်ပို အီးအိုင်-၀၂၀၁၆၃ က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၃ခုနှစ်(သို့မဟုတ်)၂၀၁၄ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၄ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

မြန်မာ့အလင်း

Brasil 2014

# ကမ္ဘာ့ဖလားအထူးကဏ္ဍ

၂၀၁၄ခုနှစ်၊ ဂျူလိုင် ၁၃ ရက်၊ တနင်္ဂနွေနေ့။

AIR KBZ



# ဂျာမနီအသင်း အောင်ပွဲခံမယ့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဖြိုင်ပွဲ ဗိုလ်လုပွဲ

ထက်အောင်

**အိမ်ရှင်ဘရာဇီးကို ဂိုးပြတ်အနိုင်ယူခဲ့သလို ပြင်သစ်လိုအသင်းကိုလည်း အနိုင်ယူပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တဲ့ ဂျာမနီအသင်းကို အသင်းလိုက် စွမ်းဆောင်ရည် အကောင်းဆုံးပုံစံမရရှိသေးတဲ့ အာဂျင်တီးနားအသင်း ထိန်းချုပ်နိုင်ဖို့ခက်တယ်။**

| ဂျာမနီ Vs အာဂျင်တီးနား | | |
|---|---|---|
| ကစားမည့် ရက်၊ အချိန်နှင့် ကွင်း | ၁၄-၇-၂၀၁၄၊ နံနက် ၁း၃၀ Estadio do Maracana | |
| နောက်ဆုံးဆုံတွေ့မှုရလဒ် | ဂျာမနီ ၁-၃ အာဂျင်တီးနား | (၁၆-၈-၂၀၁၂) |



ဂျာမနီအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ အိမ်ရှင်ဘရာဇီးအသင်းကို ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက်ခွင့်ရရှိလာတာမို့ စိတ်ဓာတ်ပိုင်း တက်ကြွအားကောင်းနေမှာပါ။ ဂျာမနီက ဂါနာ၊ အမေရိကန်တို့နဲ့ ကစားခဲ့တဲ့ အုပ်စုပွဲတွေ၊ အယ်လ်ဂျီးရီးယားနဲ့ကစားခဲ့တဲ့ ၁၆ သင်းရှုံးထွက်ပွဲမှာ နိုင်ပွဲရရှိဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတာမှန်တယ်။ ဒါပေမယ့် ပြင်သစ်၊ ဘရာဇီးတို့လို အသင်းကြီးတွေကို အကောင်းဆုံးရလဒ်နဲ့ ဖြတ်ကျော်လာနိုင်ခဲ့တာကြောင့် ဂျာမနီရဲ့ ရုန်းအားကို လျှော့တွက်လို့မရဘူး။ ဗိုလ်လုပွဲမှာ ဂျာမနီအသင်းရဲ့ အဓိကဗဟိုခံစစ်မှူး ဟမ်မဲလ်ပါဝင်နိုင်ဖို့ မသေချာပေမယ့် ဂျာမနီအသင်းမှာ ခံစစ်မှူးကောင်းတွေ ရှိနေတာမို့ ခံစစ်ပိုင်း သိသိသာသာအားနည်းမှု မရှိနိုင်ဘူး။ ဂိုးရရှိရေးဟာ ကစားသမားတစ်ဦး၊ နှစ်ဦးအပေါ်မှာတင် အမှီပြုခြင်းမရှိတာက ဂျာမနီအတွက် အားသာချက်တစ်ခုဖြစ်နေတယ်။ အိုဇေးလ်၊ သောမတ်မူလာ၊ တိုနီခရူးစ်၊ ရှဝိန်းစတိန်ဂါ၊ ခီဒီရာတို့နဲ့ စုဖွဲ့ထားတဲ့ ဂျာမနီအသင်းရဲ့ ကွင်းလယ်ဟာ အကောင်းဆုံးစုဖွဲ့မှု ပုံစံကိုရရှိနေပြီး အဲဒီကစားသမားတွေဟာ ဂိုးသွင်းခြေလည်းရှိတာမို့ ဂျာမနီအသင်း ဂိုးရရှိရေးကို အကောင်းဆုံးပံ့ပိုးကူညီပေးနိုင်စွမ်းရှိတယ်။ တိုက်စစ်မှူး ကလိုဆေးကလည်း ဂိုးသွင်းခြေရရှိနေတာမို့ ပြိုင်ဘက်ရဲ့ အမှားကို ဂျာမနီအသင်း အခွင့်အရေးယူအသုံးချနိုင်စွမ်းရှိတယ်။ အာဂျင်တီးနားက ဟော်လန်နဲ့ ကစားခဲ့တဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ ဟော်လန်ကို ကျော်ဖြတ်နိုင်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတယ်။ အဓိက ကွင်းလယ်ကစားသမား ဒီမာရီယာ ပါဝင်နိုင်မှာမဟုတ်လို့ အာဂျင်တီးနားအသင်းအနေနဲ့ ဂိုးသွင်းခွင့်ဖန်တီးနိုင်ဖို့ကို ရုန်းကန်ရမယ့်အနေအထားမှာ ရှိတယ်။ အာဂျင်တီးနားဟာ ဟော်လန်နဲ့ပွဲမှာ ဟီဂွာရင်၊ လာဗက်ဇီတို့ရဲ့ ရုန်းအားနဲ့ တောင်ပံတိုက်စစ်တွေကနေ ဂိုးသွင်းခွင့်တွေဖန်တီးဖို့ ကြိုးစားခဲ့ပေမယ့် ဟော်လန်ခံစစ်ကို ထိရောက်စွာဖိအားပေးနိုင်ခြင်းမရှိဘူး။ ဒါကြောင့်အသင်းလိုက် စုစည်းမှုကောင်းမွန်သလို ဝါရင့်ခံစစ်ကစားသမားတွေရှိနေတဲ့ ဂျာမနီအသင်းကို အာဂျင်တီးနားအသင်း ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဘီဂလီယာ၊ အန်ဇိုပီရက်ဇ်၊ မာရှေယာနိုတို့ရဲ့

*စာမျက်နှာ ၂ သို့*




ဟိုဝီဒက်စ်

# မက်ဆီကို ထိန်းချုပ်ဖို့အတွက် တစ်သင်းလုံးအာရုံစိုက်ဖို့လိုတယ်လို့ ဆိုလိုက်တဲ့ ဂျာမနီခံစစ်မှူး ဟိုဝီဒက်စ်

ဂျာမနီအသင်းရဲ့ အားထားရတဲ့ နောက်တန်း ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဟိုဝီဒက်စ်ကတော့ အာဂျင်တီးနား အသင်းရဲ့ နာမည်ကျော်တိုက်စစ်မှူး မက်ဆီကို အကောင်းဆုံးထိန်းချုပ်နိုင်ဖို့အတွက် တစ်သင်းလုံးအနေနဲ့ အာရုံစိုက်သွားကြဖို့ တိုက်တွန်းပြောဆိုလိုက်ပါတယ်။

အာဂျင်တီးနားအသင်းရဲ့အဓိက တိုက်စစ်မှူးမက်ဆီဟာ အုပ်စုအဆင့်သုံးပွဲမှာ လေးဂိုးအထိသွင်းယူပေးနိုင်ခဲ့ပေမယ့် ၁၆သင်းရှုံးထွက်အဆင့်၊ ကွာတားအဆင့်နဲ့ ဆီမီးအဆင့်တို့မှာ ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပေမယ့် အာဂျင်တီးနားအသင်းရဲ့ အဓိက အားထားရတဲ့ ကစားသမားတစ်ဦး အဖြစ်တော့ ရှိနေခဲ့ပါတယ်။

အာဂျင်တီးနားအသင်းနဲ့ကစားရမယ့် နောက်ဆုံးဗိုလ်လုပွဲမှာတော့ အသင်းရဲ့ ဘယ်နောက်ခံပိုင်းမှာ ကစားမယ့် ဟိုဝီဒက်စ်က အသင်းအနေဖြင့် မက်ဆီကို ထိန်းချုပ်ဖို့အတွက် တစ်ဦးချင်းအနေဖြင့် မလွယ်ကူနိုင်ကြောင်းကိုလည်း ပြောဆိုလိုက်ပါတယ်။

အဲဒါတွေနဲ့ပတ်သက်ပြီး ဂျာမနီခံစစ်မှူး ဟိုဝီဒက်စ်က“ကျွန်တော်ကတော့အသင်းအတွက် ကျွန်တော်လုပ်ရမယ့်အပိုင်းကို အကောင်းဆုံးလုပ်ဆောင်သွားမှာပါ။ ဒါပေမယ့် တစ်သင်းလုံးက အာရုံစိုက်ဖို့တော့ လိုအပ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ သူ့လိုကစားသမားကို တစ်ယောက်ချင်းစီယှဉ်ပြီးကစားနိုင်ဖို့ဆိုတာက မလွယ်ကူပါဘူး” လို့လည်း ပြောဆိုခဲ့ပါတယ်။

ဟိုဝီဒက်စ်ဟာ ယခင်ပွဲစဉ်များက အသင်း၏ ဗဟိုနောက်တန်းခံစစ်မှူးတစ်ဦးအဖြစ် ကစားနေခဲ့ခြင်းဖြစ်ပြီး အိမ်ရှင်ဘရာဇီးအသင်းကို ၇-၁နဲ့ နိုင်ခဲ့တဲ့ပွဲမှာတော့ အသင်းရဲ့ ခံစစ်တံတိုင်းအနေဖြင့် ကစားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဒါ့အပြင် သူ့ရဲ့လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ဟိုဝီဒက်စ်က လည်း “ကျွန်တော် ကစားနေကျမရှိတဲ့နေရာမှာ ကစားနေခဲ့ရတာပါ။ ဒါပေမယ့် အသင်းကိုတော့ အကောင်းဆုံး ကူညီနိုင်တယ်လို့လည်း ထင်ပါတယ်။ အသင်းရဲ့ လက်ရှိရလဒ်နဲ့ပတ်သက်ပြီး မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်မိပါတယ်။ ဒါဟာ ကျွန်တော့်ဘဝအတွက်တော့ ကြီးမားတဲ့ အောင်မြင်မှုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ချန်ပီယံဆုကိုတော့ရယူသွားချင်ပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလား နောက်ဆုံး ဗိုလ်လုပွဲမှာတော့ တောင်အမေရိကအသင်းတစ်သင်းဖြစ်တဲ့ အာဂျင်တီးနားအသင်းနဲ့ တွေ့ဆုံရမှာ ဖြစ်ပါတယ်။

**အောင်က**

## ဂျာမနီအသင်း အောင်ပွဲခံမယ့်မှ

အာဂျင်တီးနားအသင်းကွင်းလယ်ကလည်း ဂျာမနီကွင်းလယ်ကို အသာစီးယူနိုင်ဖို့ခက်တယ်။ အာဂျင်တီးနားမှာ ကမ္ဘာ့အကောင်းဆုံး ကစားသမား မက်ဆီ ပါဝင်နေပေမယ့်အသင်းဖော်တွေရဲ့ အကောင်းဆုံးပံ့ပိုးမှုမျိုးကို မရရှိတာကြောင့် မက်ဆီခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်နေရသလို ဂိုးရရှိရေးနဲ့ ဂိုးသွင်းခွင့်ဖန်တီးနိုင်ရေးတာဝန်တွေဟာ မက်ဆီတစ်ဦးတည်းအပေါ် အမှီပြုနေရတာမို့ အာဂျင်တီးနားတိုက်စစ်ရဲ့ ထက်မြက်နိုင်မှုကို အမြင့်ဆုံး မျှော်မှန်းထားဖို့ခက်တယ်။ အာဂျင်တီးနားအသင်းဟာ ဂျာမနီအသင်းနဲ့ ရှစ်ကြိမ်ဆုံတွေ့ဖူးရာမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေကျပြီး နှစ်ပွဲသာ ရှုံးနိမ့်ခဲ့တဲ့ အသင်းဖြစ်တာမို့ ဒီနှစ်သင်းဆုံတွေ့မှုမှာ အာဂျင်တီးနား အသာစီးရနေတယ်။ ဒါပေမယ့် လက်ရှိ ဂျာမနီအသင်းဟာ အသင်းလိုက်စုစည်းမှု အကောင်းဆုံးပုံစံ ရရှိနေပြီး ဂိုးသွင်းနိုင်စွမ်းဟာ ကစားသမားတိုင်းမှာရှိနေတဲ့ အားသာချက်ကြောင့် အာဂျင်တီးနားအနေနဲ့ အခုပွဲမှာ ဂျာမနီကို ဖိအားပေးနိုင်ဖို့ခက်တယ်။ ဂျာမနီအတွက်လည်း လွယ်ကူတဲ့ပွဲတစ်ပွဲ ဖြစ်မလာနိုင်ပေမယ့် ဂျာမနီကသာ သာမန်ပွဲချိန်အတွင်း အနိုင်ရပြီး ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ရယူသွားနိုင်မှာပါ။

**ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀**

### ဂျာမနီ၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

| ဂျာမနီ - အယ်ဂျီးရီးယား | | | ပြင်သစ် - ဂျာမနီ | | | ဘရာဇီး - ဂျာမနီ | | |
|---|---|---|---|---|---|---|---|---|
| ဂျာမနီ | ရလဒ်(၂-၁) | အယ်လ်ဂျီး | ပြင်သစ် | ရလဒ်(၀-၁) | ဂျာမနီ | ဘရာဇီး | ရလဒ်(၁-၇) | ဂျာမနီ |
| ၁၀ | ထောင့်ကန်ဘော | ၄ | ၅ | ထောင့်ကန်ဘော | ၃ | ၇ | ထောင့်ကန်ဘော | ၅ |
| ၁၄ | ဂိုးပေါက်တည့်မှု | ၃ | ၇ | ဂိုးပေါက်တည့်မှု | ၃ | ၈ | ဂိုးပေါက်တည့်မှု | ၃ |
| ၉ | ဂိုးပေါက်လွဲမှု | ၇ | ၅ | ဂိုးပေါက်လွဲမှု | ၂ | ၅ | ဂိုးပေါက်လွဲမှု | ၃ |
| ၆၁ | ဘောလုံးပိုင်ဆိုင်မှု | ၃၉ | ၄၈ | ဘောလုံးပိုင်ဆိုင်မှု | ၅၂ | ၅၄ | ဘောလုံးပိုင်ဆိုင်မှု | ၄၆ |

### အာဂျင်တီးနား၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

| အာဂျင်တီးနား - ဆွစ်ဇာလန် | | | အာဂျင်တီးနား - ဘယ်လ်ဂျီယံ | | | ဟော်လန် - အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|
| အာဂျင် | ရလဒ်(၁-၀) | ဆွစ် | အာဂျင် | ရလဒ်(၁-၀) | ဘယ်လ်ဂျီယံ | ဟော်လန် | ရလဒ်(၀-၀) | အာဂျင် |
| ၁၃ | ထောင့်ကန်ဘော | ၅ | ၃ | ထောင့်ကန်ဘော | ၄ | ၄ | ထောင့်ကန်ဘော | ၄ |
| ၉ | ဂိုးပေါက်တည့်မှု | ၄ | ၁ | ဂိုးပေါက်တည့်မှု | ၂ | ၂ | ဂိုးပေါက်တည့်မှု | ၄ |
| ၁၁ | ဂိုးပေါက်လွဲမှု | ၇ | ၃ | ဂိုးပေါက်လွဲမှု | ၈ | ၄ | ဂိုးပေါက်လွဲမှု | ၃ |
| ၆၁ | ဘောလုံးပိုင်ဆိုင်မှု | ၃၉ | ၄၇ | ဘောလုံးပိုင်ဆိုင်မှု | ၅၃ | ၅၀ | ဘောလုံးပိုင်ဆိုင်မှု | ၅၀ |

ဂျာမနီအသင်းရဲ့ ဂန္ထဝင်ကစားသမားဖြစ်တဲ့ ဘက်ကင်ဘောင်ဝါက လက်ရှိဂျာမနီအသင်းဟာ ၁၉၉၀ ကမ္ဘာ့ဖလားပွဲတုန်းက ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းနဲ့တူညီမှုရှိနေတဲ့ အချက်များရှိနေတာကို တွေ့မြင်နေရတယ်လို့ ပြောဆိုခဲ့ပါတယ်။ ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလားဗိုလ်လုပွဲအထိ ရှစ်ကြိမ်တောင်တက်နိုင်ခဲ့တဲ့အသင်းဖြစ်ပြီး လက်ရှိအချိန်မှာတော့ အာဂျင်တီးနားအသင်းနဲ့ တွေ့ဆုံကစားရမှာ ဖြစ်ပါတယ်။ ဒါဟာဂျာမနီအသင်းအတွက်တော့ အာဂျင်တီးနားအသင်းနဲ့ တတိယအကြိမ် တွေ့ဆုံရတဲ့ပွဲလည်းဖြစ်ပါတယ်။

# လက်ရှိဂျာမနီအသင်းဟာ ၁၉၉၀ ခုနှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းနဲ့ တူညီမှုရှိနေတယ်လို့ ပြောလိုက်တဲ့ ဂျာမနီဂန္ထဝင်ကစားသမား ဘက်ကင်ဘောင်ဝါ



ယခင်နှစ်ကြိမ်မှာတော့ ပထမအကြိမ်မှာ ၃-၂နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ဒုတိယအကြိမ်မှာတော့ ၁-၀နဲ့ နိုင်ခဲ့ပါတယ်။ ဂျာမနီအသင်းဟာ ဘရာဇီးအသင်းနဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မတိုင်ခင်က အယ်လ်ဂျီးရီးယား၊ ပြင်သစ်အသင်းတို့ကို ခက်ခက်ခဲခဲဖြတ်ကျော်ပြီး ဒီအဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။

အသက် ၆၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘက်ကင်ဘောင်ဝါကတော့ ယခုနှစ် ဂျာမနီအသင်းဟာ ၂၄ နှစ်ကြာ ချန်ပီယံဆုနဲ့ဝေးကွာနေခဲ့တဲ့ ဂျာမနီအသင်းကို ဆုဖလားတွေရယူပေးနိုင်လိမ့်မယ်လို့ ယုံကြည်မှုရှိနေပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဂျာမနီဘောလုံးအဖွဲ့ချုပ် ဝက်ဘ်ဆိုက်မှာ ဘက်ကင်ဘောင်ဝါက “အခုအသင်းကို ကြည့်ရတာဟာ ၁၉၉၀ တုန်းကကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းကို ကြည့်နေရသလိုပါပဲ။ အဲဒီအချိန်တုန်းက ဆိုရင်လည်း ဂျာမနီအသင်းဟာ ချက်ကိုစလိုဗက်ကီးယား၊ အင်္ဂလန်တို့ကို ခက်ခက်ခဲခဲဖြတ်ကျော်ခဲ့ရတာပါ။အခု လက်ရှိ ဂျာမနီအသင်းကို ကြည့်မယ်ဆိုရင်လည်း အကောင်းဆုံးအခြေအနေတွေရှိနေတယ်ဆိုတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း အကောင်းဆုံးအောင်မြင်မှုတွေ ရရှိလိမ့်မယ်လို့ ယုံကြည်မိနေပါတယ်။ ဒါပေမယ့် ဘရာဇီးပရိသတ်တွေဟာ သူတို့ရဲ့ တောင်အမေရိကအသင်းဖြစ်တဲ့ အာဂျင်တီးနားအသင်းကို အားပေးမယ်ဆိုတာကလည်း အမှန်ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့အသင်းကတော့ ကိုယ့်အိမ်ကွင်းလိုပဲ ကစားသွားမှာ သေချာပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

ဘက်ကင်ဘောင်ဝါ ဟာ အနောက်ဂျာမနီအသင်းမှာ ၁၉၆၅ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ ကစားခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနဲ့အတူ ပွဲပေါင်း ၁၀၃ ပွဲ ပါဝင်ကစားကာ ၁၄ ဂိုး သွင်းယူပေးထားသူ ဖြစ်ပါတယ်။

**အောင်က**

# ကမ္ဘာ့ဖလားကို အရယူမယ်လို့ဆိုတဲ့ တိုနီခရူးစ်

“ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော မျှော်မှန်းချက်က ကမ္ဘာ့ဖလားကိုအရယူဖို့ပါပဲ” ဟု ဂျာမနီတိုက်စစ်မှူး တိုနီခရူးစ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ တိုနီခရူးစ်ဟာ ဘရာဇီးနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အကြိုဗိုလ်လုပွဲမှာ ဂျာမနီအသင်းအတွက် ပွဲချိန် ၂၄မိနစ်နဲ့ ၂၆ မိနစ်တွေမှာ နှစ်ဂိုးသွင်းယူခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

“ကျွန်တော်တို့အသင်းက ဗိုလ်လုပွဲအတွက် အသင့်ဖြစ်နေသလို ကမ္ဘာ့ဖလားကို ကိုင်မြှောက်အောင်ပွဲခံဖို့လည်း ယုံကြည်မှုအပြည့်ရှိနေပါတယ်။ ဒါပေမယ့် ပွဲချိန်စက္ကန့်တိုင်းအလေးထားပြီး အမှားအယွင်းမဖြစ်အောင် သတိထားကြဖို့တော့ လိုအပ်ပါလိမ့်မယ်” လို့လည်း တိုနီခရူးစ်က သူ့ကစားဖော်တွေကို သတိပေးလိုက်ပါတယ်။

တိုနီခရူးစ်ဟာ ဘရာဇီးနဲ့ ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲကစားခဲ့စဉ်က သောမတ်မူလာ၊ အိုဇေးလ်တို့နဲ့အတူ ဂျာမနီတိုက်စစ်ကို ပံ့ပိုးတာဝန်ယူခဲ့ပြီးကိုယ်တိုင်လည်း ဂိုးသွင်းခဲ့လို့ နည်းပြ ဂျိုအာချင်လောက ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ အဲဒီဗျူဟာအတိုင်း ခင်းကျင်းဖို့ စီစဉ်နေတယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လောကတော့ “ကျွန်တော်အပါအဝင် ဂျာမနီကစားသမားတွေက အာဂျင်တီးနားနဲ့ ဗိုလ်လုပွဲကစားဖို့ စိတ်အားထက်သန်နေကြပြီဖြစ်ပါတယ်။ အာဂျင်တီးနားဟာ ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ထိုက်တန်တဲ့ခြေစွမ်းပြပြီး တက်ရောက်လာတာဖြစ်လို့ ပေါ့ဆလို့မရပါဘူး။ ကျွန်တော်တို့ သေသေချာချာပြင်ဆင်ပြီး ကစားရပါလိမ့်မယ်” လို့ဆိုပါတယ်။

ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ သောမတ်မူလာ၊ တိုနီခရူးစ်၊ အိုဇေးလ်တို့ကို အဓိကထားပြီး ထုတ်သုံးဖို့ ရှိနေတာနဲ့ပတ်သက်ပြီး “ဒီကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ကိုယ်တိုင်ပါဝင်ကစားခွင့်ရပြီး ဖလားကိုင်မြှောက်အောင်ပွဲခံလိုတဲ့ ဆန္ဒတွေပြင်းပြနေပါတယ်။ ဒါပေမယ့် ပါဝင်ကစားခွင့်ရရှိဖို့ဆိုတာ နည်းပြရဲ့ ရွေးချယ်မှုအပိုင်းပါ။ ကျွန်တော့်ဆန္ဒအရဆိုရင်တော့ ဗိုလ်လုပွဲမှာ သောမတ်မူလာရော ကလိုဆေးပါ ပါဝင်ကစားစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဂျာမနီရဲ့ ဂုဏ်ကို မြှင့်တင်နိုင်အောင် စွမ်းဆောင်ဖို့ အခွင့်အရေးတွေရှိနေကြလို့ပါပဲ” လို့ တိုနီခရူးစ်က ပြောကြားသွားပါတယ်။

တိုနီခရူးစ်ကတော့ “၁၉၉၀ခုနှစ်က ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပြီး နောက်ပိုင်း၂၀၀၂ ခုနှစ်က ဒုတိယ၊ ၂၀၀၆ ခုနှစ်က တတိယနဲ့ ၂၀၁၀ ပြည့်နှစ်ကလည်း တတိယဆုပဲရရှိခဲ့တဲ့ ဂျာမနီအသင်းဟာ အခု ၂၀၁၄ ခုနှစ်ကမ္ဘာ့ဖလားပွဲမှာတော့ ချန်ပီယံဖြစ်ဖို့ အချိန်ကျရောက်ပြီ”လို့ ပြောကြားနေပါတယ်။

**ကိုဝ**


တိုနီခရူးစ်

# ယှဉ်ပြိုင်တိုင်း အရေးမနိမ့်ခဲ့ဖူးကြောင်း ဂျာမနီတိုက်စစ်ကစားသမား မူလာ ပြောဆို

ဂျာမနီအသင်း တိုက်စစ်ကစားသမား မူလာက သူသည် အာဂျင်တီးနား တိုက်စစ်ကစားသမား မက်ဆီ ပါဝင်သည့်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့တိုင်း ရှုံးနိမ့်ခဲ့ခြင်းမရှိကြောင်း ပြောဆိုလိုက်သည်။

အသက် ၂၄ နှစ်အရွယ် မူလာသည်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတွင် ပါဝင်ကစားနေသူဖြစ်ပြီး လွန်ခဲ့သည့်နှစ်နှစ်က မက်ဆီပါဝင်ကစားသည့် ဘာစီလိုနာကို ဘိုင်ယန်မြူးနစ်အသင်းက ၇-၀ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

ယခုအခါတွင်လည်း အဆိုပါကစားသမားနှစ်ဦးသည် ဂျာမနီအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကစားရမည့်ပွဲတွင် ပြိုင်ဘက် ကစားသမားများအဖြစ် ကစားသွားရမည်ဖြစ်သည်။

မူလာက “ကျွန်တော်တို့မှာရှိတဲ့ စွမ်းအားတွေကို အစွမ်းကုန်ထုတ်ကစားနိုင်ဖို့ကတော့ အရေးကြီးပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းမှာပေါ့။ မက်ဆီကို ထိန်းချုပ်ကစားနိုင်ဖို့ဆိုရင် လျင်မြန်မှုရှိဖို့တော့လိုပါမယ်။ ကျွန်တော့်အနေနဲ့ မက်ဆီနဲ့ ပွဲအနည်းငယ်ယှဉ်ပြိုင်ကစားခဲ့ဖူးပါတယ်။ ဒီပွဲတွေမှာ ကျွန်တော်မက်ဆီကို ဘယ်တော့မှ မရှုံးနိမ့်ခဲ့ပါဘူး” ဟု ပြောဆိုသွားသည်။

ဂျာမနီအသင်း တိုက်စစ်ကစားသမား သောမတ်မူလာသည် လက်ရှိအချိန်တွင် ဂျာမနီအသင်းအတွက် ငါးဂိုးအထိ သွင်းယူထားသည့်အတွက် အဆိုပါပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ပါက ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးကစားသမားဆုကို ရရှိနိုင်မည့် အခွင့်အရေးရှိနေသည်။

**ဖြိုးဒေါ်လာ**


သောမတ်မူလာ

# ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးဆု သုံးဆုအတွက် ပဏာမ ကစားသမားစာရင်းများ ထွက်ပေါ်လာ

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆု၊ ရွှေလက်အိတ်ဆုနှင့် အကောင်းဆုံးလူငယ်ကစားသမားဆုတို့အတွက် ပဏာမစာရင်းများကို ဖီဖာမှ ထုတ်ပြန် ကြေညာလိုက်သည်။

အဆိုပါ ကစားသမားများစာရင်း ထုတ်ပြန်လိုက်ရာတွင် အကောင်းဆုံးကစားသမားစာရင်းအတွက် ပဏာမကစားသမားများစာရင်းတွင် ဂျာမနီအသင်းမှ ကစားသမား လေးဦးအထိ ပါဝင်လာခဲ့ပြီး အာဂျင်တီးနားအသင်းက သုံးဦး၊ ဘရာဇီး၊ နယ်သာလန်နှင့် ကိုလံဘီယာအသင်းတို့က တစ်ဦးစီ ပါဝင်လာခဲ့သည်။

ဂျာမနီအသင်းနှင့်အတူ ခြေစွမ်းကောင်းများပြသထားခဲ့သည့် ဟမ်မဲလ်၊ ဖိလစ်လမ်း၊ သောမတ်မူလာနှင့် တိုနီခရူးစ်တို့သည် ဂျာမနီအသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ရောက်ရှိအောင် အကောင်းဆုံး ကူညီပံ့ပိုးပေးခဲ့ကြသူများဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံး လူငယ်ကစားသမားဆုအတွက် ဖီဖာမှ ထုတ်ပြန်သည့် ပဏာမစာရင်းတွင် ပြင်သစ်လူငယ်ကစားသမားများဖြစ်သည့် ဗာရာနီ၊ ပေါ့ဂ်ဘာနှင့် နယ်သာလန်လူငယ်ကွင်းလယ်ကစားသမား ဒီပေးတို့ ပါဝင်လာခဲ့သည်။

ယခုပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆု (ရွှေလက်အိတ်) ဆုအတွက် ပဏာမစာရင်းတွင် ဂျာမနီဂိုးသမား နူအာ၊ အာဂျင်တီးနားဂိုးသမား ရိုမီရိုနှင့် ကော်စတာရီကာ ဂိုးသမား နာဗက်စ်တို့ ပါဝင်လာသည်။

**ဖြိုးဒေါ်လာ**

| | |
|---|---|
| **အကောင်းဆုံး ကစားသမားဆု** | **- ဟမ်မဲလ်၊ ဖိလစ်လမ်း၊ သောမတ်မူလာ၊ တိုနီခရူးစ်၊ ဒီမာရီယာ၊ မက်ဆီ၊ မာရှေယာနို၊ နေမာ၊ ရော်ဘင်၊ ရိုဒရီဂွက်ဇ်။** |
| **အကောင်းဆုံး လူငယ်ကစားသမားဆု** | **- ဒီပေး၊ ဗာရာနီ၊ ပေါ့ဂ်ဘာ။** |
| **ရွှေလက်အိတ်ဆု** | **- နူအာ၊ ရိုမီရို၊ နာဗက်စ်။** |

# မှတ်တမ်းများက ပြောသော ကမ္ဘာ့ဖလားဗိုလ်လုပွဲ

◆ ဝေမိုးဆက် ◆

လာမယ့်ဇူလိုင်လ ၁၄ ရက်နေ့ နံနက် ၁း၃၀ မှာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကြီးကို ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲအတွင်းမှာ ဥရောပက ဂျာမနီနဲ့ တောင်အမေရိကက အာဂျင်တီးနားတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် အဆိုပါ ဗိုလ်လုပွဲနဲ့ ပတ်သက်တဲ့အချက်အလက်အချို့နဲ့ မှတ်တမ်းမှတ်ရာ အချို့ကို ပရိသတ်လေ့လာနိုင်ပြီး အထောက်အကူပြုနိုင်ဖို့ သုံးသပ်စုစည်း တင်ဆက်ပေးလိုက်ရပါတယ်။

### ဗိုလ်လုပွဲမှာ အရှုံးအများဆုံးအသင်း

တကယ်တော့ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ စုစုပေါင်း ၁၉ ကြိမ်ကျင်းပပြီးခဲ့ပြီဆိုပေမယ့် အဆိုပါ ၁၉ ကြိမ်ထဲမှာ ချန်ပီယံဖြစ်ဖူးတဲ့ အသင်းအရေအတွက်ဟာ အနည်းငယ်သာရှိပါတယ်။ ဘရာဇီး၊ ဂျာမနီ၊ စပိန်၊ အင်္ဂလန်၊ ဥရုဂွေး၊ အီတလီ၊ ပြင်သစ်၊ အာဂျင်တီးနားတို့သာ ချန်ပီယံဖြစ်ခဲ့ဖူးပြီး အဲဒီအထဲမှာတော့ ဂျာမနီဟာ ဗိုလ်လုပွဲတွေမှာ အရှုံးအများဆုံးအသင်းအဖြစ် မှတ်တမ်းဝင်နေပါတယ်။ ဂျာမနီဟာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်းမှာ နောက်ဆုံးဗိုလ်လုပွဲကို ၁၉၅၄၊ ၁၉၆၆၊ ၁၉၇၄၊ ၁၉၈၂၊ ၁၉၈၆၊ ၁၉၉၀၊ ၂၀၀၂တို့မှာ ခုနစ်ကြိမ်တိတိ တက်ရောက်နိုင်ခဲ့ပေမယ့် အဲဒီခုနစ်ကြိမ်မှာ လေးကြိမ်သာ ဗိုလ်စွဲနိုင်ခဲ့တာကို တွေ့ရပါတယ်။ အဆိုပါ အကြိမ်ကတော့ ၁၉၅၄၊ ၁၉၇၄နဲ့ ၁၉၉၀ ပြိုင်ပွဲတွေမှာဖြစ်ပြီး အဲဒီပြိုင်ပွဲတွေမှာ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပေမယ့် ကျန်လေးကြိမ်မှာတော့ အရှုံးနဲ့သာ ကျေနပ်ခဲ့ရတာကို တွေ့ရပါတယ်။ ဂျာမနီအနေနဲ့ ၁၉၆၆ ပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ ရောက်ခဲ့ပေမယ့် အင်္ဂလန်ကို ရှုံးနိမ့်ခဲ့ရသလို ၁၉၈၂ ပြိုင်ပွဲမှာဆိုရင်လည်း ဗိုလ်လုပွဲအထိ ရောက်ရှိခဲ့ပေမယ့် အီတလီကို ရှုံးနိမ့်ခဲ့ရဖူးပါတယ်။ ဒ့ါအပြင်ဂျာမနီက ၁၉၈၆မှာဗိုလ်လုပွဲအထိ ရောက်ရှိခဲ့ပေမယ့်လည်း အာဂျင်တီးနားကို ရှုံးနိမ့်ခဲ့ရတယ်။ ၂၀၀၂ခုနှစ်မှာလည်း ဗိုလ်လုပွဲအထိ ရောက်ရှိခဲ့ပေမယ့် ဘရာဇီးကိုရှုံးပြီး ဒုတိယနဲ့သာ ကျေနပ်ခဲ့ရဖူးပါတယ်။ ဒါကြောင့် ဗိုလ်လုပွဲအဆင့်မှာ လေးကြိမ်ရှုံးနိမ့်ဖူးတဲ့ ဂျာမနီဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ဗိုလ်လုပွဲတွေမှာ ရှုံးပွဲအများဆုံးတွေ့ကြုံဖူးတဲ့ အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်နေပါတယ်။

### တောင်အမေရိကမြေပေါ်မှာ ဥရောပအတွက် နေရာမရှိ

အထူးသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဆိုတာဟာ တိုက်ပေါင်းစုံအားပြိုင်တဲ့ပြိုင်ပွဲတစ်ပွဲဖြစ်ပေမယ့် တကယ်တော့ ဥရောပနဲ့ တောင်အမေရိကဒေသနှစ်ခုသာ အားပြိုင်တဲ့ပွဲလို့ဆိုရင်လည်း မမှားပါဘူး။ အရှင်းဆုံးပြောရရင် ကမ္ဘာ့ဖလားပြိုင်ပွဲကို စုစုပေါင်း ၁၉ ကြိမ် ကျင်းပပြီးခဲ့ရာမှာ ဥရောပအသင်းတွေက ၁၀ ကြိမ် ဗိုလ်စွဲထားနိုင်ပြီး တောင်အမေရိကအသင်းတွေက ကိုးကြိမ် ဗိုလ်စွဲထားကာ အခြားတိုက်က အသင်းတစ်သင်းမှ ဗိုလ်စွဲဖူးခြင်းမရှိသေးပါဘူး။ ဒါပေမယ့် အဲဒီဥရောပနဲ့ တောင်အမေရိကဒေသနှစ်ခုရဲ့ အားပြိုင်မှုတွေအထဲမှာတော့ တောင်အမေရိက အသင်းတွေကသာ တောင်အမေရိကမှာကျင်းပတဲ့ ပြိုင်ပွဲဆိုရင် ဗိုလ်စွဲနိုင်လေ့ရှိကာ တောင်အမေရိကမှာ ဥရောပက တစ်သင်းမှ ဗိုလ်စွဲခဲ့ဖူးခြင်းမရှိပါဘူး။ ၁၉၃၀ ကမ္ဘာ့ဖလားကို ဥရုဂွေးမှာကျင်းပခဲ့ရာမှာ ဥရုဂွေးက တောင်အမေရိကအသင်းဖြစ်တဲ့ အာဂျင်တီးနားကို အနိုင်ရဗိုလ်စွဲခဲ့သလို ၁၉၅၀ ပြိုင်ပွဲကို ဘရာဇီးမှာ ကျင်းပရာမှာလည်း ဥရုဂွေးကသာ ဗိုလ်စွဲခဲ့ပြီး ဘရာဇီးက ဒုတိယရခဲ့ပါတယ်။


အဂူရို


ကလိုဆေး

၁၉၆၂ ပြိုင်ပွဲကိုလည်း ချီလီမှာ ကျင်းပခဲ့တော့ တောင်အမေရိက အသင်းဖြစ်တဲ့ ဘရာဇီးက ဥရောပအသင်းဖြစ်တဲ့ ချက်ကိုအနိုင်ရဗိုလ်စွဲခဲ့ပြီး ၁၉၇၈ ပြိုင်ပွဲကို အာဂျင်တီးနားမှာ ကျင်းပခဲ့တော့လည်း တောင်အမေရိကအသင်း အာဂျင်တီးနားက ဥရောပအသင်းဖြစ်တဲ့ ဟော်လန်ကို အနိုင်ရ ဗိုလ်စွဲခဲ့ဖူးပါတယ်။ အထူးသဖြင့် တောင်အမေရိကမှာ ကျင်းပတဲ့အခါ ဥရောပအသင်းတွေဖြစ်တဲ့ ချက်နဲ့ ဟော်လန်တို့ဟာ ဗိုလ်လုပွဲအထိ တက်နိုင်ခဲ့ပေမယ့် အရှုံးနဲ့ ချည်း ရင်ဆိုင်ခဲ့ရတာကိုတော့ မေ့ပစ်လို့မရနိုင်တာ တွေ့ရပါတယ်။

### အစဉ်အလာအရ အားသာနေတဲ့ အာဂျင်တီးနား

တကယ်တော့ အာဂျင်တီးနားနဲ့ ဆုံတွေ့ခဲ့မှုတွေမှာတော့ အသာရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ အထူးသဖြင့် အာဂျင်တီးနားနဲ့ ဂျာမနီတို့ဟာ ၁၉၈၆ ခုနှစ် ပြိုင်ပွဲရဲ့ဗိုလ်လုပွဲအဆင့်မှာ ဆုံတွေ့ခဲ့ဖူးပြီး အဲဒီတုန်းက အာဂျင်တီးနားကသာ အနိုင်ရဗိုလ်စွဲခဲ့သလို ဒီနှစ်သင်းဟာ စုစုပေါင်း ရှစ်ကြိမ်ဆုံခဲ့ရာမှာ ဂျာမနီက တစ်ကြိမ်သာ အနိုင်ရခဲ့ဖူးပါတယ်။ အဲဒီတစ်ကြိမ်ကတော့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းကဖြစ်ပြီး ဂျာမနီက အာဂျင်တီးနားကို လေးဂိုးပြတ်နဲ့နိုင်ခဲ့ပါတယ်။

### မူလာကိုအသာရထားတဲ့ မက်ဆီ

ဒ့ါအပြင် ဂျာမနီရဲ့ အဓိကကစားသမား မူလာနဲ့ အာဂျင်တီးနားရဲ့ အဓိကကစားသမား မက်ဆီတို့ကို ဒီပြိုင်ပွဲအတွင်း စွမ်းဆောင်နိုင်မှုအရ နှိုင်းယှဉ်မှုမှာလည်း မက်ဆီက အချက်အများစုမှာ အသာရထားတာကို တွေ့ရပါတယ်။ ဒီနှစ် ခြောက်ပွဲစီကစားခဲ့ကြရာမှာ မူလာက မက်ဆီထက် တစ်ဂိုးပိုသွင်းထားနိုင်ပေမယ့်လည်း စုစုပေါင်း ကန်သွင်းချက်မှာ မက်ဆီက ၁၈ ကြိမ်ရှိပြီး မူလာကတော့ ၁၆ကြိမ်သာရှိပါတယ်။ တိကျတဲ့ ဘောလုံးပေးပို့မှုမှာလည်း မက်ဆီက ၂၁၄ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး မူလာကတော့ ၁၇၀ ကြိမ်သာ လုပ်ဆောင်ထားနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ပြိုင်ဘက်ခံစစ်ကို ထိုးဖောက်မွှေနှောက်အား၊ အခွင့်အရေးရရှိအောင် ဖန်တီးပေးနိုင်မှုတွေမှာပါ မူလာဟာ မက်ဆီကို မမီဘူး။

### အသင်းလိုက်အားမှာ အသာရထားသည့် ဂျာမနီ

ဒါပေမယ့် အသင်းလိုက်အားမှာတော့ အာဂျင်တီးနားဟာ ဂျာမနီကို မမီပါဘူး။ ဂျာမနီက ၁၇ ဂိုးသွင်းပြီး အာဂျင်တီးနားက ခုနစ်ဂိုးသာသွင်းနိုင်ပါတယ်။ ဒ့ါအပြင် ဂိုးကန်သွင်းမှုတိကျခြင်းမှာလည်း ဂျာမနီက ၇၀ ရာခိုင်နှုန်းအထိရှိကာ အာဂျင်တီးနားက ၆၀ ရာခိုင်နှုန်းသာရှိပါတယ်။ ဒ့ါအပြင် တိကျတဲ့ ဘောလုံးပေးပို့မှုအကြိမ်အရေအတွက်မှာလည်း ဂျာမနီက ၃၄၂၁ ကြိမ်အထိရှိပြီး ရာခိုင်နှုန်းအရ ပေးပို့မှုရဲ့ ၈၀ ရာခိုင်နှုန်းအထိ တိကျမှုရှိခဲ့ကာ အာဂျင်တီးနားကတော့ တိကျတဲ့ ပေးပို့မှုအဖြစ် ၂၉၂၈ ကြိမ်သာလုပ်နိုင်ခဲ့ကာ ရာခိုင်နှုန်းအရပေးပို့မှုရဲ့ ၇၉ ရာခိုင်နှုန်းသာ တိကျမှုရှိခဲ့တယ်ဆိုတာတွေကို အစဉ်အလာအရရော လက်ရှိစွမ်းဆောင်ရည်ကိုပါ ပရိသတ်နှိုင်းယှဉ်သုံးသပ်အဖြေထုတ်နိုင်ဖို့ စုစည်းတင်ဆက်ပေးလိုက်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ ဆိုတာဟာ တိုက်ပေါင်းစုံ အားပြိုင်တဲ့ ပြိုင်ပွဲတစ်ပွဲ ဖြစ်ပေမယ့် တကယ်တော့ ဥရောပနဲ့ တောင်အမေရိက ဒေသနှစ်ခုသာ အားပြိုင်တဲ့ ပွဲလို့ဆိုရင်လည်း မမှားပါဘူး။**